# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957

e – paper ဖတ်ရှုရန်


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြားများစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့။ Monday, 10 August 2026 ၁၂၆၆


# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၊ မအူပင်မြို့နှင့် ပုသိမ်မြို့တို့ရှိ တက္ကသိုလ်များနှင့် ခရိုင်အားကစားကွင်း အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းက ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များလိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နှင့် မအူပင်မြို့တို့ရှိ တက္ကသိုလ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဟင်္သာတခရိုင် အေးမြသာယာ ပြည်သူ့အားကစားကွင်း**

ဦးစွာ နိုင်ငံတော်သမ္မတသည် ဟင်္သာတမြို့ရှိ ဟင်္သာတခရိုင် အေးမြသာယာ ပြည်သူ့အားကစားကွင်းသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဟင်္သာတခရိုင်အတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အားကစားသမားများ အဆင့်မီမီကစားနိုင်ရေး၊ ပွဲကြည့်ပရိသတ်များ အဆင့်မီမီကြည့်ရှုနိုင်ရေးအတွက် ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး စနစ်တကျတွက်ချက်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖








နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) ရှင်းလင်းဆောင်ခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ရှင်းလင်းတင်ပြစဉ်။

## ကျိုင်းတုံမြို့၌ အထူးကုဆေးကုသရေးအဖွဲ့ ကွင်းဆင်းဆေးကုသ

နေပြည်တော် ဩဂုတ် ၉

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် ရန်ကုန်/မန္တလေး/နေပြည်တော်မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများသည် ခရိုင်/မြို့နယ်များသို့ အထူးကုဆေးကုသရေးခရီးစဉ်များ ဆောင်ရွက်လျက်ရှိရာ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် (ခုတင် – ၅၅၀)ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)တို့မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီး ၁၁ ဦး ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ဩဂုတ် ၈ ရက်နှင့် ၉ ရက်တို့တွင် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီး၌ အဆိုပါဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။


စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍




## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ပေါ်ဆန်းမွှေးနှင့် ဘာစမာတီစပါးများ စမ်းသပ်စိုက်ပျိုး

လွိုင်လင် ဩဂုတ် ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ဝမ်တုံကျေးရွာအုပ်စုရှိ မိုင်းတွမ်းတောင်ပေါ်နှင့် မြေပြန့်ဒေသတို့၌ ပေါ်ဆန်းမွှေးစပါး ဧက ၆၀ စမ်းသပ်စိုက်ပျိုးထားပြီး ဓာတ်မြေဩဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ထိုသို့ ကွင်းသရုပ်ပြသနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး တက်ရောက်ကြည့်ရှုအားပေးပြီး တောင်သူများထံ သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ထောက်ပံ့ပေးအပ်သည်။


စာမျက်နှာ ၄ ကော်လံ ၅ သို့ ❂




**ယနေ့ ဖတ်စရာ**


**လွှမ်းခြုံအောင်မြင် ခရီးစဉ်မှသည် ယုံကြည်လျှောက်လှမ်း အနာဂတ်လမ်းသို့**
ဆောင်းပါး စာမျက်နှာ » ၈

**လူငယ်ရေးရာဝန်ကြီးဌာန၏ စွမ်းဆောင်မှုများ**
ဆောင်းပါး
စာမျက်နှာ » ၁၄

**တနင်္သာရီတိုင်းဒေသကြီး အားကစားဖွံ့ဖြိုးတိုးတက်ရေး မြိတ်မြို့နယ် ရေပုန်းဘောလုံးကွင်း၌ ဘောလုံးသင်တန်းဖွင့်လှစ်**
စာမျက်နှာ » ၁၁


## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဩဂုတ် ၉

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ မိုး/ဇလ

# သဘာဝဘေးအန္တရာယ်ကျော်လွှား နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် ထိခိုက်ခံစားလွယ်သည့်နိုင်ငံဖြစ်သည်။ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြုံတွေ့နိုင်ပြီး အထူးသဖြင့် ရေကြီးရေလျှံသဘာဝဘေးအန္တရာယ်ကို နှစ်စဉ်နှစ်တိုင်းကြုံတွေ့လေ့ရှိသည်။ ယခုနှစ် မိုးရာသီတွင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းခဲ့ရာ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်ကာ ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

ငဝန်မြစ်ရေကာတာတမံနိမ့်ကျမှုနှင့် ရေကျော်စီးဝင်ရေကြီးရေလျှံဖြစ်စဉ်ကြောင့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ခဲ့သည့်ဒေသများ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၈ ရက်က ပုသိမ်မြို့တော်ခန်းမ၌ပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ အလှူငွေလက်ခံပြီး "မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး၏ အဓိကရည်မှန်းချက်ဖြစ်သည့် ဘေးဒဏ်များမှ ကြံ့ကြံ့ခံနိုင်ရမည်ဟူသည့် အနေအထားထိရောက်အောင် မိမိတို့အားလုံး အတူတကွဝိုင်းဝန်းဆောင်ရွက်ကြရန် ထပ်လောင်းမှာကြားလိုကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝှမ်း ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှု စသည့်အမျိုးမျိုးသောအကြောင်းများကြောင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာသည့်အခါတွင် ထိခိုက်ပျက်စီးမှုများ လျော့နည်းသည်ထက်လျော့နည်းစေရန်အတွက် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး၏ ရည်မှန်းချက်ဖြစ်သည့် သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ရမည်ဆိုသည့် အနေအထားရောက်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးဒဏ်ခံစားရသည့်ဒေသများကို အလျင်အမြန် ကွင်းဆင်းကြည့်ရှုပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသည်။ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ရေကြီးရေလျှံမှု စတင်ဖြစ်ပွားချိန်ကတည်းက ရေဘေးသင့်သူများအား ရှာဖွေကယ်ဆယ်ရေး၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရေး၊ စားရေရိက္ခာများ ထောက်ပံ့ပေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးနှင့် မြစ်ရေတိုက်စားပြိုကျမှုအန္တရာယ်မှ ကာကွယ်ပေးရေးစသည်တို့ကို အရှိန်အဟုန်မြှင့် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အခါတွင် လက်ရှိကြုံတွေ့နေရသည့် ရေဘေးအန္တရာယ်အပြင် နောင်ဖြစ်ပေါ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်များကိုပါ ကြိုတင်ထည့်သွင်းတွက်ဆပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အနာဂတ်အတွက် ပိုမိုတည်တံ့ခိုင်မြဲအောင်၊ ဒေသတွင်းစီးပွားရေး ထိခိုက်မှုမရှိအောင် စီမံဆောင်ရွက်ကြရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ လူတို့၏ ကြိုတင်ပြင်ဆင်မှုများဖြင့် ထိခိုက်သေကျေ ပျက်စီးဆုံးရှုံးမှုများလျော့ပါးအောင် ဆောင်ရွက်နိုင်သည်။ ယခင်အချိန်ကာလများက ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများနှင့် အင်အားအလွန်ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ကဲ့သို့ သဘာဝဘေးအန္တရာယ်များကြောင့် သေကျေပျက်စီးမှုကြီးမားစွာဖြစ်ပေါ်ခဲ့သည်။ သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျစောင့်ကြည့်လေ့လာ သုံးသပ်ဆန်းစစ်ဆောင်ရွက်သွားရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့်စပ်လျဉ်း၍ အတွေ့အကြုံများစွာရရှိခဲ့ပြီးဖြစ်သည်။ သဘာဝဘေးအန္တရာယ် မဖြစ်မီ၊ ဖြစ်ပေါ်နေစဉ်၊ ဖြစ်ပြီးကာလများနှင့်ပတ်သက်၍ စနစ်တကျကြိုတင်စီမံခန့်ခွဲမှု၊ အလျင်အမြန်လှုပ်ရှားဆောင်ရွက်မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်မှုနှင့် မူလအခြေအနေထက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်သည် မလွန်ဆန်နိုင်သော သဘာဝတရားကြီးဖြစ်သော်လည်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် လျှော့ချနိုင်သဖြင့် မဖြစ်မီက ကြိုတင်ပြင်ဆင်စောင့်ကြည့်သုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ ထိခိုက်မှုမဖြစ်စေရန်အတွက် ကြိုတင်ပြင်ဆင် စီမံခန့်ခွဲမှုလုပ်ငန်းများကို အားလုံးဝိုင်းဝန်း၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

---

**ကျန်းမာရေးဝန်ကြီးဌာန**

**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**

**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ**

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

---

## အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၉

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့၊ မြန်မာစံတော်ချိန် ၁၀ နာရီ၊ ၃၀ မိနစ်၊ ၅၉ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် (၁၀) မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပြည်ကြီးတံခွန်မြို့နယ်၏ အရှေ့တောင်ဘက် (၃) မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၈၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၄ ဒီဂရီ၊ အနက် (၁၂) ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၅(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

---

## ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်နှင့် ဒုဋ္ဌဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ -**

ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်ပေကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ ဘားအံမြို့နယ်၊ မဒေါက်မြို့နှင့် မြစ်ငယ်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်ထားသည်။

မိုး/ဇလ

---

## ၉ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

---

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - | အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - | ဇင်မာဝင့် |
| | | | **စာပြင်** | - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

တင်ပြဆောင်ရွက်သွားရန်နှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ဟသ်ာတတက္ကသိုလ်**

ယင်းနောက် ဟသ်ာတတက္ကသိုလ်သို့ ရောက်ရှိကြပြီး တက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်ပင်မစာသင်ဆောင်သို့ ရောက်ရှိရာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တက္ကသိုလ်၏ ဥပမိရုပ်ကောင်းမွန်စေရေးနှင့် ကျောင်းပရိဝုဏ်သန့်ရှင်းသာယာလှပမှုရှိစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းဝင်းအတွင်းရှိ သစ်ပင်ကြီးများအား အောက်ခြေရှင်း အလင်းဖွင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)**

ထို့နောက် နိုင်ငံတော်သမ္မတသည် မအူပင်မြို့သို့ ရောက်ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)သို့ ရောက်ရှိရာ တာဝန်ရှိသူများက လှိုက်လှဲစွာကြိုဆိုကြသည်။

ဆက်လက်၍ တက္ကသိုလ်ရှင်းလင်းဆောင် ခန်းမတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်ဒေါက်တာနေမျိုးအောင်တို့က တက္ကသိုလ်ဆိုင်ရာ သမိုင်းအကျဉ်း၊ ပညာသင်နှစ်အလိုက် ကျောင်းသားလက်ခံနိုင်မည့် အင်အားလျာထားချက်၊ လက်ရှိတွင် စိုက်ပျိုးရေးသိပ္ပံဘွဲ့၊ မွေးမြူရေးသိပ္ပံဘွဲ့တို့ကို ချီးမြှင့်သွားမည်ဖြစ်ပြီး နောင်တွင် ဘွဲ့လွန်ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့များအထိ သင်ကြားချီးမြှင့်ပေးသွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံတော်အကြီးအကဲ တက္ကသိုလ်သို့ ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာ ဆောင်ရွက်ပြီးစီးမှု၊ သင်ကြားရေးဆိုင်ရာနှင့်ပတ်သက်၍ တက္ကသိုလ်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်ဆိုင်ရာများ၊ တက္ကသိုလ်၏ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်အပ်ထားရှိမှု၊ ပညာသင်နှစ်အလိုက် ကျောင်းတက်ရောက်မှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ ကျောင်းသားများ တက်ရောက်မှု၊ သုတေသန နယ်ပယ်အလိုက် ဆောင်ရွက်သွားမည့် အစီအမံများ၊ တက္ကသိုလ်၏ အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များ၊ စိုက်ပျိုးရေးဘာသာရပ် လက်တွေ့စိုက်ကွင်းများနှင့် သုတေသနဆောင်ရွက်မှုများ၊ မွေးမြူရေးဘာသာရပ် သရုပ်ပြမွေးမြူရေးခြံများနှင့် လက်တွေ့ကွင်းဆင်းလေ့လာခြင်း ဆောင်ရွက်မှုများ၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှ စတင်၍တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်သွားမည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြကာ မအူပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ခိုင်က မအူပင်မြို့သို့ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်မှာကြား**

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက စိုက်ပျိုးရေး၊ မွေးမြူရေး ဆိုင်ရာများနှင့် ပတ်သက်၍ မဟာဘွဲ့သင်တန်းများ သင်ကြားပေးနိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ပြီးမှသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်သဖြင့် အရည်အချင်းနှင့် ထူးချွန်ထက်မြက်သည့် သင်တန်းဆင်း ပညာရှင်များ ထွက်ပေါ်လာစေရေး၊ နိုင်ငံတော်အတွက် အကျိုးပြုမည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာရှင်များ ထွက်ပေါ်လာစေရေး စနစ်တကျ သင်ကြားလေ့ကျင့်ပေးသွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အရေအတွက်များများ သင်ကြားပေးခြင်းထက် အရည်အသွေး ပြည့်ဝသည့် သင်တန်းဆင်းများ ပေါ်ထွက်ရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တက္ကသိုလ်အတွင်း အခြေခံအဆောက်အအုံ လိုအပ်ချက်များနှင့်ပတ်သက်၍ နှစ်အလိုက် စနစ်တကျ လျာထား၍ တည်ဆောက်ရေး လုပ်ငန်းများကို နှစ်စဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြား လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို အောက်မြန်မာပြည်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အောက်မြန်မာပြည်တွင် အဓိကစိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံများနှင့် ပတ်သက်၍ အထူးကျွမ်းကျင်သည့် စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသော နည်းလမ်း ၄ သွယ်ဖြင့် စနစ်တကျ ဆောင်ရွက်သွားကြရန်လိုပြီး မျိုးကောင်းမျိုးသန့်များရရှိနိုင်ရေး ဆောင်ရွက်ပေးရမည်၊ မြေကိုစနစ်တကျ ပြုပြင်ပေးရမည်၊ စိုက်ပျိုးရေနှင့် အောင်ရေများရရှိစေရေး ရှိပြီးဖြစ်သည့် ရေအရင်းအမြစ်များကို မည်ကဲ့သို့ အကျိုးရှိအောင် ရယူအသုံးချရမည်၊ စိုက်နည်းစနစ်များမှန်ကန်ရမည်ဖြစ်ကြောင်း၊ အဆိုပါနည်းလမ်းများနှင့် ပတ်သက်၍ ကျွမ်းကျင် ပိုင်နိုင်မှုရှိစေရေး စနစ်တကျဖြင့် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ ရေကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ရေပေးဝေခြင်း စနစ်များကို ကျောင်းသား ကျောင်းသူများအား စနစ်တကျသင်ကြားပေးရန်လိုပြီး တက္ကသိုလ်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အမှန်တကယ် လိုအပ်ပြီး လက်တွေ့ကျသည့် စိုက်ပျိုးရေး ပညာရပ်များကို သင်ကြားပေးရန်လိုကြောင်း။

မွေးမြူရေးနှင့် ပတ်သက်၍ ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး ဟူ၍ရှိပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြက်၊ ဘဲ၊ ဝက်၊ နွားနှင့် ငါးတို့ကိုအဓိကမွေးမြူကြသည်ကို တွေ့မြင်ရကြောင်း၊ မိမိတို့ဒေသအတွင်းရှိ ရေခံမြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုရှိအောင် အကျိုးပြုနိုင်သည့် မွေးမြူရေးပညာရှင်များကို မွေးထုတ်ပေးသွားရန်လိုကြောင်း၊ ငါးမွေးမြူရာတွင် ရေငန်နှင့် ရေချိုဟူ၍ နှစ်မျိုးရှိပြီး အခြားတိုင်းဒေသကြီးများတွင် ရေငန်နှင့် ရေချိုငါးများကို မည်ကဲ့သို့ မွေးမြူမည်ကို သင်ကြားပေးရန်လိုကြောင်း၊ ဒေသန္တရကြက် အပါအဝင် အသားစားကြက်နှင့် ဥစားကြက်များ နည်းစနစ်တကျမွေးမြူသည့် ပညာရပ်များကို သင်ကြားပေးရန် လိုသကဲ့သို့ ဘဲမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း သင်ကြားပေးရန်လိုကြောင်း၊ စာတွေ့နှင့် လက်တွေ့များကို အဓိက သင်ကြားပေးရန် လိုကြောင်း၊ နောင်အခြေအနေပေးပါက ရွှေဘိုမြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကို ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေးသိပ္ပံများကိုလည်း ကောလိပ်အဆင့်သို့ ဖွင့်လှစ် သင်ကြားပေးသွားမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကို အဓိက ဆောင်ရွက်နေခြင်း ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကောလိပ်အဆင့်သို့ ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးဘာသာရပ် သင်ကြားသည့် ကျောင်းသားကျောင်းသူများ များပြားလာစေရေးအတွက်လည်း စည်းရုံးဆောင်ရွက်သွားကြစေလိုကြောင်း။

တက္ကသိုလ်အတွက် မဖြစ်မနေ လိုအပ်သည့် ကျောင်းသားကျောင်းသူများနှင့် သင်ကြားရေးဆရာ ဆရာမများအတွက် အဆောက်အအုံများကို စနစ်တကျ တည်ဆောက်သွားကြရန် လိုကြောင်း၊ ကျောင်းအတွက် လိုအပ်သည့် စာသင်ဆောင်များ၊ စာကြည့်တိုက်များနှင့် ဓာတ်ခွဲခန်းများကို မဖြစ်မနေတည်ဆောက်သွားရန်လိုကြောင်း၊ တက္ကသိုလ်၏ အင်္ဂါအသက်ဖြင့် တက္ကသိုလ်ပညာကို သင်ကြားနိုင်ရေး ဆောင်ရွက်ပေးကြရန် လိုပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး မြောက်၍ တက္ကသိုလ်ပညာလာရောက် သင်ကြားကြသူများသည် လူလားမြောက်သည့်အရွယ်များ၊ အသက်အရွယ်တူညီကြသူများဖြစ်ကြကြောင်း၊ ထို့ကြောင့် ၎င်းတို့အတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုကြောင်း၊ စာသင်ဆောင်များ စနစ်တကျရှိရန်၊ အိပ်ဆောင်များ စနစ်တကျရှိရန်နှင့် စားသောက်ရန်နေရာများ စနစ်တကျရှိရန် တာဝန်ရှိသူများမှ စေတနာထားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာ သင်ကြားပြီးဆုံးချိန်တွင် လူမှုအသိုင်းအဝိုင်းအတွင်းသို့ ဝင်ရောက်ပြီး လုပ်ငန်းခွင်သို့ ဝင်ရောက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များမှ ဘွဲ့ရရှိသူများကို တင်စားပြောရမည်ဆိုပါက မန်နေဂျာများ မွေးထုတ်ပေးခြင်းပင် ဖြစ်ကြောင်း၊ တက္ကသိုလ်မှ ဘွဲ့ရရှိကြသူများကို ဦးစီးအရာရှိနှင့် ဦးစီးမှူးရာထူးများကို တာဝန်ပေးအပ်ကြခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများတွင် မန်နေဂျာများသည် လုပ်ငန်းများ၏ အဓိကနေရာများတွင် ခေါင်းဆောင် ငယ်များအဖြစ် စတင်တာဝန်ယူ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ »»




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟသ်ာတခရိုင် အေးမြသာယာပြည်သူ့အားကစားကွင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟသ်ာတတက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၃ မှ

ထို့ကြောင့် တက္ကသိုလ်ပညာသင်ကြားချိန်တွင် အခြေခံကောင်းများရရှိစေရေး သင်ကြားဆောင်ရွက်ပေးကြရန် လိုကြောင်း၊ သင်ကြားပြသပေးလျက်ရှိသည့် ဆရာ ဆရာမများသည်လည်း ကောင်းမွန်သည့် အသိုင်းအဝိုင်းတွင် ကျင်လည်ခဲ့ရသူများဖြစ်ပါက ကျောင်းသား ကျောင်းသူများ အနေဖြင့်လည်း ကောင်းမွန်သည့် အသိုင်းအဝိုင်းကို ဖန်တီးနိုင်ကြမည်ဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်ပြီး တော်သည့်၊ ကောင်းသည့် လူငယ်များဖြစ်အောင် သင်ကြားပြသပေးကြရန် လိုကြောင်း၊ တက္ကသိုလ်မှ ကောင်းမွန်အောင် ဆောင်ရွက်ပေးမည် ဆိုပါက ထူးချွန်ထက်မြက်သည့် လူငယ်များ ဖြစ်လာမည်ဖြစ်ကြောင်း၊ မည်သည့်ဘာသာရပ်ကို သင်ကြားကြသည်ဖြစ်စေ ဘာသာရပ်အလိုက် တော်သည့်လူငယ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ လူတိုင်း အဆင့်(၁) မဖြစ်နိုင်သော်လည်း တော်သည့် တတ်သည့် လူငယ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တက္ကသိုလ်တွင် ကျောင်းသားနှင့် ဆရာအချိုးမှာ ကိုက်ညီမှုရှိသဖြင့် ထူးချွန်ထက်မြက်သည့် လူငယ်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားကြစေလိုကြောင်း၊ လက်တွေ့စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နှစ်ရှည်ပင်အတွက် ရေဘာနှင့် သရက်ကို အဓိကထားဆောင်ရွက်ကြစေလိုကြောင်း၊ ယခုတက္ကသိုလ်မှ မဟာတန်းဖွင့်လှစ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားကြရန်လိုကြောင်း။

မအူပင်ခရိုင်နှင့် ပတ်သက်၍ မအူပင်ခရိုင်အတွက် လိုအပ်သည့် စိုက်ပျိုးရေး ပညာရှင်များကို မွေးထုတ်ပေးရန် လိုကြောင်း၊ ခရိုင်အတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် စပါး၊ ပဲ၊ ပဲပုပ်နှင့် နေကြာ စိုက်ပျိုးခြင်းများကို အထွက်နှုန်း ပိုမိုကောင်းမွန်ပြီး အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခု တက္ကသိုလ်နှင့် ပူးပေါင်း၍ စိုက်ပျိုးမြေများ စနစ်တကျရှိစေရေး အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စနစ်တကျ ဖော်ထုတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ရေကြီးကွင်းနှင့် ရေနက်ကွင်းများကို စနစ်တကျ ကွင်းဆင်း သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ယင်းနေရာများတွင် ငါးကန်များနှင့် လယ်ယာမြေများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ငါး၊ ပုစွန် မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

ဒေသအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို အထောက်အကူ ဖြစ်စေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဘာသာရပ်များကို မအူပင် စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများအား အသိပညာပေးအဖြစ် သင်ကြားပေးသွားရန် လိုကြောင်း၊ သစ်ပင်များ ခုတ်ထွင်ခြင်းကြောင့် လေမုန်တိုင်း တိုက်ခတ်မှုဒဏ်ကို ပိုမိုခံရနိုင်ကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း သစ်ပင်သစ်တောများ စိုက်ပျိုးသွားကြရန် လိုကြောင်း၊ လေကာပင်များဖြစ်သည့် အုန်းပင်များ၊ လမုပင်များနှင့် မန်ကျည်းပင်များ အပါအဝင် အခြားသစ်ပင်များကို စိုက်ပျိုးဆောင်ရွက်သွားကြရန် လိုကြောင်း၊ သစ်ပင်များရှိမှသာ လေမုန်တိုင်းဒဏ်များကို ခံနိုင်မည်ဖြစ်ကြောင်း၊ လူ၏ကြိုတင်ပြင်ဆင်မှုဖြင့် သဘာဝဘေးဒဏ်ကို ထိုက်သင့်သလောက် ကာကွယ်နိုင်ကြောင်း၊ ထို့ကြောင့် လေကာသစ်ပင်များကို အတန်းလိုက် မဖြစ်မနေစိုက်ပျိုးသွားကြရန်လိုကြောင်း၊ ရေကြီးရေလျှံမှုများ မဖြစ်စေရေးအတွက် ရေစီးဆင်းမှုများ ကောင်းမွန်စေရေး မြစ်ချောင်းများအတွင်း ဖြစ်ပေါ်လျက်ရှိသည့် သဲသောင်များအား ရှင်းလင်းသွားရန်လိုကြောင်း၊ မြို့ပေါ်ရပ်ကွက်များရှိ ချောင်း၊ မြောင်းများတွင် ပိတ်ဆို့မှုများမရှိစေရေး၊ ချောင်းများ၊ မြောင်းများ တိမ်ကောခြင်းမဖြစ်စေရေး ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ပရိဝုဏ်နှင့် ကျောင်းဆောင်သစ် တည်ဆောက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျဖြစ်စေရေး တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

**နည်းပညာတက္ကသိုလ်(ပုသိမ်) နှင့် ပုသိမ်တက္ကသိုလ်**

အလားတူ နိုင်ငံတော်သမ္မတသည် ဩဂုတ် ၈ ရက်နေ့ကလည်း နည်းပညာတက္ကသိုလ် (ပုသိမ်) နှင့် ပုသိမ်တက္ကသိုလ်တို့သို့ သွားရောက်၍ တက္ကသိုလ်ပရိဝုဏ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများကို တက္ကသိုလ်အဆင့်နှင့်လျော်ညီသည့် သန့်ရှင်းသာယာလှပမှုများ ဖြစ်စေရေး ဆောင်ရွက်ရန်၊ တက္ကသိုလ်အတွင်း အုံ့ဆိုင်းလျက်ရှိသည့် သစ်ပင်ကြီးများကို အလင်းဖွင့်ခုတ်ထွင် ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)၌ ကျောင်းဆောင်သစ်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# “ရသစုံလင် အပတ်စဉ် တူညီရှုစား ဇာတ်လမ်းကောင်းများ”ပြသမှုစတင်ခြင်းနှင့် မှတ်တမ်းရုပ်ရှင် “အာကာသအနာဂတ်” ပြသခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၉

“ရသစုံလင် အပတ်စဉ် တူညီရှုစား ဇာတ်လမ်းကောင်းများ” ပြသမှုစတင်ခြင်းနှင့် မှတ်တမ်းရုပ်ရှင် “အာကာသအနာဂတ်” ပြသခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ဦးစွာ တက်ရောက်လာသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် တရုတ်-မြန်မာ နှစ်နိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုများကို AI နည်းပညာသုံးပြီး ပြန်လည်ပုံဖော်ထားသော ပြိုင်ပွဲဝင်ဆုရဓာတ်ပုံများ၊ “Our Planet Through Your Eyes” အမည်ဖြင့် ပြသထားသည့် ပန်းချီများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အနုပညာအထက်တန်းကျောင်း (ရန်ကုန်)နှင့် Bowen School မှ ကျောင်းသား ကျောင်းသူများက “တို့ခေါ်လိုက်ပေါက်ဖော်” သီချင်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြသမည့် ရုပ်ရှင်နမူနာများကို ပြသသည်။



ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr.Shen Dan၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် တရုတ်ယဉ်ကျေးမှုစင်တာ(ရန်ကုန်) တာဝန်ခံတို့က အမှာစကား ပြောကြားပြီး “Shen Zhou -13”မှတ်တမ်းရုပ်ရှင်ကို ပြသသည်။

တရုတ် ယဉ်ကျေးမှုစင်တာ (ရန်ကုန်)၊ CHINA MEDIA GROUP(CMG)နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းပြီး စီစဉ်ကျင်းပသည့် ယခုအစီအစဉ်မှ တစ်ဆင့် တရုတ်နိုင်ငံ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများအကြောင်းကို သိရှိစေရန် ရည်ရွယ်ပြသခြင်း ဖြစ်သည်။

အဆိုပါအစီအစဉ်ကို တရုတ် ယဉ်ကျေးမှုစင်တာ (ရန်ကုန်)၌ အပတ်စဉ် စနေနေ့တိုင်း ပြသသွားမည်ဖြစ်ပြီး အာကာသပေါ်မှ စိတ်ဝင်စားဖွယ်များကို မှတ်တမ်းတင် ရိုက်ကူးထားသည့် “Shen Zhou-13” ဇာတ်ကား၊ နည်းပညာပိုင်းကို ထင်ဟပ်စေသည့်ဇာတ်ကားများ၊ မျိုးချစ်စိတ်ဓာတ်ကို ဖော်ကျူးထားသည့် ဇာတ်ကား အပါအဝင် ဇာတ်ကားများစွာ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❂ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ**

အလားတူ ယမန်နေ့နံနက်ပိုင်းတွင် လွိုင်လင်ခရိုင် မိုင်းပွန်ရှိ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (၄/၁၅၃) တွင် မိုင်းပွန်တံတားပေ ၂၂၀ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လင်းခေးခရိုင် မိုင်းပန်မြို့နယ် အရှေ့ကျေးရွာအုပ်စုတွင် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက် ဈေးကွက်ဝင် ၂၀၂၆ ခုနှစ် စမ်းသပ်စိုက်ပျိုးသည့် ပေါ်ဆန်းမွှေးနှင့် ဘာစမာတီစပါး စိုက်ပျိုးထားရှိမှု ကွင်းသရုပ်ပြပွဲသို့ တက်ရောက်၍ တောင်သူများထံ ဓာတ်မြေဩဇာများ ပေးအပ်ကာ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့ပြင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နောင်ပိုင်ရပ်ကွက်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် Clean & Green ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် နောင်ပါရင်(၈)လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံအားပေးပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**နေပြည်တော် ဩဂုတ် ၉**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှု ဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်မှုနှင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များ စုပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးရှောင် နေရာများသို့ ပို့ဆောင်နေရာချထားပေးလျက်ရှိသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လဟာပကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လေးမျက်နှာမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှစ်သိမ့်အားပေးစကား ပြောကြားစဉ်။

**ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများနှင့် တာတမံနိမ့်ကျမှုကြောင့် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေနက်ရေစီးကြောင်း ပိတ်ဆို့နိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် အဖွဲ့ဝင်များ လိုက်ပါ၍အဆိုပါငဝန်မြစ်ရေကာတာတမံ နိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေဘေးသင့်ခဲ့ရသည့်ဒေသများရှိ ကျေးရွာများ၊ လူနေအဆောက်အအုံများအတွင်း ရေဝင်ရောက်နေမှုနှင့် ယာယီရေဘေးရှောင်နေရာများသို့ ပြောင်းရွှေ့ပေးထားမှု၊ စိုက်ပျိုးမြေများတွင် ရေဝင်ရောက်သဖြင့် ထိခိုက်ပျက်စီးနေမှုတို့ကို ပုသိမ်မြစ်ကြောင်းအတိုင်း ဟင်္သာတမြို့အထိ ရဟတ်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ရေဘေးသင့်ပြည်သူများ၏ လတ်တလောစားဝတ်နေရေးနှင့် ပြန်လည်ထူထောင်ရေးကို အလေးထား ဆောင်ရွက်သွားရန်၊ အလားတူသဘာဝဘေးအန္တရာယ်များ ထပ်မံကြုံတွေ့လာပါက ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ထားရန်နှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ငဝန်မြစ်ရေကာတာ တာမိုင်(၂၅/၃)တွင် တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့သည့်နေရာသို့ ရောက်ရှိပြီး တမံရေတိုက်စားမှု ကာကွယ်ခြင်းနှင့် ရေနက်ရေစီးကြောင်း ပိတ်ဆို့နိုင်ရေးအတွက် ရေတိုက်စားမှု လျော့ကျစေရန် ကမ်းပြိုကာကွယ်ရေးသုံး ပိတ်စအိတ် Geo Bag များချခြင်း၊ Geo Bag ဖြင့် ရေလွှဲရေကာပြုလုပ်ခြင်း၊ တာတမံရေထိမျက်နှာပြင် လျှောစောက်အား Geo Texile အစများ၊ Geo Bag များဖြင့် ကာကွယ်ခြင်း၊ ရေနက်ရေစီး လမ်းကြောင်းအား ဆက်လက်ပိတ်ဆို့နိုင်ရေးအတွက် သဲအပြည့်ဖြည့်ထားသော Geo Bag အိတ်ကြီးများနှင့် သဲအိတ်များကို နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုး၍ ရေယာဉ်များ၊ သဲစုပ်သင်္ဘောများဖြင့် ချခြင်း၊ ရေစီးလမ်းကြောင်းတားဆီးနိုင်ရေး Steel Sheep Pile ရိုက်ခြင်း စသည့်လုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာ ကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်အတူ ပေါင်းစပ်ညှိနှိုင်း အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုတို့ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းဆောင်ရွက်မှုများ အမြန်ဆုံးပြီးစီးမှုရှိစေရေး စနစ်တကျ ဆောင်ရွက်သွားရန်၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်နှင့် ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။





**ထောက်ပံ့ပစ္စည်းများ ပေးအပ်**

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ရာ ရေဘေးသင့်ပြည်သူများ ကိုယ်စားကိုယ်စားလှယ်များက လက်ခံရယူကြစဉ်။

**ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြား**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဟင်္သာတမြို့သို့ ရောက်ရှိပြီး ဟင်္သာတမြို့နယ် လဟာပကျေးရွာသို့ မော်တော်ယာဉ်များဖြင့် သွားရောက်၍ လဟာပကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လေးမျက်နှာမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှစ်သိမ့်အားပေးစကား ပြောကြားသည်။ ဦးစွာ နိုင်ငံတော်သမ္မတအား ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်ဝင်းက ရေဘေးရှောင် ပြည်သူများနှင့် ပတ်သက်သည့် အချက်လက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ရေဘေးရှောင်ပြည်သူများအား နှစ်သိမ့်အားပေးစကားပြောကြားရာတွင် မိမိအနေဖြင့် ယမန်နေ့ကတည်းကပင် လာရောက်တွေ့ဆုံနိုင်ရေး ဆောင်ရွက်ခဲ့သော်လည်း ရာသီဥတုအခြေအနေမပေးသဖြင့် လာရောက်နိုင်ခဲ့ခြင်း မရှိခဲ့ဘဲ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့ကို ရဟတ်ယာဉ်များဖြင့်သာ လိုက်လံ ကြည့်ရှုခဲ့ရကြောင်း၊ ရေဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများ၏ အခက်အခဲများ လျော့ပါးသက်သာစေရေးနှင့် မူလလူမှုဘဝ အခြေအနေသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရေးအတွက် နိုင်ငံတော် အစိုးရအနေဖြင့် တတ်နိုင်သမျှ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်သကဲ့သို့ ရေပြန်လည်ကျဆင်းပြီးနောက် ပြည်သူများအနေဖြင့်လည်း မိမိတို့တစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုနှင့်အတူ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ကြမည်ဆိုပါက မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်မည်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်သည့် တိုင်းဒေသကြီးဖြစ်ပြီး စီးပွားရေး ကောင်းမွန်သည့်၊ အစဉ်အလာကောင်းများရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ သို့ဖြစ်၍ ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်ကို ဒေသတွင်းရှိ အခြေခံကောင်းများအား အကျိုးရှိရှိအသုံးချ၍ ကျော်လွှားနိုင်ရန် လိုကြောင်း။

သစ်ပင်စိုက်ပျိုးမှုများ အားနည်းလျက်ရှိသည်ကို တွေ့မြင်ရသဖြင့် လမုပင်၊ မန်ဂျန်ရှားပင်၊ အုန်းပင်တို့အပါအဝင် သစ်ပင်များကို တစ်အုပ်တစ်မ စနစ်တကျစိုက်ပျိုးခြင်းအားဖြင့် ရေတိုက်စားမှုနှင့် လေပြင်းတိုက်ခတ်မှု ဒဏ်တို့ကို အတိုင်းအတာ တစ်ခုအထိ ကာကွယ်ပေးနိုင်မည် ဖြစ်ကြောင်း၊ ရေဝင်ပေါက်များ စနစ်တကျ ဖြစ်စေရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုပြီး **စာမျက်နှာ ၆ သို့** ❐

❒ စာမျက်နှာ ၅ မှ

ရောဝတီမြစ်၊ ငဝန်မြစ်များနှင့် အခြားမြစ်ချောင်းများ ရေစီးဆင်းမှုများကောင်းမွန်စေရေး နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ရှောင်ရှား၍ ရနိုင်မည်မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့်အတူ စေတနာရှင်၊ အလှူရှင်များကလည်း စဉ်ဆက်မပြတ် လာရောက်လှူဒါန်းမှုများကို အားတက်ဖွယ်တွေ့ရှိရပြီး ယမန်နေ့ကပြုလုပ်သည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် စုစုပေါင်း အလှူငွေကျပ် ၂၃ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း၊ ရေဘေးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများ အတွက် မိမိအနေဖြင့် ထပ်တူစိတ်မကောင်းဖြစ်ရပါကြောင်း၊ နိုင်ငံတော်နှင့် အလှူရှင်များက တတ်နိုင်သမျှ ကူညီ ဆောင်ရွက်ပေးသကဲ့သို့ ဒေသခံပြည်သူများ အနေဖြင့်လည်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး ဥစ္စာရင်လို၊ ဥစ္စာရင်ခဲဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေဘေးကြောင့် ယာယီပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် မိဘများအနေဖြင့် မိမိတို့၏ သားသမီးများ ကျောင်းပြန်လည် တက်ရောက်စေရေး အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျောင်းပညာသင်ကြားခြင်းမှတစ်ဆင့် ပညာတတ်မြောက်မှုသာမက စည်းကမ်းရှိမှု၊ စိတ်ဓာတ်ကောင်းမွန်မှုနှင့် ကြိုးစားအားထုတ်လိုစိတ်တို့ကိုပါ ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်သည့်အတွက် ပညာရေးကို အားပေးဆောင်ရွက်သွားကြရန် လိုကြောင်း။

ဧရာဝတီတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများ ရှိပြီးဖြစ်သဖြင့် တစ်ဦးချင်းကိုယ်စီ ကြိုးစားအားထုတ်ကြမည်ဆိုပါက နိုင်ငံတွင် ထိပ်တန်းအဆင့်ရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်လာနိုင်မည်ကို မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ကျောင်းပညာရေးနှင့်ပတ်သက်၍လည်း အတန်းအလိုက်၊ အဆင့်အလိုက် ကျောင်းတက်ရောက်မှုအပေါ်တွင်မူတည်၍ သင်ယူရသည့် စာပေပညာများ၊ နာယူရသည့် အသိပညာဗဟုသုတများ ကွာခြားသွားမည်ဖြစ်သဖြင့် ကျောင်းပညာရေးကို ဆုံးခန်းတိုင်အောင် သင်ယူသွားကြရန် တိုက်တွန်းအားပေးလိုပါကြောင်း၊ ကျောင်း တက်ရောက်ခြင်းဖြင့် သင်ကြားခဲ့ရသည့် အတန်းပညာရပ်များအလိုက် စည်းကမ်းရှိသည့် လူငယ်များ၊ အသိပညာ၊ အတတ်ပညာများ ပြည့်စုံကျွမ်းကျင်သည့် စွမ်းရည်နှင့် စွမ်းအားရှိသည့် လူငယ်များ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားပြီး ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ရေဘေးသင့်ပြည်သူများကိုယ်စား ကိုယ်စားလှယ်များက လက်ခံရယူကြသည်။ ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက လေးမျက်နှာမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအနက် ထိခိုက်လွယ်အုပ်စုဝင်များ အတွက် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၁၉ ဒသမ ၁၄ သန်းကို ထောက်ပံ့ပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘုန်းတော်ကြီးကျောင်းအတွင်း ဟသ်ာတခရိုင် ကုသရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ ဟသ်ာတမြို့ ရွှေ့လျားဆေးကုသရေးအဖွဲ့က ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

- ☆ **ရေဘေးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် မိမိအနေဖြင့် ထပ်တူစိတ်မကောင်းဖြစ်**
- ☆ **နိုင်ငံတော်နှင့် အလှူရှင်များက တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး ဥစ္စာရင်လို၊ ဥစ္စာရင်ခဲဖြင့် ဆောင်ရွက်သွားရန်လို**
- ☆ **ရေဘေးကြောင့် ယာယီပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် မိဘများအနေဖြင့် မိမိတို့၏ သားသမီးများ ကျောင်းပြန်လည်တက်ရောက်စေရေး အလေးထားဆောင်ရွက်ပေးကြစေလို**





ငဝန်မြစ်ရေကာတာ တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့သည့်နေရာတွင် ရေယာဉ်များ၊ သဲစုပ်သင်္ဘောများဖြင့် ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်နေစဉ်။

❍ ကျိုင်းတုံမှ

ထိုသို့ ကုသမှုပေးရာတွင် အထွေထွေရောဂါလူနာ ၂၂၇ ဦး၊ နှလုံးရောဂါဆိုင်ရာလူနာ ၁၅၀၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ လူနာ ၈၅ ဦး၊ ဦးနှောက်နှင့် အာရုံကြော ဆေးကုသမှုဆိုင်ရာ လူနာ ၄၇ ဦး၊ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသမှုဆိုင်ရာ လူနာ ၅၁ ဦး၊ အသည်းရောဂါဆိုင်ရာ လူနာ ၄၄ ဦး၊ ဆီးချိုနှင့်ဟော်မုန်းရောဂါလူနာ ၇၄ ဦး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုလူနာ ၁၀၈ ဦး၊ ရင်ခေါင်းရောဂါဆိုင်ရာ လူနာ ၃၇ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာ လူနာ ၂၂၄ ဦး၊ ကလေးဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာလူနာ ၃၃ ဦး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာ လူနာ ၁၁၂ ဦး၊ အခြားရောဂါလူနာ ၆၇ ဦး စုစုပေါင်း ဒေသခံပြည်သူ ၁၂၅၉ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့သည်။

ထို့ပြင် နှလုံးပုံရိပ်ဖော်ရိုက်ကူးခြင်း ၁၀၉ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းမှန်ပြောင်း ကြည့်ရှုကုသခြင်း ခြောက်ဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုစစ်ဆေးခြင်း နှစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း ၁၆ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၂၈ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၃၁၇ ခု၊ တယ်လီဗေးရှင်းဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၀၈ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG) ၃၀၈ ဦး၊ ကျောက်ကပ်သန့်စင်ခြင်း ဆောင်ရွက်နိုင်ရန် လည်ပင်း ပင်မသွေးကြောအတွင်း ပိုက်လိုင်းထည့်သွင်းခြင်း တစ်ခုတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ဆီးချိုနှင့် သွေးတိုးရောဂါနှင့် ပတ်သက်၍ အသိပညာပေးဟောပြောမှုကိုလည်း ဆောင်ရွက်ခဲ့သည်။

လာရောက်ပြသသော လူနာများတွင် ကျိုင်းတုံမြို့နယ်သာမက ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မြို့နယ်ပေါင်း ၁၀ မြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ၊ “ဝ”အထူးဒေသ၊ မိုင်းလား အထူးဒေသတို့မှ ပြည်သူများ ပါဝင်ပြီး ရောဂါရှာဖွေစစ်ဆေးမှုနှင့် ကုသမှုဆက်လက်ဆောင်ရွက်ရန်လိုအပ်သော လူနာ ၁၆ ဦးကို သက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသပေးနိုင်ခဲ့သည်။

ကျိုင်းတုံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထွန်းဦးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)၏ အဖွဲ့ဝင်များဖြစ်ကြသော ဦးသန့်ဇင်ထွန်းနှင့် ဦးအောင်မြတ်သာ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌတို့သည် ဩဂုတ် ၈ ရက်တွင် ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ လာရောက်ပြသကုသမှုခံယူကြသော လူနာများကို အားပေးစကားပြောကြားကာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်၍ ဆေးကုသမှုများကို ကြည့်ရှုအားပေးပြီး ကျိုင်းတုံပြည်သူ့ဆေးရုံကြီး ဆေးပဒေသာပင်အတွက် အလှူငွေနှင့် လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတရုံး ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတွင် ဥစားကြက်၊ အသားတိုးကြက်နှင့် အသားတိုးဝက်များ မွေးမြူထားရှိပြီး လှျိုပိတ်တမံတွင် ငါးများ မွေးမြူထားရှိ



နေပြည်တော် ဩဂုတ် ၉

ချောင်းမကြီးဆည်အနီး မြေ ၂၂ ဧကပေါ်တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် ဆက်စပ်ဝန်ကြီးဌာနများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်သမ္မတရုံး ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတွင် ဥစားကြက်၊ အသားတိုးကြက်နှင့် အသားတိုးဝက်များ မွေးမြူထားရှိပြီး လှျိုပိတ်တမံတွင် ငါးများမွေးမြူထားကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးကံမြင့်သန်းသည် ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်၊ နေပြည်တော်ကောင်စီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဥတ္တရသီရိဆည်သို့ရောက်ရှိပြီး ယခုဇူလိုင်လ စတုတ္ထပတ်မှစတင်ကာ တမံလျှောင်ရေပြည့်မှတ်သို့ရောက်ရှိပြီး ရေပိုလွှဲမှ ခြောက်လက်မခန့် ရေကျော်စီးဆင်းလျက်ရှိနေမှု အခြေအနေများကို ကြည့်ရှု၍ မြို့တော်ဝန်က တမံပြုပြင်ထားရှိသောဆည်ဖြစ်သည့်အတွက် တမံမြေသားအခြေအနေကို အမြဲမပြတ်စစ်ဆေးနေရန်၊ ရေပိုလွှဲလမ်းကြောင်း ရေစီးရေလာကောင်းမွန်စေရေး သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ချောင်းမကြီးဆည်သို့ ရောက်ရှိစစ်ဆေးပြီး နေပြည်တော်မြို့ပြရေပေးဝေရေးအတွက် ယခုလက်ရှိအခြေအနေတွင် ချောင်းမကြီးဆည်သည် အဓိကနေရာတွင်ရှိသည့်အတွက် ဆည်ကြံ့ခိုင်ရေးကို စစ်ဆေးမှုပုံစံများအတိုင်း စနစ်တကျစစ်ဆေးရန်၊ ရေပြည့်မှတ်ရောက်ရှိရန် အမြင့်ပေလိုအပ်နေသေးသော်လည်း ရေပိုလွှဲနှင့် ရေလမ်းကြောင်းများ ရှင်းလင်းထားရန်၊ သောက်သုံးရေပေးဝေနေသောဆည်ဖြစ်သည့်အတွက် လုံခြုံရေးအထူးဂရုပြု ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ငါးသားပေါက်စခန်းသုံးခုမှ သားဖောက်ထုတ်လုပ်ပြီး သဘာဝရေပြင်သို့ မျိုးစိုက်ထည့်ခြင်းနှင့် မွေးမြူသူတောင်သူများထံ ရောင်းချခြင်းတို့ ဆောင်ရွက်



ပဲခူး ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး အတွင်း ပဲခူးငါးလုပ်ငန်းစခန်း၊ သနပ်ပင်ငါးလုပ်ငန်းစခန်းနှင့် အုတ်ဖိုငါးလုပ်ငန်းစခန်းစသည့် ငါးသားပေါက်စခန်းသုံးခုမှ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ရွှေဝါငါးကြင်း၊ ငွေရောင်ငါးကြင်းနှင့် ငါးခုံးမကြီးတို့ကို ငါးသားဖောက် ထုတ်လုပ်ပြီး ရာခိုင်နှုန်း ၄၀ ခန့်ကိုသဘာဝရေပြင်သို့ မျိုးစိုက်ထည့်၍ ရာခိုင်နှုန်း ၆၀ ကို မွေးမြူသူတောင်သူများထံ ရောင်းချနိုင်ခဲ့ကြောင်းနှင့် သဘာဝရေပြင်သို့ ငါးမြစ်ချင်း၊ ငါးခုံးမနှင့် ရွှေဝါငါးကြင်းသားပေါက် ၄၂ ဒသမ ၂၂၀ သိန်း ငါးမျိုးစိုက်ထည့်ခဲ့ကာ ငါးသားပေါက် ၁၁ ဒသမ ၂၇၀ သိန်းကို ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“စားရေရိက္ခာ ဖူလုံစေရေးနဲ့ ငါးရိက္ခာ ပေါများရေးအတွက် မွေးမြူရေးငါးအပြင် သဘာဝတိုင်းရင်းငါးတွေဖြစ်တဲ့ ငါးခူ၊ ငါးကျည်း၊ ငါးဖန်းမ၊ ငါးရံ့နဲ့ ငါးနက်ပြာတို့ကို ဆေးထိုးသားဖောက်မွေးမြူပြီး သဘာဝမြစ်ချောင်းအင်းအိုင်ထဲကို မျိုးစိုက်ထည့်ပေးပါတယ်။ ငါးမွေးတောင်သူ ၂၉၀၀ ကျော်က စျေးကွက်ဝင် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ ငါးမုတ်နဲ့ တီလားပီးယားငါးတွေကို မွေးမြူကြတာကြောင့် သားဖောက်ထုတ်လုပ်ပေးပြီး သင်တန်းနဲ့ ဆွေးနွေးပွဲတွေမပြတ် ဆောင်ရွက်ပေးနေပါတယ်”ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြောသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ငါးလုပ်ငန်းစခန်းသုံးခုမှ ငါးသားပေါက် ၁၃၂ ဒသမ ၂၀၀ သိန်း ထုတ်လုပ်ရန်လျာထားပြီး မျိုးစိုက်ထည့်ခြင်းနှင့် ရောင်းချမှုအဖြစ် သားပေါက်ကောင်ရေ ၅၃ ဒသမ ၄၉၀ သိန်း ထုတ်လုပ်နိုင်ခဲ့ကာ ကျန်ရှိသည့် သားပေါက် ၇၈ ဒသမ ၇၁၀ သိန်းကို ဆက်လက် သားဖောက် ထုတ်လုပ်သွားမည်ဖြစ်သည်။

တိုင်းဒေသကြီး အတွင်း၌ သားငါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ငါးမွေးမြူမှုဧက ၃၀၀၀၀ ကျော်မှ ရေချိုငါးများကို မွေးမြူထုတ်လုပ်လျက်ရှိပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးမြူရေးတောင်သူ ၂၀၀၀ ကျော်အား ရေချိုငါးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ငါးသယံဇာတ ထိန်းသိမ်းခြင်း၊ ကောင်းမွန်သောရေသတ္တဝါကျင့်စဉ်(GAqP)၊ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်ခြင်း၊ တိုင်းရင်းငါးပြေမ ဆေးထိုးသားဖောက်ပြုစုမွေးမြူခြင်းနှင့် မြစိမ်းရောင်စီမံကိန်း (ငါးကဏ္ဍ)တွင် သင်တန်းပို့ချခြင်း၊ ဆွေးနွေးခြင်းတို့ကို အကြိမ်ရေ ၆၀ ကျော်လက်တွေ့ သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။ **ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# ဖျာပုံမြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ဖျာပုံ ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့်၂၀၂၆-၂၀၂၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက ဖျာပုံမြို့ အထက (၁) အောင်မြေခန်းမ၌ ကျင်းပသည်။

ဦးစွာ ဖျာပုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးစိုးရီက တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ထို့နောက် ဖျာပုံခရိုင်ပညာရေးမှူး ဦးဝင်းအောင်က တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အတွင်းရှိ အထကကနှင့် အထက(ခွဲ)တို့မှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ဘာသာရပ်သင်ဆရာ ဆရာမများက ဘာသာရပ်အလိုက် ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၉

ပြည်ထောင်စုနယ်မြေ ရေဆင်းငါးလုပ်ငန်းစခန်းတွင် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးမျိုးများ ဆေးထိုးသားဖောက်ခြင်းနည်းပညာပေးသင်တန်းကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက အဆိုပါငါးလုပ်ငန်းစခန်း၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ညိုညိုအေးက အမှာစကားပြောကြားပြီး စခန်းတာဝန်ခံ ဒေါ်မိုးသီတာက အခြေခံငါးမွေးမြူရေး၊ မျိုးငါးရွေးချယ်ထိန်းသိမ်းခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်း၊ ငါးမှုန်ငါးသန်ပြုစုခြင်းတို့ကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျိုက်ထိုမြို့နယ်၌ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



ကျိုက်ထို ဩဂုတ် ၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည် ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် အဆိုပြုလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ကျိုက်ထိုမြို့နယ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် အဆိုပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက ဖြည့်စွက်ဆွေးနွေးတင်ပြပြီး တက်ရောက်လာသူများက အထွေထွေဆွေးနွေးညှိနှိုင်းတင်ပြခဲ့ကြောင်း သိရသည်။ **ပြည့်ဖြိုး(ပြန်/ဆက်)**

# မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၉

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်နှင့် ညောင်ဦးမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# လွှမ်းခြုံအောင်မြင် ခရီးစဉ်မှသည် ယုံကြည်လျှောက်လှမ်း အနာဂတ်လမ်းသို့

**ကေဇက်ဟိန်း (PPIB)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ထိုင်းနိုင်ငံ (Official Visit) ခရီးစဉ်ဟာအောင်မြင်စွာပြီးမြောက်ခဲ့ပါတယ်။ မိဘတွေ အပြင်သွားတဲ့အခါ မိသားစုတွေအတွက် တစ်စုံတစ်ခု ဝယ်လာစမြဲဆိုတဲ့ သဘာဝအတိုင်း သမ္မတကြီးရဲ့ ပြည်ပခရီးစဉ်များ နောက်ကွယ်မှာ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးအတွက် မြားမြောင်တဲ့ အကျိုးရလဒ်ကောင်းတွေကို ဖော်ဆောင်လာခဲ့တာကိုလည်း အားလုံးတွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ကဲ စာဖတ်သူတို့ရေ၊ ခရီးစဉ်ဒုတိယရက်ကို ဆက်ကြပါဦးစို့ဗျာ။

နိုင်ငံတော်အကြီးအကဲအနေနဲ့ ဒုတိယခရီးစဉ်ရက်မှာ ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်း ဆူရာဆာဂျာနဲ့ တွေ့ဆုံခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ခရီးစဉ်တိုင်းမှာ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ကဏ္ဍ ပူးပေါင်းမှုကိုလည်း မဖြစ်မနေ အလေးထားဆောင်ရွက်ပေးနေတာကို တွေ့မြင်ရတယ်။ ပြည်ပခရီးစဉ်တိုင်းကို ပြန်ကြည့်ရင် နိုင်ငံတစ်နိုင်ငံရဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ နှစ်နိုင်ငံ တပ်မတော်ကဏ္ဍစတဲ့ ပင်မဒေါက်တိုင်တွေအတွက် အမြဲမပြတ် ဂရုတစိုက်လေ့လာဆောင်ရွက်ခဲ့သလို အခြားသောစီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စွမ်းအင်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍစတဲ့ ကဏ္ဍစုံကိုလည်း မဖြစ်မနေလေ့လာဖော်ဆောင်လျက်ရှိတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ နိုင်ငံတော်နဲ့ နိုင်ငံသူ နိုင်ငံသားတွေအပေါ်ထားရှိတဲ့ စိတ်စေတနာနဲ့ ဆန္ဒတွေအဖြစ် တွေ့မြင်ကြရမှာပါ။

ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်း ဆူရာဆာဂျာနဲ့ တွေ့ဆုံစဉ်မှာတော့ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဖော်ဆောင်မှု၊ ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ဆောင်ရွက်သွားမှု၊ လွှတ်တော်အသီးသီးတွင် အမျိုးသမီးများပါဝင်မှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်သွားမှု၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မှု၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူညစ်ညမ်းမှုနှင့် မြစ်ရေညစ်ညမ်းမှုကိစ္စတို့ကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများအပေါ် ဆွေးနွေးညှိနှိုင်းအောင်မြင်ခဲ့မှုတွေကို အပြန်အလှန် သုံးသပ်ဆွေးနွေးခဲ့ကြပါတယ်။

**“ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာအလုပ်သမားများ၏ အခွင့်အရေးများ ပြည့်ဝစွာရရှိစေရေး၊ ဥပဒေနှင့်အညီ အကာအကွယ်ပေးရေးတို့နှင့်ပတ်သက်၍လည်း ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုကြောင်း”**

ဒီတောင်းဆိုမှုကို ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့ တင်မက ထိုင်းအမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌနဲ့တွေ့ဆုံစဉ်မှာလည်း ကြားသိခဲ့ရပါတယ်။ စာရေးသူကိုမင်သက်မိစေခဲ့တဲ့ စကားတစ်ခွန်းလို့ ဆိုရပါမယ်၊ နိုင်ငံအတွက် အရေးကြီးတဲ့ကိစ္စရပ်တွေ ပြည့်နှက်နေတဲ့ကြားကပဲ ထိုင်းရောက်မြန်မာလူမျိုးတွေကို မှတ်မှတ်ရရရှိနေတာဟာ အကြီးအကဲရင်ထဲကလေးနက်မှု၊ သတိတရရှိမှုတွေပါပဲ။ “အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေခြင်း” ဆိုတာဟာ စကားလုံးတစ်လုံးထက် ပိုပြီးနက်ရှိုင်းပါတယ်။

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားဆိုရာမှာ ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်မှာ နိုင်ငံရေးဝါဒမှိုင်းကြောင့် ရွှေ့ပြောင်းလာခဲ့သူတွေအပါအဝင် မြန်မာအလုပ်သမားများထိ အကျုံးဝင်ပါတယ်။ သူတို့စိတ်ထဲ မည်သို့ရှိပါစေ၊ နိုင်ငံအကြီးအကဲကတော့ **“ဒါဟာ ကျွန်တော့်သားသမီးလေးတွေပါဗျာ၊ သူတို့လေးတွေကို စောင့်ရှောက်ပေးပါ”** ဆိုတဲ့ သဘောသက်ရောက်ပါတယ်။ မိဘတိုင်းရဲ့ ရင်ထဲမှာ အမြဲကိန်းအောင်းနေတတ်တဲ့ မေတ္တာစကား၊ ကရုဏာစကားပါပဲ။ ဒါတွေကို ထိုင်းနိုင်ငံမှာ ရောက်နေတဲ့ မြန်မာလူမျိုးအားလုံး ကြားသိနိုင်ပါစေ။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ပါဘူး၊ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတယ်၊ သားသမီးဆိုး ပစ်ရိုးထုံးစံမရှိဆိုတဲ့စကားအတိုင်းပါပဲ။ နိုင်ငံတော်အကြီးအကဲရဲ့ ရင်ဝယ်သားသဖွယ် စိတ်ထားကို အမှတ်မထင်တွေ့မြင်ရပါတယ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၇ ရက်က ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

ပြည်ပခရီးစဉ်တိုင်းမှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေကို အမြဲမပြတ်ဖိတ်ခေါ်တယ်။ ပြည်တွင်းမှာ ပညာရည်မြင့်မားရေးကတစ်ဆင့် အတတ်ပညာပြည့်ဝတဲ့ လူသားအရင်းအမြစ်တွေ ဖော်ဆောင်ကြိုးပမ်းနေတယ်။ ဝင်ရောက်လာမယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ လိုအပ်တဲ့ ပညာတတ်လူသားအရင်းအမြစ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေရရှိအောင် ဆောင်ရွက်ပေးမယ်။ နည်းပညာကျွမ်းကျင်သူကတစ်ဆင့် ပြည်တွင်းလုပ်ငန်းရှင်တွေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးချင်တယ်။ ပြည်ပထွက် အလုပ်လုပ်သူတွေကြောင့် ဆုံးရှုံးနေတဲ့ နိုင်ငံအတွက်လူသားအရင်းအမြစ်တွေကို နိုင်ငံတော်မှာ ပြန်လည်ပိုင်ဆိုင်စေချင်တယ်။ ဒါကလည်း နိုင်ငံတော်အကြီးအကဲရဲ့ ရေရှည်အတွက် မျှော်မှန်းချက်တစ်ခုသာ ဖြစ်ပါတယ်။ မှန်းဆရင်မြင်နိုင်ပါတယ်။ မှတ်မှတ်ရရ စကားတစ်ခွန်းက စာရေးသူနှလုံးသားကို အမှတ်တရအဖြစ် ငြိတွယ်သွားခဲ့ပြန်ပါတယ်။


နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာသံရုံးကို ခရီးဆက်ခဲ့ပါတယ်။ မြန်မာသံရုံးမှာတော့ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းတွေ၊ မိသားစုဝင်တွေနဲ့ ပညာတော်သင် သင်တန်းသားတွေနဲ့ တွေ့ဆုံခဲ့ပါသေးတယ်။

တွေ့ဆုံစဉ်မှာလည်း တိုးတက်နေတဲ့ ပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံ၊ အသိပညာတွေကို အမှန်တကယ် သိရှိတတ်ကျွမ်းနားလည်အောင် သင်ယူလေ့လာသွားကြဖို့၊ ဘာသာစကားကိုလည်း မိမိတို့ လာရောက်တာဝန်ထမ်းဆောင်ရသည့် ကာလအတွင်း တတ်မြောက်အောင်လေ့လာသင်ယူကြဖို့၊ တာဝန်ထမ်းဆောင်ရင်းနှင့် မိမိဘဝတိုးတက်မှုမှသည် နိုင်ငံတော်တိုးတက်စေဖို့၊ နှစ်နိုင်ငံအတွက် အကျိုးရှိစေမယ့်အခြေအနေကောင်းတွေ ကြိုးစားဆောင်ရွက်ကြဖို့ကို အဓိကထား မှာကြားခဲ့ပါတယ်။

ဒါ့အပြင် သံတမန်ဆက်ဆံရေးရဲ့ အရေးပါမှု၊ သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများအနေနဲ့ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံ့အကျိုးစီးပွားတိုးတက်ကြိုးပမ်းဆောင်ရွက်သွားကြဖို့၊ **စာမျက်နှာ ၉ သို့** ❖



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၇ ရက်က ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၌ စာရွက်စာတမ်းများ လာရောက်ဆောင်ရွက်ကြသည့် မြန်မာနိုင်ငံသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဩဂုတ် ၇ ရက်က ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်က ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်စဉ်။

**❛ ပြည်ပခရီးစဉ်တိုင်းမှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေကို အမြဲမပြတ်ဖိတ်ခေါ်တယ်။ ပြည်တွင်းမှာ ပညာရည်မြင့်မားရေးကတစ်ဆင့် အတတ်ပညာပြည့်ဝတဲ့ လူသားအရင်းအမြစ်တွေ ဖော်ဆောင်ကြိုးပမ်းနေတယ်။ ဝင်ရောက်လာမယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ လိုအပ်တဲ့ပညာတတ်လူသားအရင်းအမြစ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေရရှိအောင် ဆောင်ရွက်ပေးမယ်။ နည်းပညာကျွမ်းကျင်သူကတစ်ဆင့် ပြည်တွင်းလုပ်ငန်းရှင်တွေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးချင်တယ်။ ပြည်ပထွက်အလုပ်လုပ်သူတွေကြောင့် ဆုံးရှုံးနေတဲ့နိုင်ငံအတွက် လူသားအရင်းအမြစ်တွေကို နိုင်ငံတော်မှာ ပြန်လည်ပိုင်ဆိုင်စေချင်တယ်။ ဒါကလည်း နိုင်ငံတော်အကြီးအကဲရဲ့ ရေရှည်အတွက် မျှော်မှန်းချက်တစ်ခုသာဖြစ်ပါတယ် ❜**

❖ စာမျက်နှာ ၈ မှ

နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြဖို့ မိသားစုအချင်းချင်းဖေးမပြီး စည်းစည်းလုံးလုံးနဲ့ နေထိုင်သွားကြဖို့ကိုလည်း အလေးထားမှာကြားခဲ့ပါတယ်။

အလျဉ်းသင့်တယ်လို့ ဆိုရမှာပါပဲ။ သံရုံးမှာ စာရွက်စာတမ်းလာရောက်လုပ်နေတဲ့ မြန်မာလူမျိုးများနဲ့လည်း တိုက်တိုက်ဆိုင်ဆိုင် တွေ့ဖြစ်ခဲ့ပါသေးတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေကို အားပေးစကားပြောပြီး ဘယ်လိုအခက်အခဲရှိရှိ သံရုံး၊ စစ်သံရုံးတွေမှာ အချိန်မရွေးအကူအညီတောင်းဖို့ တခုတ်တရမှာခဲ့ပါသေးတယ်။ ဘယ်သို့ပင်ရောက်နေပါစေ၊ မြန်မာလူမျိုးအားလုံးအတွက် မြန်မာနိုင်ငံတော်ဟာ အမြဲအရိပ်လိုရှိနေတယ်ဆိုတဲ့အသိကို ပြသနိုင်ခဲ့တာပဲဖြစ်ပါတယ်။ အဝေးရောက်မြန်မာလူမျိုးများအားလုံးအနေနဲ့လည်း နိုင်ငံတော်ရဲ့တန်ဖိုး၊ နိုင်ငံတော်အကြီးအကဲရဲ့စေတနာကို သိဖို့၊ မြင်ဖို့ လိုအပ်ပါတယ်။

မြဘုရားသို့ဆီ ခရီးဆက်ခဲ့ပြန်ပါပြီ။ မြဘုရားကတော့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်းမှာ တည်ရှိပါတယ်။ နိုင်ငံတော်အကြီးအကဲက မြဘုရားဆောင်အတွင်းက ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီးတွေ ဆက်ကပ်လှူဒါန်းမှုနဲ့အတူ အလှူငွေနဲ့မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားသည့် စကျင်ကျောက်ဆင်းတုတော်မြတ်ကိုလည်း လှူဒါန်းခဲ့ပါသေးတယ်။

ဆက်လက်ပြီး နိုင်ငံတော်အကြီးအကဲက ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်းရှိ Dusit Maha Prasat Throne Hall ၌ ထိုင်းဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Queen Sirikit အား အောက်မေ့သတိရခြင်းအထိမ်းအမှတ်အဖြစ် လွမ်းသူ့ပန်းခွေချခြင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားတဲ့ စကျင်ကျောက်ဆင်းတုတော်မြတ်အား လှူဒါန်းပေးအပ်ခြင်း၊ Piman Rattaya Throne Hall ရှိ ထိုင်းဘုရင်မင်းမြတ်၏သမီးတော် မင်းသမီးကြီး Princess Bajrakitiyabha တို့အား အောက်မေ့သတိရလွမ်းသူ့ပန်းခွေချခြင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားတဲ့ စကျင်ကျောက်ဆင်းတုတော်မြတ်အား လှူဒါန်းပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ သာသနာတော်ပြန့်ပွားရေးဆောင်ရွက်မှုတစ်ခုပါပဲ။ ရှေးဘုရင်တွေ အဆက်ဆက်ကတည်းက သာသနာတော်ပြန့်ပွားရေးကို ဆောင်ရွက်ခဲ့တာလည်း မဟုတ်ပါလား။

ထိုင်းနိုင်ငံခရီးစဉ်ကတော့ အောင်မြင်စွာပြီးမြောက်ခဲ့ပါပြီ။ အမိမြန်မာနိုင်ငံတော်ဆီ ပြန်ရပါတော့မယ်။ ကြည်လင်တဲ့ရာသီဥတုနဲ့အတူ လေဆိပ်တစ်ခွင်ဟာ ငြိမ်းချမ်းသာယာလို့နေပါတယ်။ နှစ်နိုင်ငံအလံတွေ တလူလူလွှင့်ထူထားမှုနဲ့အတူ အပြာရောင်နောက်ခံ ကားချပ်ကြီးပေါ်မှာတော့ နှစ်နိုင်ငံအလံတော်တံဆိပ်နဲ့ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်အား နွေးထွေးလှိုက်လှဲစွာကြိုဆိုပါ၏" ဆိုတဲ့ ခံ့ညားထည်ဝါစွာ ကြိုဆိုထားမှုကိုလည်း တွေ့ရပါတယ်။ ကော်ဇောနီရဲ့တစ်ဖက်တစ်ချက်မှာ ထိုင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ကလည်း အလေးပြုနှုတ်ဆက်လျက်ရှိပါတယ်။

နှစ်နိုင်ငံအကြီးအကဲနှစ်ဦးဟာ ကော်ဇောနီခင်း



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၇ ရက်က ထိုင်းအမျိုးသားလွှတ်တော်မှ ပြန်လည်ထွက်ခွာရာ ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်း ဆူရာဆာဂျာနှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်စဉ်။

ထားရာ လျှောက်လှမ်းတစ်လျှောက် အပြုံးကိုယ်စီနဲ့ တည်ငြိမ်စွာလျှောက်လှမ်းလာပါတယ်။ အကြီးအကဲတို့ရဲ့ အပြုံးများဟာ နှစ်နိုင်ငံချစ်ကြည်ရေး အငွေ့ရှည်မှုကိုသာမက ယခုခရီးစဉ်ရဲ့အောင်မြင်မှုရလဒ်များနဲ့ နှစ်ပြည်ထောင်ပြည်သူများရဲ့ အနာဂတ်အကျိုးကို ဖော်ညွှန်းသက်သေပြလျက်ရှိပါတယ်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်က လေယာဉ်ပေါ်တက်ခါနီးထိ မိမိတို့နိုင်ငံအကြီးအကဲကို လိုက်ပါပို့ဆောင်ပါတယ်။ လေယာဉ်အတက်လှေကားရင်းမှာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲလက်ကို ကျစ်လျစ်စွာဆုပ်ကိုင်ပြီး နှုတ်ဆက်တဲ့ဟန်ကလည်း နှစ်နိုင်ငံခေါင်းဆောင်ချင်း၊ နှစ်နိုင်ငံ အစိုးရချင်း၊ နှစ်နိုင်ငံပြည်သူချင်း ထာဝရကျစ်လျစ်ခိုင်မာတဲ့ တွဲလက်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှုတွေရဲ့ အနာဂတ်စာမျက်နှာများအဖြစ် တွေ့မြင်ရမှာလည်း ဖြစ်ပါတယ်။

မိတ်ဆွေစစ်တို့မည်သည် သူ့အကျိုး ကိုယ့်အကျိုးအတွက် အတ္တ၊ ပရမ္မတအောင် တွေးခေါ်ဆက်ဆံဆောင်ရွက်တတ်ကြစမြဲပါ။ ကြုံတွေ့လာတဲ့ဒေသတွင်း အခက်အခဲ၊ နှစ်နိုင်ငံရဲ့ အဟန့်အတားမှန်သမျှကို နားလည်မှု၊ ဖေးမမှု၊ ခွင့်လွှတ်မှုတွေနဲ့ လက်တွဲကြိုးပမ်းဆောင်ရွက်နိုင်ရပါမယ်။ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ အထူးလေယာဉ်ပေါ်ကို ရောက်ရှိသွားခဲ့ပါပြီ။ မကြာမီဆိုသလိုပဲ လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ အမိမြန်မာနိုင်ငံဆီသို့ ဦးတည်ပျံသန်းလို့နေပါတော့တယ်။

နိုင်ငံတော်အကြီးအကဲရဲ့ သမ္မတတာဝန်ယူပြီး ချိန်မှစပြီး စတုတ္ထမြောက် ပြည်ပခရီးစဉ်ဖြစ်တဲ့ ထိုင်းနိုင်ငံ (Official Visit) ခရီးစဉ်ဟာ အောင်မြင်တဲ့ ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါပြီ။ နိုင်ငံတော်ရဲ့ ဒီမိုကရေစီလျှောက်လှမ်းနေမှု နိုင်ငံရေးခရီး၊ နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေရဲ့ လက်တွေ့ကျကျဖော်ဆောင်နေမှု၊ တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေတဲ့ အွန်လိုင်းလိမ်လည်မှုနဲ့ မူးယစ်ဆေးဝါးဆိုင်ရာလုပ်ငန်းများ တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် ဆောင်ရွက်နေမှု၊ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးမဏ္ဍိုင် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်တဲ့ နိုင်ငံ့စီးပွားရေးအခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်မှု၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ရဲ့ စွမ်းအင်ကဏ္ဍ၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုကဏ္ဍ စတဲ့ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုတွေကို ချပြဆွေးနွေးနိုင်ခဲ့ပြီး အောင်မြင်တဲ့ရလဒ်တွေ ပိုင်ဆိုင်ခဲ့တဲ့ ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါပြီ။ ဒါ့အပြင် ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများ၊ မြန်မာနိုင်ငံသားများကို စောင့်ရှောက်နိုင်ဖို့အတွက်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အကြီးအကဲရဲ့ ပြည်ပခရီးစဉ်တိုင်းဟာ လှမ်းတိုင်းတင့်တဲ့ ခြေလှမ်းများသဖွယ်ပါပဲ။

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ တိမ်တိုက်များကြားကို ထိုးဖောက်ရင်း အမိမြန်မာနိုင်ငံရဲ့ လေဆိပ်ကို ဆင်းသက်ရောက်ရှိခဲ့ပါပြီ။ အကြီးအကဲရဲ့အပြုံးနဲ့ လက်ပြနှုတ်ဆက်မှုတွေ၊ ခရီးဦးကြိုပြုနေတဲ့ ဒုတိယသမ္မတဦးဆောင်တဲ့ အစိုးရအဖွဲ့တာဝန်ရှိသူတွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်တဲ့ အဆင့်မြင့်တပ်မတော်အရာရှိကြီးများရဲ့ ကြိုဆိုနှုတ်ဆက်နေဟန်များကလည်း ခရီးစဉ်ရဲ့ အောင်မြင်မှုရလဒ်၊ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဆိုတဲ့ စုစည်းညီညွတ်မှုအားတို့ကို ဖော်ညွှန်းနေလျက်ရှိပါတယ်။

ခရီးစဉ်တိုင်းအောင်မြင်မှုများနဲ့အတူ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ နိုင်ငံတော်အစိုးရအနေနဲ့လည်း ပိုင်ဆိုင်လာတဲ့ အောင်မြင်မှုများနဲ့အတူ မိမိနိုင်ငံ့အရေးအတွက် နိုင်ငံ့စာမျက်နှာသစ်မှသည် အာဆီယံဒေသတွင်း၊ ကမ္ဘာ့မျက်နှာစာထိတိုင် ယုံကြည်စွာ ဆက်လက်လျှောက်လှမ်းသွားပေဦးမည်ဟု ရေးသားကာသီ စာပန်းချီအဖြစ် ခြယ်မှုန်းလိုက်ရပါတော့သည်။ ။

# တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

**စာတည်းအဖွဲ့**

ဩဂုတ် ၃ ရက်မှ ၉ ရက်အတွင်း ကြေးမုံသတင်းစာတွင်ဖော်ပြခဲ့သည့် သတင်းများအနက် နိုင်ငံခြားဆက်ဆံရေး၊ ငြိမ်းချမ်းရေး၊ ဘာသာရေး၊ ရေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ လုံခြုံရေး၊ ဆက်သွယ်ရေး၊ ရှေးဟောင်းအမွေအနှစ်၊ အားကစားနှင့် မှုခင်း စသည့်သတင်းများကို စုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

## နိုင်ငံခြားဆက်ဆံရေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ဩဂုတ် ၆ ရက်နှင့် ၇ ရက်တွင် တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပြီး ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် နယ်စပ်ဒေသတည်ငြိမ်ရေး၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး၊ စွမ်းအင်ကဏ္ဍနှင့် အာဆီယံပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။ ခရီးစဉ်အတွင်း အလုပ်သမားရေးရာ၊ အာကာသနည်းပညာနှင့် နယ်စပ်ဖြတ်ကျော်မြစ်များ စီမံခန့်ခွဲမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လေးခုကိုလည်း လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

## ငြိမ်းချမ်းရေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌဦးကျောက်ကော်အန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်၌ လက်ခံတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ "ဝ" ဒေသ၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအပြင် အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

## ဘာသာရေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကာဒီနယ်ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်၌ လက်ခံတွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ မြေနှစ်ကေပေါ်တွင် ဘုရားကျောင်းဆောက်လုပ်ရန် ခွင့်ပြုပေးခဲ့မှုအတွက် ဆရာတော်ကြီးများက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ငြိမ်းချမ်းရေးနှင့် သာသနာ့ဝပြောရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

## ရေဘေးကယ်ဆယ်ရေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပုသိမ်မြို့၌ ဩဂုတ် ၈ ရက်တွင်ကျင်းပသော လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသများ ကူညီကယ်ဆယ်ရေးအတွက် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ခဲ့ပြီး အလှူရှင်များထံမှ အလှူငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော် လက်ခံရရှိခဲ့သည်။ ထို့ပြင် ပြန်လည်ထူထောင်ရေးဆိုင်ရာ အစည်းအဝေးတွင် ရေဘေးကြောင့် စိုက်ပျိုးမြေများပျက်စီးမှုနှင့်ပတ်သက်၍ အစားထိုးသီးနှံစိုက်ပျိုးရေးနှင့် တာတမံပြုပြင်ရေးလုပ်ငန်းများကို လမ်းညွှန်မှာကြားခဲ့ကာ ကန်ကြီးထောင့်၊ ငပုတောနှင့် သာပေါင်းမြို့နယ်အတွင်းရှိ ရေဘေးအခြေအနေကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့သည်။

## ပြန်လည်ထူထောင်ရေး

အင်အားပြင်း မန္တလေးငလျင်ဒဏ်ခံခဲ့ရသောနယ်မြေများ ပြန်လည်ထူထောင်ရန် နိုင်ငံ့ဝန်ထမ်းများနှင့် စီးပွားရေးလုပ်ငန်းများအတွက် စုစုပေါင်းချေးငွေပမာဏ ၆ ဒသမ ၈၆ ဘီလီယံကို စိစစ်အတည်ပြုခဲ့ကြောင်း ဩဂုတ် ၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

## လုံခြုံရေး

နိုင်ငံတစ်ဝန်းရှိ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲများကို ဩဂုတ် ၃ ရက်တွင် ကျင်းပခဲ့သည်။

## ဆက်သွယ်ရေး

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးကြုံတွေ့နေရသည့် ဒေသခံများအတွက် အခမဲ့ဒေတာ (1GB)၊ MPT အချင်းချင်း အခမဲ့ဖုန်းခေါ်ဆိုမှု မိနစ် ၁၀၀ နှင့် SMS ၁၀၀ တို့ကို ခုနစ်ရက်အတွင်း အသုံးပြုနိုင်ရန် ပေးအပ်လျက်ရှိသည်။ လေးမျက်နှာမြို့နယ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ဂြိုဟ်တုဆက်သွယ်ရေးစက်ပစ္စည်းနှင့် မိုဘိုင်းစခန်းများကိုလည်း တပ်ဆင်ပေးထားကြောင်း ဩဂုတ် ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

## ရှေးဟောင်းအမွေအနှစ်

ကျောက်ခေတ်၊ ပျူခေတ်မှသည် ကုန်းဘောင်ခေတ်အထိ လက်ရာများဖြစ်သော ရွှေထည်၊ ငွေဒင်္ဂါးနှင့် မြေထည်ပစ္စည်း စုစုပေါင်း ၁၁၇၃ ခုကို နိုင်ငံတော်သို့ လာရောက်အပ်နှံခဲ့သည့် ပြည်သူများအား ဆုကြေးငွေကျပ် ၁၀၄၉ သန်းကျော်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်၌ ကျင်းပခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ရှိ ကလောစာတိုက် (ဟောင်း)၊ ကလောရေကူးကန်နှင့် နားနေစခန်း(ကလောကလပ်)တို့ကို ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများအဖြစ် ဩဂုတ် ၆ ရက်တွင် သတ်မှတ်ခဲ့ပြီး ကြေးပြားကမ္ပည်းမော်ကွန်းများ တပ်ဆင်ခဲ့သည်။

ထို့ပြင် ဩဂုတ် ၈ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် လွိုင်မွေမြို့ရှိ နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိသော ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် လွိုင်မွေစာတိုက်ကို ကြေးပြားကမ္ပည်းမော်ကွန်း တပ်ဆင်ဖွင့်လှစ်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ခြင်းသည် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်ပြီး နိုင်ငံ၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ရန်ဖြစ်သည်။

## အားကစား

ပြင်သစ်နိုင်ငံ၌ကျင်းပသည့် ၂၀၂၆ Esports World Cup ပြိုင်ပွဲ၏ Mobile Legends: Bang Bang ပြိုင်ပွဲတွင် မြန်မာကိုယ်စားပြု Yangon Galacticos အသင်းသည် ဗိုလ်လုပွဲတွင် ရုရှားအသင်း (Team Spirit) ကို ၄-၃ ပွဲဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ပြီး အရေးနိမ့်ခဲ့ကာ ဒုတိယဆုနှင့် ဆုကြေးဒေါ်လာ ငါးသိန်း ဆွတ်ခူးရရှိခဲ့သည်။

ထို့ပြင် ထိုင်းနိုင်ငံ၌ကျင်းပသည့် (၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအမျိုးသား လေးယောက်တွဲအသင်းသည် အိမ်ရှင်ထိုင်းအသင်းကိုအနိုင်ယူပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း ဩဂုတ် ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

## မှုခင်း

၂၀၂၆ ခုနှစ်၏ ပထမနှစ်ဝက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်မတော်တဆမှုပေါင်း ၁၆၈၆ မှု ဖြစ်ပွားခဲ့ရာ ဒဏ်ရာရရှိသူ ၂၃၇၁ ဦးရှိပြီး ၉၃၂ ဦး သေဆုံးခဲ့ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဩဂုတ် ၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများတွင် ပါဝင်ပတ်သက်သည့် တရုတ်နိုင်ငံသား ၁၄၀ အပါအဝင် စုစုပေါင်း ၁၅၆ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဩဂုတ် ၇ ရက်တွင်ဖမ်းဆီးရမိခဲ့သည်။

# တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့် အဆောက်အအုံနှင့် မြေနေရာများအတွက် နစ်နာကြေးပေးအပ်နိုင်ရေး တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့် သာစည်ကျေးရွာ တွံတေးတူးမြောင်းပိုင်မြေနေရာရှိ အဆောက်အအုံနှင့် မြေနေရာများအတွက် နစ်နာကြေးပေးအပ်နိုင်ရေး လူထုတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။



ဦးစွာ တွံတေးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်နှင့် တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်တို့က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့်စပ်လျဉ်း၍ ပြည်သူများအား ရှင်းလင်းဆွေးနွေး ပြောကြားသည်။

နစ်နာကြေးများကို သက်ဆိုင်ရာ ပြည်သူများထံ လာမည့်ရက်ပိုင်းအတွင်း အဆိုပါဘုန်းတော်ကြီး ကျောင်း၌ စနစ်တကျပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

# မုဒုံမြို့နယ်၌ မြတ်ပညာငွေစုငွေချေးသမဝါယမအသင်း ဂုဏ်ပြုဆုချီးမြှင့်

**မုဒုံ ဩဂုတ် ၉**

မွန်ပြည်နယ် မုဒုံမြို့နယ် မြတ်ပညာ ငွေစုငွေချေးသမဝါယမ အသင်းလီမိတက်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အသင်းသားများ၏ တက္ကသိုလ်ဝင်တန်းအောင် သား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအသင်းရုံး၌ ကျင်းပသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးမင်းသောင်းဟန်က အမှာစကား ပြောကြားပြီး အသင်းအတွင်းရေးမှူးက ပညာသင်ထောက်ပံ့ကြေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ရိုးရိုးအောင်မြင်သူ ၁၃ ဦး စုစုပေါင်း ၂၀ အား ဂုဏ်ပြုမှတ်တမ်းနှင့် ပညာသင်ထောက်ပံ့



ကြေးကို မုဒုံမြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**



# ပခုက္ကူတက္ကသိုလ်၌ ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ပခုက္ကူ ဩဂုတ် ၉**

ပခုက္ကူတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ ကျောင်းသူ ၁၂ ဦးတို့က ကာယအလှမယ်ပြိုင်ပွဲ ယှဉ်ပြိုင်ရာ အကဲဖြတ်ဒိုင်အဖွဲ့က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ အမှတ်ပေးရွေးချယ်ကြပြီး ဆုရရှိသူ အလှမယ်များအား ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# တနင်္သာရီတိုင်းဒေသကြီး အားကစားဖွံ့ဖြိုးတိုးတက်ရေး မြိတ်မြို့နယ် ရေပုန်းဘောလုံးကွင်း၌ ဘောလုံးသင်တန်းဖွင့်လှစ်



နေပြည်တော် ဩဂုတ် ၉

တနင်္သာရီ တိုင်းဒေသကြီး အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်မြို့နယ် ဘောလုံးအဖွဲ့ချုပ်က ရေပုန်း ဘောလုံးကွင်း၌ အပတ်စဉ် ကျောင်းပိတ်ရက်များတွင် ဘောလုံး သင်တန်း ဖွင့်လှစ်သင်ကြားပေး လျက်ရှိသည်။

ထိုသို့ သင်တန်းဖွင့်လှစ်နေမှု၊ သင်တန်းသားများ၏ လေ့ကျင့်နေမှုကို အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးပြီး နည်းပြများကို ထောက်ပံ့ငွေများ ပေးအပ်၍ အားကစားကွင်း စိမ်းလန်းစိုပြည်ရေး၊ ကွင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ဂိုးတိုင်ဂိုးပိုက်များကို စနစ်တကျတပ်ဆင်ထားရှိရေးနှင့် အားကစားသမားများ ရာသီမရွေး လေ့ကျင့်ကစားနိုင်ရန် လိုအပ်သည့်အားကစားအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးရေး မှာကြားသည်။

ဆက်လက်၍ မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညှော်ရိပ်သာခန်းမ၌ မြိတ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍အားကစားဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပြီး အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများပေးအပ်ခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်များ ပြန်လည်ပေးအပ်သည်။

အလားတူ ယမန်နေ့မွန်းလွဲပိုင်းတွင် မြိတ်ခရိုင် ညှော်ရိပ်သာ၌ မြိတ်မြို့နယ် မြို့မိမြို့ဖများ၊ အားကစား ဆပ်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီး အားကစားအဆင့်အတန်း မြင့်မားတိုးတက်စေရေးအတွက် လက်တွဲညီစွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် အားကစားရေးရာဝန်ကြီးဌာနနှင့် အတူ ပညာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ဘောလုံးအားကစားနည်းအပြင် အခြားသောအားကစားနည်းသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး အားကစားဆပ်ကော်မတီများထံ အားကစားအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်၍ မြိတ်မြို့နယ် အားကစားကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀၀ နှင့် ကျော်နေစိုးကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၃၀၀ ထောက်ပံ့ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးနှင့်အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့၌ မီနီမာရသွန်ပြိုင်ပွဲ ကျင်းပ

ပဲခူး ဩဂုတ် ၉

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီနီမာရသွန်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့၌ကျင်းပပြီး အကြီးတန်းမီနီမာရသွန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၉၀၊ အငယ်တန်း မီနီမာရသွန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၃၆၀ တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အကြီးတန်းမီနီမာရသွန်ပြိုင်ပွဲကို တိုင်းဒေသကြီးလူငယ်စင်တာခန်းမရှေ့မှ ရန်ကုန်-မန္တလေးလမ်း ဆည်မြောင်းလမ်းဆုံအထိ (၅ ဒသမ ၅)မိုင်နှင့် အငယ်တန်းမီနီမာရသွန်ပြိုင်ပွဲကို တိုင်းဒေသကြီးလူငယ်စင်တာရှေ့မှ ရန်ကုန်-မန္တလေးကားလမ်း မဟာမြိုင်လမ်းဆုံအထိ (၄)မိုင် သတ်မှတ်ယှဉ်ပြိုင်ကြရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများက ကြိုဆိုအားပေးကြပြီး အားဖြည့်အချိုရည်နှင့်မုန့်များ ဝေငှပေးကြသည်။

ဆက်လက်၍ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ပန်းဝင်လာသူတိုင်းကို သီးခြားချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၉

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ" ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား) ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို ၁၂ ဂိုး-၄ ဂိုး၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ၁၃ ဂိုး – ၂ ဂိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၉ ဂိုး – ဂိုးမရှိ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၄ ဂိုး – ၁ ဂိုး ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဖူဆယ်ပြိုင်ပွဲ (အမျိုးသား) ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိတ်ဆွေပြည်သူများ အနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ သတင်းစဉ်



# ရေတာရှည်မြို့နယ် ကျေးရွာပေါင်းစုံ အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



ရေတာရှည် ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံ အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ကျွဲရိုင်းပြင်ကျေးရွာအုပ်စု ဘောလုံးအသင်းနှင့် ငါးကြီးကွေ့ကျေးရွာအုပ်စုဘောလုံးအသင်းတို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ ကျွဲရိုင်းပြင်ကျေးရွာအုပ်စု ဘောလုံးအသင်းက အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ထို့နောက် ပထမဆုရရှိသည့် ကျွဲရိုင်းပြင်ဘောလုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဒိုင်းဆုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# MNL ကလပ် ရှမ်းယူနိုက်တက်အသင်း ပြည်တွင်း၊ ပြည်ပကစားသမားသစ်များ ခေါ်ယူ




ရန်ကုန် ဩဂုတ် ၉

မြန်မာနေရှင်နယ်လိဂ် ကလပ် ရှမ်းယူနိုက်တက်အသင်းသည်ရာသီသစ်အတွက် ပြည်တွင်း၊ ပြည်ပ ကစားသမားသစ်များ ခေါ်ယူအားဖြည့်လျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ရာသီတွင်အသုံးပြုခဲ့သည့် ကစားသမားများအနက် နိုင်ငံခြားသားကစားသမားများ၊ ပြည်တွင်းအမာခံကစားသမားအချို့နှင့် လမ်းခွဲပြီးနောက် ကစားသမားသစ်များ အင်အား ဖြည့်တင်းနေခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်းကစားသမားသစ်များအဖြစ် ရတနာပုံအသင်း ကွင်းလယ်ကစားသမား စိုးမင်းဦး၊ ဟံသာဝတီယူနိုက်တက် တောင်ပံကစားသမား ဖွဲ့မာန်သာ၊ ဒဂုံစတားယူနိုက်တက်အသင်း၏ မြန်မာ့လက်ရွေးစင်ဟောင်း ကွင်းလယ်ကစားသမား ငြိမ်းချမ်းအောင်၊ Dagon Port အသင်း နောက်ခံလူ နောင်နောင်စိုးတို့ကို ခေါ်ယူထားပြီး ယခုလအတွင်း လက်ရွေးစင်အဆင့် ကစားသမားများ ထပ်မံအင်အားဖြည့်တင်းမည်ဖြစ်သည်။ နိုင်ငံခြားသားကစားသမားခေါ်ယူမှုအဖြစ် ပြီးခဲ့သည့်ရာသီက အသုံးပြုခဲ့သည့် ကွင်းလယ်ကစားသမား မတ်ခ်ဆာကီနှင့် နောက်တန်းအစွန်လူ ယုကီတို့ကို သက်တမ်းတိုးခဲ့ပြီး ကစားသမားသစ်များ အဖြစ် ဘရာဇီးတိုက်စစ်မှူး ဒေါ့ဆန်းတို့စ်၊ ကော်စတာဂျူနီယာ၊ ရုရှားတောင်ပံကစားသမား တိုကာရက်ဗ်၊ ပြင်သစ် နောက်ခံလူ နာနီတယ်လာမီနီရီ၊ ဂါနာနောက်ခံလူ ဘိုတန်၊ ဂါနာ ကွင်းလယ်ကစားသမား စတီဖင်တို့ကိုခေါ်ယူထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် ရာသီသစ်ကို နည်းပြချုပ်သစ်ဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး မကြာမီ နည်းပြချုပ်သစ်အား ကြေညာမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် လာမည့်ရာသီတွင် ပြည်တွင်းပြိုင်ပွဲများအပြင် နိုင်ငံတကာပြိုင်ပွဲ နှစ်ခုလည်း ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ပြင်ဆင်မှုများစွာ ပြုလုပ်နေခြင်းဖြစ်သည်။

သတင်း – ရှိုင်းထက်ဇော်
ဓာတ်ပုံ – SUFC



## မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာဝိသုဒ္ဓါရုံတိုက်သစ်ရှိ စံကျောင်းပိဋကတိုက်အား အသစ်တစ်ဖန်ပြန်လည်မွမ်းမံပြင်ဆင်၊ ကျောင်းတိုက်အတွင်းရှိ လမ်းများအားလုံး နိုင်လွန်ကတ္တရာလမ်းခင်းလှူဒါန်း

**မန္တလေး ဩဂုတ် ၉**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ရွှေကျင်ဂိုဏ်းကြီး၏ ဗဟိုဌာန မဟာဝိသုဒ္ဓါရုံ တိုက်သစ်၏ ကျက်သရေဆောင်တစ်ခုဖြစ်ပြီး ပထမ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏ အထိမ်းအမှတ်ဖြစ်သော နှစ်ပေါင်း (၁၁၀) သက်တမ်းရှိ စံကျောင်း ပိဋကတိုက်ကြီးမှာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံပြင်ဆင်ရန် ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ အမှူးပြုသော ဆရာတော်များထံမှ ဩဝါဒများခံယူ၍ ကုသိုလ်ရှင်များ၏ ကောင်းမှုဖြင့် ရှေးမူမပျက် ပြန်လည်ပြုပြင် မွမ်းမံပြီးစီးခဲ့သည်။

မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စံကျောင်း ပိဋကတိုက် အသစ်တစ်ဖန် ပြန်လည် မွမ်းမံပြင်ဆင်ခြင်း၊ ကျောင်းတိုက်အတွင်းရှိ လမ်းများအားလုံး နိုင်လွန်ကတ္တရာလမ်းခင်း လှူဒါန်းခြင်း ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာဝိသုဒ္ဓါရုံတိုက်သစ် အောင်မြေသာစည် အလယ်ကျောင်းကြီးတွင် ကျင်းပရာ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ အမှူးပြုသော ဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက ဝိဓူရ လင်္ကာရဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

အခမ်းအနား၌ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ဆရာတော်များထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များ လှူဒါန်းသည့် ဓမ္မပူဇာအလှူငွေများကို တာဝန်ရှိသူများက လက်ခံခဲ့ကြသည်။

ယင်းနောက် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသထံက အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူ ကြည်ညိုကြကာ အခမ်းအနားကို ရုပ်သိမ်းပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် နှစ်ပေါင်း (၁၁၀) သက်တမ်းရှိ စံကျောင်းပိဋကတိုက်အား ရှေးမူမပျက်အသစ်တစ်ဖန် ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှု၊ ဆရာတော်ကြီး၏ ပုံတူကြေးရုပ်တုတော်နှင့် သစ်သားပုံတူ၊ ထေရုပ္ပတ္တိပန်းချီကားချပ်ကြီး ၂၃ ချပ်၊ မင်းတုန်းမင်းတရားနှင့် သီပေါမင်းတရားတို့ ဆက်ကပ်လှူဒါန်းခဲ့သည့် တံဆိပ်တုံးများ၊ ဆရာတော်ကြီး၏အသုံးအဆောင်ပစ္စည်းများ၊ ကျမ်းစာများ၊ ကျမ်းစာအုပ်များ စသည်ဖြင့်ရွှေကျင်နိကာယဗဟိုဌာန၏ မှတ်တမ်းမှတ်ရာများ၊ ရွှေကျင်ဂိုဏ်းကြီး၏ မှတ်တမ်းမှတ်ရာများကို စနစ်တကျ ထိန်းသိမ်းထားရှိမှုများနှင့် မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အောင်မြေသာစည် အလယ်တိုက်ကြီးအား ရှေးမူမပျက်ပြုပြင် မွမ်းမံထားရှိမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ချင်းတွင်းမြစ်ရိုးတစ်လျှောက် မုံရွာမြို့ အလုံရပ်ကွက်မှ မုံရွာတောင်ရပ်ကွက်အထိ ရေကင်း ၁၂ ခု ချထားပြီး ရေကြီးရေလျှံမှုကို ကာကွယ်နိုင်ရန် သတ်မှတ်နေရာအလိုက် စောင့်ကြည့်မှုများဆောင်ရွက်

**မုံရွာ ဩဂုတ် ၉**

ချင်းတွင်းမြစ်ရိုး တစ်လျှောက် မုံရွာမြို့ အလုံရပ်ကွက်မှ မုံရွာတောင်ရပ်ကွက်အထိ ရေကင်း ၁၂ ခု ချထားပြီး ရေကြီးရေလျှံမှုကို ကာကွယ်နိုင်ရန် သတ်မှတ်နေရာအလိုက် စောင့်ကြည့်မှုကို ဌာနဆိုင်ရာဝန်ထမ်း၊ ရပ်ကွက်နေပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုဖွဲ့ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ရေကင်းများချထားဆောင်ရွက်နေမှု၊ ရေထိန်းတာပေါင်များ ကြံ့ခိုင်မှု၊ ရေထိန်းတံခါးများ ကြံ့ခိုင်မှုတို့ကို ယနေ့နံနက်ပိုင်းပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ချင်းတွင်းမြစ် ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယမန်နေ့ကလည်း မူးမြစ်ရေဝင်ရောက်သည့် ကျေးရွာပြည်သူများအား ကန့်ဘလူမြို့ ခရိုင်စုပေါင်းရုံးရှိ ရွှေဆည်မြိုင်ခန်းမ၌ သွားရောက် ထောက်ပံ့ပေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးအပ်သည့် ထောက်ပံ့ငွေကျပ် ၃၂၄၂၅၀၀၀ နှင့် တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက တိုင်းဒေသကြီး အစိုးရအဖွဲ့က ပေးအပ်သည့် ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်သည်။

ထို့ပြင် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေထိန်းတမံများ ကြံ့ခိုင်မှု၊ ရေပိုလွှဲနှင့်အကူရေပိုလွှဲ ကြံ့ခိုင်မှုတို့ကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## တွံတေးခရိုင်အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တွံတေး ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က တွံတေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တွံတေးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြ၍ မြို့နယ်အလိုက် ဆောင်ရွက်ရမည့်ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးသည်။

ဆက်လက်၍ တက်ရောက်လာကြသော မြို့နယ်ဥက္ကဋ္ဌများက ပြန်လည်ဆွေးနွေး တင်ပြခဲ့ကြသည်။

ယင်းနောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ရှေ့လုပ်ငန်းစဉ်များအား စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**



## မြောက်ဥက္ကလာပမြို့နယ်၌ ပြည့်စုံဖြိုးရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး



**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်ရှိ ပြည့်စုံဖြိုး ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်နေ့ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက (ည)ရပ်ကွက် သာသနာ့လင်းရောင်ခြည်ဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သီတာမွန်က ဝန်ကြီးဌာနနှင့် ဦးစီးဌာနက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများကို အသင်းသား ဦးမြင့်ဆွေက ဖတ်ကြားတင်ပြခဲ့ပြီး အသင်းသားများ၏ အတည်ပြုချက်များ ရယူကာ အမှုဆောင်ရွေးချယ်ခဲ့ကြသည်။ အဆိုပါ အစည်းအဝေးသို့ အသင်းသား ၁၇ ဦး တက်ရောက်ပြီး အစုပေါ်အမြတ်နှင့် အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ကြံခင်းမြို့နယ်၌ ဥပဒေအသိပညာပေး ဟောပြောဆွေးနွေး

**ကြံခင်း ဩဂုတ် ၉**

ဧရာဝတီ တိုင်းဒေသကြီး ကြံခင်းမြို့နယ် နန်းမြတ်တော်ဝင် ကိုယ်ပိုင်အထက်တန်းအဆင့်သင်ကျောင်း၌ ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

ဦးစွာ ဆရာကြီး ဦးတင်ထွန်းက အမှာစကားပြောကြားပြီး မြို့မရဲစခန်းမှူး ဒုတိယရဲမှူး လှခိုင်က အွန်လိုင်းလိမ်လည်မှု၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများ၊ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်းက ကလေးသူငယ်ဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေမှ သိကောင်းစရာများ၊ ဦးကြည်ဝင်း (တရားလွှတ်တော်ရှေ့နေ)က လောင်းကစား၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ပြစ်မှုပြစ်ဒဏ်များ၊ အဖွဲ့ဝင် ဦးကြည်ဝင်း (မီးသတ်ဦးစီးမှူး-ငြိမ်း)က လူကုန်ကူးမှုများကို ဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။



**ဖြိုးဝေလင်း(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ နျူကလီးယားသိပ္ပံအိုလံပစ်ပြိုင်ပွဲတွင် တရုတ်အသင်း ဆုတံဆိပ်များရရှိ




**ပေကျင်း ဩဂုတ် ၉**

ဆော်ဒီအာရေးဗျနိုင်ငံ ဂျဒတ်မြို့တွင် ဩဂုတ် ၈ ရက်က ကျင်းပသည့် တတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ နျူကလီးယားသိပ္ပံ အိုလံပစ်ပြိုင်ပွဲတွင် တရုတ်နိုင်ငံအသင်းသည် ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ရှစ်ရက်ကြာသည့် အဆိုပါပြိုင်ပွဲသည် နိုင်ငံပေါင်း ၁၉ နိုင်ငံမှ အသင်းများကို စုစည်းပေးခဲ့ပြီး ပြိုင်ပွဲတွင် နျူကလီးယားရူပဗေဒ၊ ဓာတ်ရောင်ခြည်ကာကွယ်ရေးနှင့် နျူကလီးယားလောင်စာဆိုင်ရာ သီအိုရီနှင့် စမ်းသပ်စာမေးပွဲများ ပါဝင်သည်။ အဆိုပါပြိုင်ပွဲတွင် တရုတ်နိုင်ငံ၏ ပါဝင်မှုကို ကြိုဆိုကြောင်းနှင့် တရုတ်ကျောင်းသားများသည် ထူးချွန်သောစွမ်းဆောင်ရည်နှင့် တရုတ်လူငယ်များ၏ အပြုသဘောဆောင်သော စိတ်ဓာတ်ကို ပြသခဲ့ကြောင်း ပြိုင်ပွဲစီစဉ်ရေးကော်မတီ ကိုယ်စားလှယ် Talal Alrashidi က ပြောကြားခဲ့သည်။ ကမ္ဘာတစ်ဝန်းရှိ ထူးချွန်ထက်မြက်သော လူငယ်များနှင့် ယှဉ်ပြိုင်ရခြင်းဖြင့် "သိပ္ပံပညာတွင် ကြိုးစားအားထုတ်လေ့လာရန်နှင့် အဆင့်သစ်များတက်လှမ်းရန် မိမိ၏ စိတ်ပိုင်းဖြတ်မှုကို ခိုင်မာစေခဲ့သည်" ဟုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ရွှေတံဆိပ်ဆုရှင် Liu Siqi က ပြောကြားခဲ့သည်။

"မိမိတို့အနေဖြင့် နျူကလီးယားသိပ္ပံကို လူကြိုက်များလာစေရန် အပါအဝင် ထူးချွန်ထက်မြက်သော လူငယ်များကို နျူကလီးယားနယ်ပယ်တွင် လေ့လာရန်၊ နားလည်ရန်နှင့် ပါဝင်ဆောင်ရွက်ရန် အားပေးဆောင်ရွက်မည်" ဟု တရုတ်ကိုယ်စားလှယ်အဖွဲ့၏ အကြီးအကဲ၊ တရုတ်နျူကလီးယားစက်မှုလုပ်ငန်းမဟာဗျူဟာဌာန၏ ဒုတိယအကြီးအကဲ Wang Peng က ပြောကြားခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ ပံ့ပိုးမှုဖြင့် စတင်ခဲ့သော အဆိုပါပြိုင်ပွဲသည် နျူကလီးယားသိပ္ပံဆိုင်ရာ ကမ္ဘာ့ပထမဆုံး လူငယ်အိုလံပစ်ပြိုင်ပွဲဖြစ်ပြီး သိပ္ပံပညာရပ်တွင် လူငယ်များ၏ စိတ်ဝင်စားမှုကို လှုံ့ဆော်ပေးရန်နှင့် နိုင်ငံတကာဆိုင်ရာဖလှယ်မှုများကို မြှင့်တင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန် –စိုးသူရ**

# နာဂါဆာကီမြို့ အဏုမြူဗုံးကြဲချခံရခြင်း ၈၁ နှစ်မြောက် အောက်မေ့ဖွယ်ရာအထိမ်းအမှတ် ယနေ့ကျင်းပ

**တိုကျို ဩဂုတ် ၉**

ဂျပန်နိုင်ငံ နာဂါဆာကီမြို့ အဏုမြူဗုံးကြဲချခံရခြင်း ၈၁ နှစ်မြောက် အောက်မေ့ဖွယ်ရာ အထိမ်းအမှတ်ကို ယနေ့ ကျင်းပခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုက နာဂါဆာကီမြို့ပေါ်သို့ အဏုမြူဗုံးကြဲချခဲ့သည်မှာ ယနေ့ ဩဂုတ် ၉ ရက်တွင် ၈၁ နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

နျူကလီးယားလက်နက်များသည် လူသားမျိုးနွယ်နှင့် ဘယ်သောအခါမျှ အတူယှဉ်တွဲတည်ရှိနိုင်မည်မဟုတ်ကြောင်း မြို့တော်ဝန် ဆူဇူကီးရှီယိုက နှစ်စဉ်ကျင်းပမြဲဖြစ်သော ငြိမ်းချမ်းရေးအခမ်းအနားတွင် ပြောကြားခဲ့သည်။

အဏုမြူဗုံးပေါက်ကွဲခဲ့သည့် ၁၉၄၅ ခုနှစ် ဩဂုတ် ၉ ရက် နံနက် ၁၁ နာရီ ၂ မိနစ်အချိန်၌ နာဂါဆာကီမြို့သည် တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။ ထိုနှစ်ကုန်ချိန်အထိ လူပေါင်း ၇၃၀၀၀ ကျော် သေဆုံးခဲ့သည်ဟု ခန့်မှန်းရသည်။ အသက်ရှင်ကျန်ရစ်သူအများအပြားမှာလည်း ကင်ဆာရောဂါနှင့် ရေဒီယိုသတ္တိကြွရောင်ခြည် သက်ရောက်မှုကြောင့်ဖြစ်သော အခြားရောဂါဝေဒနာများကို ခံစားခဲ့ကြရသည်။



ဂျပန်ဝန်ကြီးချုပ် တာခိုင်ချီဆာနေးနှင့် နိုင်ငံပေါင်း ၉၈ နိုင်ငံမှ ကိုယ်စားလှယ်များက အဆိုပါ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

နာဂါဆာကီမြို့တော်ဝန် ဆူဇူကီးရှီယိုက အဏုမြူဗုံးဒဏ်သင့် သေဆုံးခဲ့သူများ၏ နောက်ဆုံးရစာရင်းကို အောက်မေ့ဖွယ်နေရာ၌ စာရင်းသွင်းခဲ့သည်။ အဆိုပါစာရင်းတွင် လူပေါင်း ၂၀၄၇၀၈ ဦး၏ အမည်များ ပါဝင်ပြီး ၎င်းတို့အနက် လွန်ခဲ့သော ၁၂ လတာကာလအတွင်း သေဆုံးခဲ့သူ သို့မဟုတ် သေဆုံးကြောင်း အတည်ပြုနိုင်ခဲ့သူ ၂၇၇၃ ဦးလည်း ပါဝင်သည်။

ဂျပန်နိုင်ငံသည် နျူကလီးယားလက်နက် မပိုင်ဆိုင်၊ မထုတ်လုပ်၊ မတင်သွင်းဟူသော နျူကလီးယားလက်နက်ဆိုင်ရာ မူဝါဒသုံးရပ်ကို ခိုင်မာစွာ ဆက်လက်ကိုင်စွဲထားကြောင်း ဝန်ကြီးချုပ်ဆာနေးက ပြောကြားခဲ့သည်။ နာဂါဆာကီမြို့ကို အဏုမြူဗုံးဒဏ် ခံခဲ့ရသည့် နောက်ဆုံးနေရာ ဖြစ်စေရမည်ဟူသော ကတိကဝတ်နှင့် စစ်ပွဲအတွင်း အဏုမြူဗုံးဒဏ်ခံခဲ့ရသည့် တစ်ခုတည်းသောနိုင်ငံအဖြစ် မိမိတို့၏ တာဝန်ဝတ္တရားကို ခံယူလျက် နျူကလီးယားလက်နက်ကင်းစင်သော ကမ္ဘာကြီးတစ်ခု ဖြစ်ပေါ်လာစေရန် လက်တွေ့ကျပြီး ဖြစ်နိုင်ခြေရှိသော ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆာနေးက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံတစ်ဝန်းရှိ ပြည်သူများက ဩဂုတ် ၉ ရက်တစ်နေ့လုံး အဆိုပါအဖြစ်ဆိုးကြီးကို အောက်မေ့သတိရလျက် ငြိမ်းချမ်းရေး၏ အရေးပါမှုကို ထပ်လောင်းအတည်ပြုဖော်ပြခဲ့ကြသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တိုင်ဖွန်းမုန်တိုင်း ဒေါ်လ်ဖင် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းဒေသများသို့ ချဉ်းကပ်ဝင်ရောက်

**တိုကျို ဩဂုတ် ၉**

အလွန်အားကောင်းသော တိုင်ဖွန်းမုန်တိုင်းတစ်ခုသည် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းဒေသများသို့ ချဉ်းကပ်ဝင်ရောက်လာသည့်အတွက် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အိုကီနာဝါစီရင်စုနှင့် ကာဂိုရှီးမားစီရင်စုရှိ အာမာမီဒေသတို့၌ မိုးသက်လေပြင်းများနှင့် အခြားသော ရာသီဥတုဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဂျပန်မိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ ဩဂုတ် ၈ ရက် ညနေ ၆ နာရီတွင် တိုင်ဖွန်းမုန်တိုင်း ဒေါ်လ်ဖင်သည် အိုကီနာဝါရှိကူမဲဂျီးမားကျွန်း၏ အနောက်–အနောက်မြောက်ဘက် ရေပြင် ၁၉၀ ကီလိုမီတာအကွာတွင် တည်ရှိနေသည်ဟု ခန့်မှန်းရပြီး ၎င်းသည် အနောက်ဘက်သို့ နှေးကွေးသောနှုန်းဖြင့် ရွေ့လျားလျက်ရှိသည်။

အာမာမီဒေသ၏ အစိတ်အပိုင်းအချို့အတွက် မြေပြိုမှုဆိုင်ရာ အဆင့် ၄ အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားသည်။

အဆိုပါမုန်တိုင်းဝင်ရောက်လာခြင်းကြောင့် အိုကီနာဝါနှင့် အာမာမီဒေသတို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ တိုင်ဖွန်းမုန်တိုင်း ဒေါ်လ်ဖင်သည် အိုကီနာဝါဒေသမှ တဖြည်းဖြည်း ဝေးကွာသွားမည်ဖြစ်သော်လည်း ၎င်း၏သက်ရောက်မှုမှာ ဆက်လက်တည်ရှိနေဖွယ်ရှိသည်။

အိုကီနာဝါကျွန်းမကြီး ဒေသတွင် မိုးသည်းထန်စေမည့် တိမ်တိုက်များ ဖြစ်ပေါ်လာနိုင်ပြီး ဘေးအန္တရာယ်ဖြစ်ပွားနိုင်ခြေကို သိသိသာသာမြင့်တက်စေနိုင်ကြောင်း မိုးလေဝသပညာရှင်များက သတိပေးပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ထိုင်းနိုင်ငံတွင်လူသွားလမ်းနှင့် စက်ဘီးလမ်းများပါဝင်သည့် ကျောက်ဖယားမြစ်ကူးတံတားတည်ဆောက်မည်

**ဘန်ကောက် ဩဂုတ် ၉**

ထိုင်းနိုင်ငံ ဘန်ကောက်ရှိ ကျောက်ဖယားမြစ်ပေါ်တွင် လူသွားလမ်းနှင့် စက်ဘီးလမ်းများပါဝင်သည့် ဘတ်တစ်ဘီလီယံတန်ဖိုးရှိ မြစ်ကူးတံတားတစ်စင်းအား တည်ဆောက်မည့်အစီအမံကို ထိုင်းတာဝန်ရှိသူများက ထုတ်ပြန်ကြေညာခဲ့သည်။

ဒေသခံများနှင့်နိုင်ငံတကာခရီးသွားများအတွက် အစိမ်းရောင်သယ်ယူပို့ဆောင်ရေးအား ချဲ့ထွင်ဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၃၀ပြည့်နှစ်တွင် လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်မည်ဟု သိရသည်။

လက်ရှိအချိန်တွင် ကျောက်ဖယားမြစ်အား ကူးသန်းသွားလာရာတွင် လမ်းလျှောက်သူများနှင့် စက်ဘီးစီးသူများအတွက် စိန်ခေါ်မှုများရှိနေကြောင်းနှင့် အဆိုပါမြစ်အား ဖြတ်ကူးသည့် ကူးတို့သင်္ဘောများမှာလည်း အချိန်အကန့်အသတ်ဖြင့်သာ ပြေးဆွဲကြောင်း သိရသည်။

ဘန်ကောက်မြို့တော်၏ အဓိကလမ်းကွန်ရက်နှင့်အတူ ပြည်သူ့ဗဟိုပြုအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒကို ဤစီမံကိန်းက ပံ့ပိုးပေးသည်ဟု ဘန်ကောက်အုပ်ချုပ်ရေးမှူး ချာချတ် ဆီတုပန့်က ပြောကြားခဲ့သည်။

"မြို့ထဲမှာ လမ်းလျှောက်သူတွေနဲ့ စက်ဘီးစီးသူတွေအတွက် ကျောက်ဖယားမြစ်ကို သီးသန့်ဖြတ်ကူးတဲ့ တံတားတစ်စင်းရှိစေချင်ကြောင်း" ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား– VN Express**
**ဘာသာပြန် –စိုးသူရ**

# ထိုင်းနိုင်ငံရှိ ကလေးသူငယ်ဖွံ့ဖြိုးရေးစင်တာအတွင်း ယာဉ်တိုက်မှုဖြစ်

**ဘန်ကောက် ဩဂုတ် ၉**

ထိုင်းနိုင်ငံ ကန်ချနာဘူရီပြည်နယ်ရှိ ကလေးသူငယ် ဖွံ့ဖြိုးရေးစင်တာအတွင်း ကားတစ်စီးဝင်တိုက်ခဲ့သဖြင့် အနည်းဆုံး ကလေး ၁၃ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းဒေသန္တရမီဒီယာသတင်းများအရ သိရသည်။

ကလေးများ အိပ်နေချိန်တွင် အဆိုပါကားသည် အရှိန်မထိန်းနိုင်ဘဲ စင်တာအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး စင်တာရှိ နံရံကို ဝင်တိုက်ခဲ့ရာမှ နံရံ ရှိ အင်္ဂတေအပိုင်းအစများ လွင့်စင်ကာ ကလေးများအား ထိမှန်ခဲ့ကြောင်း သိရသည်။

ရှေးဦး စစ်ဆေးချက်များအရ ယာဉ်မောင်းသူ ရုတ်တရက် ကျန်းမာရေးချို့ယွင်းမှုကြောင့် ယခုဖြစ်ရပ်ဖြစ်ပွားခြင်းဖြစ်ပြီး ယာဉ်မောင်းသူအပါအဝင် ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခဲ့သောကြောင့် ဖြစ်ရပ်တွင် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန် –စိုးသူရ**

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ ကြိုဆိုဂုဏ်ပြုဆောင်းပါး

# လူငယ်ရေးရာဝန်ကြီးဌာန၏ စွမ်းဆောင်မှုများ

ရွှေညာသူ(စက်မှု)

ဩဂုတ်လ ၁၂ ရက်နေ့ကို “အပြည်ပြည်ဆိုင်ရာလူငယ်များနေ့” ဟု သတ်မှတ်ထားပါသည်။ ထိုသို့သတ်မှတ်ပေးနိုင်ရန်အတွက် ၁၉၉၁ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာ (Vienna) မြို့၌ ကျင်းပသော ပထမအကြိမ် ကမ္ဘာ့လူငယ်များဖိုရမ်သို့ တက်ရောက်ခဲ့သည့် လူငယ်များက အဆိုပြုတင်ပြခဲ့ကြပါသည်။ ၎င်းလူငယ်များ၏ အဆိုပြုချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်အတွက် ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၈ ရက်နေ့က ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ကုလသမဂ္ဂနှင့်ပူးပေါင်း၍ကျင်းပသည့် ပထမအကြိမ် လူငယ်ဆိုင်ရာဝန်ကြီးများ၏ ကမ္ဘာ့ညီလာခံတွင် အကြံပြုခဲ့ကြရာ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက်အမှတ် ၅၄/၁၂၀ ဖြင့် ဩဂုတ်လ ၁၂ ရက်နေ့ကို “အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့” အဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်ပါသည်။

ထိုသို့သတ်မှတ်ခဲ့ရာမှအစပြုကာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၂၀၀၀ ပြည့်နှစ်မှစတင်၍ **အပြည်ပြည်ဆိုင်ရာလူငယ်များနေ့**ကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ကြရာ ယခု ၂၀၂၆ ခုနှစ်တွင် ၂၇ ကြိမ် တိုင်ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၈ ခုနှစ်မှ စတင်ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဝင် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနက ၂၀၂၂ ခုနှစ်မှ စတင်ကျင်းပခဲ့သည်ဖြစ်ရာ ယခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကျင်းပမည့် (၅) ကြိမ်မြောက်သို့ ရောက်ရှိခဲ့လေပြီ။

၂၀၂၂ ခုနှစ်၏ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ပေးခဲ့သည့်ဆောင်ပုဒ်မှာ **“သက်ရွယ်စုံညီ ကမ္ဘာသစ်ဆီ မျိုးဆက်အားလုံး ပူးပေါင်းပါဝင်ကူညီ” “Intergene–rational Solidarity : Creating a word for All Ages”** ဖြစ်ပါသည်။ ထိုဆောင်ပုဒ်နှင့်အညီ မျိုးဆက်သစ်များအားလုံး ပူးပေါင်းပါဝင်ပြီး လှပသောကမ္ဘာသစ်ဆီသို့လူသားအားလုံး လျှောက်လှမ်းနိုင်ရန်အတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနက တတ်စွမ်းသမျှ ဆောင်ရွက်ခဲ့ပါသည်။

### ဌာနခွဲလေးခု ကဏ္ဍ ၁၆ ရပ်

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲ၊ လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်ရေးနှင့် အသိပညာပေးဌာနခွဲ၊သတင်းပြန်ကြားရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနခွဲ၊ မသန်စွမ်းလူငယ်ရေးရာဌာနခွဲဟူ၍ ဌာနခွဲလေးခုဖွဲ့စည်းပြီး လူငယ်မူဝါဒပါလူငယ်ဆိုင်ရာ ကဏ္ဍ ၁၆ ရပ်ကို အလေးပေး၍ လူငယ်ကဏ္ဍပေါင်းစုံကို မြှင့်တင်ပေးလျက်ရှိပါသည်။

ထို့အပြင် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (Senior Officials Meeting on Youth – SOMY)၊ အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများ အစည်းအဝေး (ASEAN Ministerial Meeting on Youth – AMMY)၏ တာဝန်ဝတ္တရားများကိုလည်း ဗဟိုချက်ဌာနအဖြစ် ၂၀၂၂ ခုနှစ် မတ်လမှစတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ အာဆီယံလူငယ်ရေးရာ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အာဆီယံလူငယ်ဆိုင်ရာရန်ပုံငွေကိုလည်း နှစ်စဉ်ထည့်ဝင်လျက်ရှိပါသည်။

၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၏ လမ်းညွှန်မှုများဖြင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး **“လူငယ်အင်အား စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့”**ဟူသည့် လူငယ်ဆောင်ပုဒ်နှင့်အညီ မြန်မာ့လူငယ်များ စွမ်းဆောင်ရည်ပြည့်ဝပြီး နိုင်ငံတော်၏ဂုဏ်ကို ဆောင်နိုင်ရန်အတွက် လူငယ်အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ၊ အားကစားသင်တန်းများ၊ လူငယ်ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ လူငယ်ဖိုရမ်များ၊ အာဆီယံဆောင်ရွက်ချက်များ၊ မသန်စွမ်းလူငယ်ရေးရာ ဆောင်ရွက်ချက်များ၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့နှင့် လူငယ်လေ့လာရေးခရီးစဉ်များ စသည့်လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက် ၂၄၂၆ ကြိမ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ဆောင်ပုဒ်မှာ **“ကမ္ဘာကြီးရေရှည်တည်တံ့ဖို့ လူငယ်စွမ်းအားဖြင့် ဖန်တီးစို့” “Green Skill For Youth toward Sustainable word”** ဖြစ်ပါသည်။ အနာဂတ်နိုင်ငံတော်၏ အကောင်းအဆိုးသည် ယနေ့လူငယ်များ၏ စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့အပေါ် တည်မှီလျက်ရှိပါသည်။ တိုင်းပြည်၏ အခန်းကဏ္ဍအားလုံးတွင် ပခုံးပြောင်းတာဝန်ထမ်းဆောင်ရမည့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် စနစ်တကျ ပြုစုပျိုးထောင်ပေးရန် အရေးကြီးပါသည်။

ထိုကဲ့သို့ လူငယ်များ၏အခန်းကဏ္ဍ အရေးကြီးသည်ဖြစ်ရာ လူငယ်များဗလငါးတန်နှင့် ပြည့်စုံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်၏ သားကောင်းရတနာများဖြစ်လာစေရန် ရည်ရွယ်ကျင်းပခဲ့သည့် လူငယ်ဆိုင်ရာသင်တန်းများ၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၁၉၂၉ ကြိမ် ကျင်းပနိုင်ခဲ့သည်မှာ လူငယ်ရေးရာဦးစီးဌာန၏ လူငယ်ဆိုင်ရာဆောင်ရွက်ချက် မှတ်တိုင်တစ်ခုပင်ဖြစ်ပါသည်။

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဆောင်ပုဒ်မှာ **“စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး” “From Clicks to Progress: Youth Digital Pathways For Sustainable Development”** ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာစေရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများကို ပိုမိုအားကောင်းလာစေရန်၊ အရည်အသွေးပြည့်မီပြီး သိပ္ပံနှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများ အားပေးမြှင့်တင်နိုင်ရန်အတွက် Polytechnic University ကျောင်းများကို ၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ပေးလျက်ရှိပါသည်။

### အခွင့်အရေးနှင့် တာဝန်များ

ထိုကျောင်းများမှတစ်ဆင့် အရည်အသွေးပြည့်မီသည့် နည်းပညာရှင်လူငယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး နည်းပညာကျွမ်းကျင်သည့် လူငယ်များ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။ လူငယ်ဖိုရမ်များ၊ လူငယ်လေ့လာရေးအစီအစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်များ ကျင်းပပြုလုပ်ခြင်းအားဖြင့် လူငယ်များသည် မိမိနိုင်ငံနှင့် ယဉ်ကျေးမှုအပေါ် တန်ဖိုးထားချစ်မြတ်နိုးစိတ်များ တိုးပွားလာပြီး နိုင်ငံ့သားကောင်းတစ်ယောက်၏အခွင့်အရေးနှင့် တာဝန်များကို ပိုမိုသိရှိနားလည်လာစေမည်ဖြစ်ပါသည်။

၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနက ထိုကဲ့သို့သော လူငယ်ကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်ချက်များကို အကြိမ်ပေါင်း ၁၃၅၀ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကျင်းပနိုင်ခဲ့ပြီး လူငယ်များကိုယ်ရည်ကိုယ်သွေးမြင့်မား၍ ထက်မြက်လာစေရန်အတွက် စွမ်းစွမ်းတမံ ကူညီပံ့ပိုးဆောင်ရွက်နိုင်ခဲ့သည်ဖြစ်ရာ လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာအကျိုးပြုနိုင်ခဲ့ပါသည်။

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ဆောင်ပုဒ်မှာ **“လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဆီ” “Local Youth Actions For The SDGs And Beyond”** ဖြစ်ပါသည်။ လူငယ်စွမ်းအားများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်သို့ရောက်ရှိနေစေရန်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနက လူငယ်မြှင့်တင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် AI (Artificial Intelligence ) အပါအဝင် နည်းပညာနှင့်သက်ဆိုင်သည့် အသိပညာမျှဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

### အနာဂတ်ကို အကောင်းဆုံးပုံဖော်နိုင်မည့် လူငယ်အခန်းကဏ္ဍများ

လူငယ်များအတွက် ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးနှင့် နိုင်ငံသားကောင်းစိတ်ဓာတ်များ ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် ကိုယ်ကာယပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိစေမည့် အစီအစဉ်များကိုလည်း တိုးမြှင့်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အနာဂတ်ကို အကောင်းဆုံးပုံဖော်နိုင်မည့် လူငယ်အခန်းကဏ္ဍများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်တွင် လူငယ်ရေးရာဆွေးနွေးပွဲများ၊ လူငယ်အသိပညာပေးဟောပြောပွဲစသည်များကို ၁၄၅၉ ကြိမ်တိုင်တိုင် ပါဝင်ကျင်းပနိုင်ခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် လူငယ်ကဏ္ဍမြှင့်တင်ရေးအတွက် လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၁၅ ရက် ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။ ထိုသို့ ကျင်းပသည်မှာ စွမ်းရည်ပြည့်ဝနှလုံးလှသည့် လူငယ်များမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ လျှောက်လှမ်းနိုင်ရန်အတွက် –

- ငြိမ်းချမ်းရေးနှင့် လူမှုအသိုက်အဝန်းတည်ငြိမ်ရေးတွင် အားလုံးပါဝင်သော လူငယ်များ၏ဆောင်ရွက်ချက်များ အရေးကြီးမှုကို ပေါ်လွင်စေရန်၊
- ပတ်ဝန်းကျင်တစ်ရပ်တွင် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သောကိစ္စရပ်များ၊ စိတ်သဘောထားများနှင့်ပတ်သက်၍ ဆွေးနွေးအဖြေရှာရန်နှင့် လူငယ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်၊
- ငြိမ်းချမ်းသော အသိုက်အဝန်းများ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေရန်နှင့် ရွေးကောက်ပွဲလွန်ကာလ၌ လူငယ်များ၏ လက်တွေ့ကျသောအခန်းကဏ္ဍကို ဖော်ထုတ်ရန်၊
- တွေ့ဆုံဆွေးနွေးခြင်း၊ ကြားဝင်ဖျန်ဖြေခြင်းနှင့် တာဝန်ယူမှုရှိသော ဆက်သွယ်ဆောင်ရွက်ခြင်းတို့တွင် လူငယ်များ၏ စွမ်းရည်များ ပိုမိုခိုင်မာလာစေရန်၊
- ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ လူမှုရေးလုပ်ငန်းဆိုင်ရာ အနာဂတ်စီမံချက်တစ်ရပ်ရေးဆွဲနိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့် လူငယ်များ၏အကြံပြုချက်များ ပေါ်ထွက်လာစေရန်၊
- လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှ ပေါ်ထွက်လာသည့် အကြံပြုချက်များကိုစုစည်း၍ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် လူငယ်ငြိမ်းချမ်းရေးဆိုင်ရာ ကြေညာစာတမ်းတစ်ရပ် Youth Peace Declaration အား ရေးဆွဲတင်ပြရန် စသည့်အချက်များကို ရည်ရွယ်ကြောင်း သိရှိရသည်။

> **“ နိုင်ငံတော်အစိုးရက လူငယ်များ၏ တိုးတက်ရန်လမ်းကြောင်းအတွက် လိုအပ်ချက်၊ အားနည်းချက်များကို ဖြည့်ဆည်းဆောင်ရွက် ထောက်ပံ့ကူညီပေးနိုင်ရန် စီစဉ်ပေးလျက်ရှိရာ လူငယ်များနှင့်သက်ဆိုင်သည့် အခန်းကဏ္ဍအသီးသီးကို ကောင်းမွန်စွာပံ့ပိုးပေးရန်အလို့ငှာ လူငယ်ရေးရာဝန်ကြီးဌာနဟူ၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်နှင့်အညီ လူငယ်ရေးရာဝန်ကြီးဌာနသည် တတ်စွမ်းသမျှဖြင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် လူငယ်ရေးရာဝန်ကြီးဌာနသည် လူငယ်များအတွက် ယခင်ကထက် အခွင့်အလမ်းများ ပွင့်လန်းရာနယ်မြေဖြစ်လာခဲ့ချေပြီ။ ထို့အပြင် အောင်မြင်မှုပန်းတိုင်များစွာသို့ လူငယ်များရောက်ရှိစေရန် ပံ့ပိုးကူညီပေးသည့် သမိုင်းမော်ကွန်းရေးထိုးပေးနိုင်မည့် ဝန်ကြီးဌာနတစ်ခုအဖြစ် မားမားမတ်မတ်ရပ်တည်လျက်ရှိ ”**

စာမျက်နှာ ၁၅ သို့ ❂

## ဗဟန်းမြို့နယ်၌ သမဝါယမအသင်းလီမိတက်စည်းဝေး

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက အသင်း၏လုပ်ငန်းဆောင်တာများကို ရှင်းလင်းပြောကြားပြီး အသင်းမှ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားတင်ပြပြီး အတည်ပြုချက် ရယူသည်။

ထို့နောက် မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက သမဝါယမအသင်း၏စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး အမှုဆောင်သစ် ငါးဦးအား အတည်ပြုချက်ရယူသည်။

ယင်းနောက် အသင်းသားများအား အစုပေါ်အမြတ်နှင့် ဆန်၊ ဆီ၊ ဆားများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ဗလ



## စစ်ကိုင်းမြို့၌ နန်းဦးမြို့သစ်ဝန်ထမ်းအိမ်ရာစီမံကိန်းများ တည်ဆောက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၉

စစ်ကိုင်း တိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် ဝန်ထမ်းများအတွက် နန်းဦးမြို့သစ် ဝန်ထမ်းအိမ်ရာ စီမံကိန်းအသစ် တည်ဆောက်လျက်ရှိသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးရာ စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက မန္တလေးလျှောင်ဒဏ်ကြောင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးမှုနှင့် အရာထမ်း၊ အမှုထမ်းများအတွက် အိမ်ရာအသစ် အဆောက်အအုံ ခုနစ်လုံး စုစုပေါင်း ၁၁၂ ခန်းကို မြန်မာမြို့ပြနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း(MDA)က တည်ဆောက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ငလျှင်ဒဏ်ကြောင့် Modular Houses များတွင် နေထိုင်နေရသည့် ဝန်ထမ်းများ တိုက်ခန်းများပေါ်သို့ အမြန်ဆုံး ပြန်လည်နေထိုင်နိုင်ရန် လုပ်ငန်းများ လျင်မြန်စွာပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားပြီး ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် နေပြည်တော် - မန္တလေး လမ်းပိုင်းစကားအင်းတိုးလ်ဂိတ်တွင် လမ်းအသုံးပြုခကောက်ခံနေမှုနှင့် တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင်လမ်း မိုင် (၄/၀-၅/၀) ပေါ်တွင် အသစ်တည်ဆောက်လျက်ရှိသော ပေ ၈၀ တံတားအမှတ် (၃/၅) တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ရန်ကုန် - မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၅၈/၁)ရှိ ဒုဋ္ဌဝတီတံတားအသစ် ပြန်လည်တည်ဆောက်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး Steel Box Girder အမျိုးအစားနှင့် ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မ တံတားအမျိုးအစားအဖြစ် တည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း၊ တံတားပြီးစီးသည်နှင့် ရန်ကုန်မှ မန္တလေးသို့ အမြန်လမ်းအတိုင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်၍ လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❂ စာမျက်နှာ ၁၄ မှ

လူငယ်ဖိုရမ်တွင် **လူငယ်များ၏အခန်းကဏ္ဍကို လူငယ်နှင့် ခေတ်မီတိုးတက်သော နိုင်ငံရေးအမြင်၊ မျိုးချစ်စိတ်ကို အခြေခံသော ပြည်ထောင်စုစိတ်ဓာတ်ခေါင်းစဉ်ဖြင့်** ပညာရှင်များဆွေးနွေးခဲ့ကြသည့် ပညာဆိုသည်မှာ အမှားအမှန်ကို ခွဲခြားနိုင်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက ကျောင်းသင်ပညာရေးသည် အတတ်ပညာကို ပေးစွမ်းနိုင်ပြီး စာဖတ်ခြင်းသည် အသိပညာများ ပေးစွမ်းနိုင်သည်ဟု ပြောကြားခဲ့ကြောင်း၊ အတန်းပညာအားနည်းပါက အတတ်ပညာမဲ့မည်ဖြစ်သကဲ့သို့ အသိပညာမဲ့ပါကလည်း ညီညွတ်ရေးပျက်ပြားမည်ဖြစ်ကြောင်း၊ အတတ်ပညာသည် လူတော်ဖြစ်စေပြီး အသိပညာသည် လူကောင်းဖြစ်စေကြောင်း၊ အမေရိကန်သမ္မတ ရုစဗဲ့၏ အဆိုအရ လူငယ်များမပါရှိဘဲ အနာဂတ်ကိုတည်ဆောက်၍ မရနိုင်ကြောင်း၊ လူငယ်များ၏ ရည်ရွယ်ချက်ပျောက်ဆုံးပါက တိုင်းပြည်၏အနာဂတ်လည်း ပျောက်ဆုံးမည်ဖြစ်ပါကြောင်း၊ လူငယ်များသာမက လူကြီးများပါ လွတ်လပ်ခွင့်ကိုမြတ်နိုးပြီး ချုပ်ချယ်မှုကို မနှစ်သက်ကြကြောင်း၊ လွတ်လပ်ခွင့်တွင် အနုတ်လက္ခဏာဆောင်သော လွတ်လပ်ခွင့် (Negative Freedom) နှင့် အပြုသဘောဆောင်သော လွတ်လပ်ခွင့် (Positive Freedom) ဟူ၍ နှစ်မျိုးရှိပါကြောင်း၊ ဥပဒေမဲ့ လွတ်လပ်မှုမျိုးမှာ မည်သည့်အကျိုးကျေးဇူးမျှရရှိနိုင်မည်မဟုတ်ဘဲ မိမိကိုယ်မိမိ အမှန်တကယ် သိရှိနားလည်မှုမှတစ်ဆင့် ရရှိလာသော လွတ်လပ်ခွင့်မျိုးသည်သာ အနှစ်သာရရှိပါကြောင်းဆိုသည့် အချက်အလက်များကို တွေ့ရှိရပါသည်။

ထို့အပြင် လူငယ်များအနေဖြင့် မှန်ကန်သည့် နိုင်ငံရေးအသိအမြင်ရှိမှသာ နိုင်ငံချစ်စိတ်ရှိလာမည်ဖြစ်ပြီး နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်စေမည့်အပြုအမူများကို ရှောင်ရှားနိုင်မည်ဖြစ်ပါကြောင်း၊ **မကျေနပ်ချက်များကို အကြမ်းမဖက်ဘဲ ဖြေရှင်းဆောင်ရွက်ခြင်းသည် နိုင်ငံရေးဖြစ်ပြီး အကြမ်းဖက်နည်းလမ်းကိုသုံးစွဲပါက အကြမ်းဖက်သမားသာ ဖြစ်သွားမည်**ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် အစိုးရကို ခွဲခြားသိမြင်ရန် လိုအပ်ကြောင်း၊ **နိုင်ငံတော်သည် ထာဝရဖြစ်ပြီး အစိုးရသည် ယာယီသဘောသာဖြစ်ကြောင်း၊** မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် အမျိုးသားအကျိုးစီးပွားကို အထိခိုက်ခံ၍ မရကြောင်း၊ နိုင်ငံတော်စည်းလုံးညီညွတ်မှသာ တစ်ဦးချင်းစီ၏ရှင်သန်မှုသည် အဓိပ္ပာယ်ရှိမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြား ဆွေးနွေးခဲ့ပါသည်။

ထို့နောက် **အေဘရာဟမ်လင်ကွန်း**(Abraham Lincoln) ပြောကြားခဲ့သည့် နိုင်ငံတစ်နိုင်ငံသည် **တိုင်းတစ်ပါးကျူးကျော်မှုသိမ်းပိုက်လို့ နိုင်ငံပျောက်ကွယ်မသွားနိုင်ဘဲ ပြည်တွင်းစည်းလုံးမှုပြိုကွဲရင်တော့ ပျောက်ကွယ်နိုင်သည်ဟု** ဆိုခဲ့ကြောင်း၊ **သီအိုဒိုရုစဗဲ့** (Theodore Roosevelt) ကလည်း **မျိုးချစ်စိတ်ဆိုသည်မှာ နိုင်ငံတော်ဘက်က ရပ်တည်ပေးခြင်းဖြစ်ပြီး သမ္မတ (သို့) အစိုးရဘက်က ရပ်တည်ခြင်းမျိုး မဟုတ်**ဟုဆိုခဲ့ကြောင်းနှင့် **ဗိုလ်ချုပ်အောင်ဆန်း၏အဆိုအရ** မည်သည့် နိုင်ငံတွင်မဆို လူမျိုးတစ်မျိုးတည်းသာရှိသည့်နိုင်ငံဟူ၍ မရှိပါကြောင်း၊ **လူမျိုးဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုတို့ထက် အတူတကွ ယှဉ်တွဲနေထိုင်ခြင်း Civic Nationalism သည်သာ အဓိက** ဖြစ်ပါကြောင်း၊ နိုင်ငံသားတိုင်းသည် မိမိကိုယ်ကျိုးထက် နိုင်ငံအေးချမ်းသာယာရေးအတွက် ကြိုးစားရန်တာဝန်ရှိပြီး မိမိလူမျိုးကိုသာဗဟိုပြုခြင်း Ethnocentrism သည် နိုင်ငံ၏စည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်ကြောင်းစသည့် ဆွေးနွေးခဲ့ပုံများကို **၂၀၂၆ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC – National Solidarity and Peacemaking Negotiation Committee) မှ ထုတ်ဝေသည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လူငယ်များပါဝင်မှုကို မြှင့်တင်ပေးဆိုသည့် စာအုပ်အား လေ့လာဖတ်ရှုသိရှိနိုင်ပါသည်။**

နိုင်ငံတော်အစိုးရက လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နိုင်ရန်အလို့ငှာ ယခင်ဖွဲ့စည်းထားသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းလာစေရန်နှင့် လူငယ်ရေးရာမူဝါဒနှင့်အညီ လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက်ရည်ရွယ်ပြီး ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်နေ့မှစ၍ အားကစားရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာနဟု သီးခြားခွဲ၍ ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ ဝန်ကြီးဌာနတစ်ခုအဖြစ် ပြောင်းလဲတိုးတက်လာသည်နှင့်အညီ လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်အောင် မူဝါဒများ၊ ရည်မှန်းချက်များကို စနစ်တကျ အကောင်အထည်ဖော်ကာ လုပ်ငန်းစဉ်များကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။ လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူငယ်လူရွယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် အသင်းအဖွဲ့များဖွဲ့စည်းခြင်း၊ ကင်းထောက်အဖွဲ့အစည်းများ ပြန်လည်အသက်သွင်းခြင်း၊ လူငယ်ပရဟိတအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ အသင်းအလိုက် လှုပ်ရှားမှုများဆောင်ရွက်စေခြင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း လူငယ်ဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်ဒေသနေလူငယ်များသည်လည်း အသိပညာပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပါသည်။

### ရင်းနှီးချစ်ခင်မှုနှင့် နားလည်ယုံကြည်မှု

ထို့နောက် မြန်မာလူငယ်များ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ စာပေ၊ ဂီတ၊ အနုပညာ သုခုမများကို လေးစားတန်ဖိုးထားတတ်စေရန် ဆောင်ရွက်ခြင်းနှင့် ပြည်တွင်း/ပြည်ပ အနုပညာ၊ ယဉ်ကျေးမှု စသည့် နှီးနှောဖလှယ်ပွဲအစီအစဉ်များကို မြှင့်တင်ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းအားဖြင့် မတူညီသည့် ဒေသအသီးသီးမှ လူငယ်များ တွေ့ဆုံဆွေးနွေးခွင့် ရရှိသည့်အတွက် လူငယ်ထုအကြား ရင်းနှီးချစ်ခင်မှုနှင့် နားလည်ယုံကြည်မှု တည်ဆောက်ပေးနိုင်မည် ဖြစ်ပါသည်။

လူငယ်ရေးရာဝန်ကြီးဌာနသည် ယခု "(၅)ကြိမ်မြောက်"သို့ ရောက်လာပြီဖြစ်သော ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကိုကျင်းပနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် **"လူငယ်ကဏ္ဍကိုအားပေးမြှင့်တင်လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကြပါစို့"** ခေါင်းစဉ်ဖြင့် လူငယ်အသိပညာပေးဆွေးနွေးပွဲ လူငယ်စကားဝိုင်းကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါသည်။ လူငယ်များအနေဖြင့် အကျိုးရှိရှိ လေ့လာနိုင်ရန်နှင့် လူငယ်များ၏တီထွင်ကြံဆ လုပ်ကိုင်နိုင်သည့် စွမ်းဆောင်မှုကို အားပေးမြှင့်တင်သည့်အနေဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့မှ စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များ ကိုယ်တိုင် ထုတ်လုပ်ထားသည့် ဒေသထွက်ကုန်ထုတ်ပစ္စည်းများကို ပြသနိုင်ရန် MSME ပြခန်းများကိုလည်း ပြသသွားမည်ဖြစ်ပါသည်။ ထို့အပြင် ထူးချွန်လူငယ်များနှင့် ၂၄ - ၇ - ၂၀၂၆ ရက်နေ့တွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းပေါင်းစုံ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင်ဆုရရှိသူ ကျောင်းသား ကျောင်းသူများကိုလည်း ဆုများ ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက လူငယ်များ၏ တိုးတက်ရန်လမ်းကြောင်းအတွက် လိုအပ်ချက်၊ အားနည်းချက်များကို ဖြည့်ဆည်းဆောင်ရွက်ထောက်ပံ့ကူညီပေးနိုင်ရန် စီစဉ်ပေးလျက်ရှိရာ လူငယ်များနှင့် သက်ဆိုင်သည့် အခန်းကဏ္ဍအသီးသီးကို ကောင်းမွန်စွာ ပံ့ပိုးပေးရန်အလို့ငှာ လူငယ်ရေးရာဝန်ကြီးဌာနဟူ၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်နှင့်အညီ လူငယ်ရေးရာဝန်ကြီးဌာနသည် တတ်စွမ်းသမျှဖြင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် လူငယ်ရေးရာဝန်ကြီးဌာနသည် လူငယ်များအတွက် ယခင်ကထက် အခွင့်အလမ်းများ ပွင့်လန်းရာနယ်မြေဖြစ်လာခဲ့ချေပြီ။ ထို့အပြင် အောင်မြင်မှုပန်းတိုင်များစွာသို့ လူငယ်များ ရောက်ရှိစေရန် ပံ့ပိုးကူညီပေးသည့် **သမိုင်းမော်ကွန်းရေးထိုးပေးနိုင်မည့် ဝန်ကြီးဌာနတစ်ခု** အဖြစ် မားမားမတ်မတ်ရပ်တည်လျက်ရှိပါသည်။

ဆက်လက်၍ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် လူငယ်များကို စိတ်ပါဝင်စားစွာ အားကြိုးမာန်တက် ပါဝင်ပူးပေါင်းလာစေရန်ကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရုံးက ချမှတ်ပေးထားသည့် **"နောက်ခံမတူကြွားရည်မှန်းတူထား လူငယ်အား" "Different Contexts, Common Aspirations"** ဆိုသည့် လူငယ်ဆောင်ပုဒ်နှင့်အတူ လူငယ်ရေးရာဝန်ကြီးဌာနမှ ကျင်းပမည့် (၅)ကြိမ်မြောက် **"အပြည်ပြည်ဆိုင်ရာလူငယ်များနေ့"**ကို ကြိုဆိုဂုဏ်ပြုရေးသားတင်ပြလိုက်ရပါတော့သည်။ ။

**ကိုးကား -**

- **လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ စာအုပ်**
- **လူငယ်ရေးရာဝန်ကြီးဌာန၊ လစဉ်အစီရင်ခံစာ**





# မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်နှင့် မတ္တရာမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ကျေးရွာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် ဩဂုတ် ၅ ရက်မှ ၈ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ် ၅ ရက်မှစတင်ကာ မြေသားအိကျ၍ မြေပြိုကျမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ထိုသို့ မြေပြိုကျမှုများကြောင့် မိုးကုတ်မြို့နယ်ရှိ ကျပ်ပြင်ရပ်ကွက်၏ အနောက်ဘက် ပန်းမရပ်၊ ရွှံ့ပန်းရပ်ကွက်၊ ကျောက်ဆင်ကျေးရွာနှင့် ဘော်မားကျေးရွာများ၌ လူနေအိမ်များပြိုကျပျက်စီးခြင်း၊ အုတ်တံတိုင်းများပြိုကျပျက်စီးခြင်း၊ ကတ္တရာလမ်းများ နိမ့်ဝင်ပျက်စီးခဲ့သဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိဘဲ လမ်းများယာယီပိတ်ထားခဲ့ရသည်။

အဆိုပါနေရာများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ပြည်သူများ ဘေးအန္တရာယ်မဖြစ်စေရန် လိုအပ်သောကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မြေပြိုကျမှုကြောင့် ကားလမ်းများပိတ်နေသည့်အတွက် Loader ယာဉ်များဖြင့် မော်တော်ယာဉ်များ ယာယီဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ လိုအပ်သောကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မတ္တရာမြို့နယ် ဆည်တော်ကြီးကျေးရွာရှိ ဆည်တော်ကြီးရေလှောင်တမံ၌ ရေဝင်ရောက်မှုများပြားကာ ဆည်ရေပြည့်ရေလှောင်ပမာဏထက် ကျော်လွန်လာသဖြင့် ရေလှောင်တမံအနီးရှိ ကျေးရွာများနှင့် ဒေသအခေါ် တံငါတံတား(ကျောက်စရစ်ကုန်းတံတား) အား ထိခိုက်မှုမရှိစေရေး ဩဂုတ် ၇ ရက်တွင် ပိုလျှံရေများကို အကျယ် ပေ ၄၀၊ အမြင့် ၃၅ ပေရှိ ရေပိုလွှဲတံခါးကြီး ခုနစ်ခုမှ တံခါးတစ်ခုလျှင် ပျမ်းမျှ နှစ်ပေခန့်ဖွင့်ဖောက်၍ ရေထိန်းညှိလျှော့ချခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် မတ္တရာမြို့နယ် တံငါတောင်ကျေးရွာအနီး မန္တလေး-သပိတ်ကျင်း-မိုးကုတ်သွား ကားလမ်းမပေါ် ရေကျော်စီးဆင်းမှု ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ရေကျော်စီးဆင်းမှုများကြောင့် မတ္တရာမြို့နယ် အထက်တောင်ကိုင်းကျေးရွာအတွင်းရှိပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများကို ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ ဝေငှပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန်ကူညီ

နေပြည်တော် ဩဂုတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့၊ ရွာများ၌ ဩဂုတ် ၅ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ကျေးရွာ/ရပ်ကွက်များနှင့် လယ်ယာစိုက်ခင်းများအတွင်း ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ကျေးရွာ/ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုကြောင့် ရေဦးမြို့နယ်ရှိ ဆီဆုံကျေးရွာအုပ်စု သာယာကုန်းကျေးရွာရှိ ဒေသခံပြည်သူများအား ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာရှိ မြင့်တင်ဘုန်းတော်ကြီးကျောင်းတိုက်သို့ လည်းကောင်း၊ မင်းကင်းမြို့နယ် သရက်တောရပ်ကွက်ရှိ ဒေသခံပြည်သူများအား မင်းကင်းမြို့ မြို့မရပ်ကွက်ရှိ ယွန်းဘုန်းတော်ကြီးကျောင်းသို့ လည်းကောင်း၊ မင်းကင်းမြို့နယ် ကျေးတောင်ဦးကျေးရွာနှင့် ရေပုတ်ချောင်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျေးတောင်ဦးကျေးရွာ ရွှေဇဝါထွန်း ဘုန်းတော်ကြီးကျောင်းသို့ လည်းကောင်း ယာယီရွှေ့ပြောင်းနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီ ကယ်ဆယ်ရေးအသင်းအဖွဲ့များက သွားရောက်ကူညီဆောင်ရွက်ပေးကြပြီး ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သော ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးနိုင်ရေး အတွက် မြို့နယ်အလိုက်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့အပြင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပိုင်းရှိ တံတားအမှတ် ၁/၂၃၀ သံကူ ကွန်ကရစ်တံတား၏ ဘယ်ဘက်ခြမ်း မြေထိန်းနံရံ ရေတိုက်စားသွားကာ ကတ္တရာလမ်းများ နိမ့်ဝင်ပျက်စီးခဲ့သဖြင့် လမ်းပေါ်ရေကျော်လျက်ရှိပြီး ယာဉ်ကြီးများသာ သွားလာနိုင်ကြောင်းသိရသည်။

ယင်းအပြင် ရွှေဘိုခရိုင်အတွင်း ကျေးရွာအုပ်စု ၃၃ အုပ်စုမှ လယ်ယာစိုက်ခင်းများနှင့် ကျွန်းလှမြို့နယ်၊ မန်ကျည်းအင်း ကျေးရွာအုပ်စု၊ လယ်လှကျေးရွာအုပ်စုနှင့် ရှမ်းစုကျေးရွာများရှိ လယ်ယာစိုက်ခင်းများအား ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# သီပေါမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နမ့်ပေါ့ချောင်း ကျောက်စီမြေထိန်းနံရံ ပြိုကျပျက်စီးသဖြင့် ရေတိုက်စားမှုဖြစ်ပေါ်သည့် ကျေးရွာများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ဩဂုတ် ၅ ရက်မှ ၈ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွာသစ်ကျေးရွာအုပ်စု ညောင်ပင်ကွင်းကျေးရွာရှိ နမ့်ပေါ့ချောင်း ကျောက်စီမြေထိန်းနံရံသည် ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီခန့်တွင် ပြိုကျပျက်စီးသွားကြောင်း သိရသည်။

အဆိုပါမြေထိန်းနံရံ ပြိုကျပျက်စီးမှုကြောင့် ရေစီးလမ်းကြောင်းပြောင်းကာ ရေတိုက်စားမှုကြောင့် ညောင်ပင်ကွင်းကျေးရွာမှ ဦးဆုပညာ၏ နေအိမ်ခြံဝင်းရှိ ရေချိုးခန်း၊ အိမ်သာတွဲလျက် တစ်လုံး၊ ဒေါ်ခိုင်၏ နေအိမ်ခြံစည်းရိုးအုတ်တံတိုင်း အရှည်ပေ ၆၀ ခန့် ပြိုကျပျက်စီးသွားခဲ့ရသည်။

အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ရေတိုက်စားမှုကြောင့် မြေပြိုခြင်းများမှ ကာကွယ်ရန် သဲအိတ်များစီ၍ အတားအဆီးများပြုလုပ်ခြင်း၊ လိုအပ်သောကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးခြင်း၊ စက်ယန္တရားများ အသုံးပြု၍ ရေလမ်းကြောင်းလွှဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေတိုက်စားမှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရမှုမရှိကြောင်း သိရသည်။

သတင်းစဉ်



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အကျိုးရှိရှိဖော်ဆောင်စေချင်.....ရင်းနှီးကျွမ်းဝင် ခရီးစဉ်(၂)

စည်သူကျော်

Fam Trip ဆိုသည်မှာ မဟာဗျူဟာကျကျ စီစဉ်ဆောင်ရွက်ရသော ဈေးကွက်မြှင့်တင်ရေး လုပ်ဆောင်ချက်တစ်ခုဖြစ်ပါသည်။ Fam Trip is not a free trip ( အခမဲ့ အပျော်သဘောသက်သက် ရှုမြင်ဆောင်ရွက်ရသော အရာတစ်ခုမဟုတ်ပါချေ။) Fam Trip အတွေ့အကြုံများကို စီးပွားရေးရလဒ် အသွင်ပြောင်းလဲဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ပါသည်။

ယင်းသို့ ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် Fam Trip ဖိတ်ခေါ်ခဲ့သော အိမ်ရှင်နိုင်ငံ/ အဖွဲ့အစည်းကပင် ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆောင်ရွက်ရပါမည်။ Fam Trip အဖွဲ့ဝင်များ လေယာဉ်ပေါ်တက်၊ လက်ပြနှုတ်ဆက်ကာ ပြန်သွားကြပြီးနောက် အနှစ်နှစ်အလလ စီစဉ်ဆောင်ရွက်ခဲ့သော Fam Trip ခရီးစဉ်ကြီး အောင်မြင်စွာပြီးဆုံးလေပြီဟု သက်ပြင်းကိုချ စိတ်လျှော့၍ မရသေးပါချေ။ Fam Trip ပြီးသွားခြင်းသည် အလုပ်ပြီးသွားခြင်းမဟုတ်သေးပါ။ ခရီးစဉ်၏ နောက်ဆက်တွဲရလဒ်ကို ပြောင်းလဲဖော်ဆောင်ရပေဦးမည်။

ယင်းသို့ ပြောင်းလဲဖော်ဆောင်ရန်အတွက် အဓိကဆောင်ရွက်ရမည့်အချက်မှာ “Follow up Marketing” လုပ်ဆောင်ချက်ပင်ဖြစ်သည်။ Follow up Marketing သည် Fam Trip အတွေ့အကြုံများကို စီးပွားရေးရလဒ် (Business Result) အသွင် ပြောင်းလဲဖော်ဆောင်ပေးမည့်အရာပင် ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းတွင် Fam Trip နှင့်ပတ်သက်သော စကားတစ်ခုရှိပါသည်။ ယင်းမှာ “A Fam Trip without follow-up is just a free holiday.” နောက်ဆက်တွဲ လိုက်ပါလှုံ့ဆော်ဆောင်ရွက်မှုများ မပြုလုပ်ပါက Fam Trip သည် အချို့ထင်သလို “အခမဲ့ခရီး ပို့ဆောင်ပေးခြင်း” သာဖြစ်ပေလိမ့်မည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြုခြင်းမဖြစ်နိုင်ပါ။

Fam Trip တွင် ပါဝင်ခဲ့သူများက ခရီးစဉ်အတွင်း ရရှိခဲ့သည့် အတွေ့အကြုံများကို မီဒီယာများတွင် ကျယ်ကျယ်ပြန့်ပြန့်ဖော်ထုတ်ရေးသားပြသနိုင်ရေး၊ ခရီးစဉ်များအဖြစ် ဖန်တီးရောင်းချနိုင်စေရေး၊ ခရီးသွားအရေအတွက် တိုးတက်မြင့်မားလာစေရေး၊ မိတ်ဖက်အဖွဲ့အစည်းများ တိုးချဲ့ဆက်ဆံနိုင်ရေးနှင့် အပြန်အလှန်ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ခရီးစဉ်ဒေသ၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်ရေးတို့အဖြစ် ပြောင်းလဲဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ပါသည်။

ယင်းသို့ ပြောင်းလဲဆောင်ရွက်မှုကို Fam Trip လုပ်ဆောင်ပြီးပြီးချင်း ဆောလျင်စွာဆက်လက်ဆောင်ရွက်နိုင်ရေး တွန်းအားပေးလှုံ့ဆော်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ “မီး ဝေး ချိပ်” ဆိုသော မြန်မာစကားအသုံးအနှုန်းရှိသည်ပင် မဟုတ်ပါလား။ Follow up Marketing လုပ်ဆောင်ရန် ပျက်ကွက်နေမည် (သို့မဟုတ်) ကြန့်ကြာနေမည်ဆိုပါက Fam Trip တွင်ပါဝင်ခဲ့သည့် အဖွဲ့ဝင်များအနေဖြင့် ခရီးစဉ်ဒေသအပေါ် စိတ်ပါဝင်စားမှုကြာလေ လျော့ပါးလေဖြစ်မည်ဖြစ်ပါသည်။

Fam Trip သွားရောက်ခဲ့သည့် ခရီးစဉ်ဒေသအပေါ် စိတ်ဝင်စားမှုလျော့ပါးသွားခြင်းကြောင့် ခရီးစဉ်များရေးဆွဲဖန်တီးမှု တုံ့ဆိုင်းသွားမည်။ ခရီးစဉ်များရေးဆွဲရောင်းချသည့် အပိုင်းတွင် ကြန့်ကြာသွားမည်။ ခရီးစဉ်ဒေသအကြောင်း ရေးသားထုတ်ဝေမှုများ ထွက်ပေါ်မလာတော့။ ဆိုရှယ်မီဒီယာများတွင် ဖော်ပြမှုနည်းပါးသွားမည်ဖြစ်ပြီး ထိရောက်သောလှုံ့ဆော်မှုများ ဖြစ်ပေါ်လာမည်မဟုတ်ပါ။ ထို့ကြောင့် ခရီးစဉ်ဒေသအပေါ် စိတ်ဝင်စားမှုမြင့်မားနေသော အချိန်၊ ပူပူနွေးနွေးကာလတွင် အထက်ပါလုပ်ဆောင်ချက်များပေါ်ထွက်လာစေရန် ဆက်လက်တွန်းအားပေးဆောင်ရွက်နေရမည်ဖြစ်ပါသည်။

Fam Trip အကောင်အထည်ဖော်ပြီးသည့်နောက် ပထမဦးစွာဆောင်ရွက်ရမည်မှာ ဆက်သွယ်ဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်နေရန်ဖြစ်ပါသည်။ ကျေးဇူးတင်ရှိကြောင်း သတင်းစကားများ ပေးပို့ခြင်း၊ ခရီးစဉ်မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုဖိုင်များ ပေးပို့ခြင်း၊ ခရီးစဉ်အမှတ်တရများ (Trip High-lights) ရေးသားပေးပို့ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့မှသာ ခရီးစဉ်နှင့်ပတ်သက်သော အမှတ်တရများ ၎င်းတို့၏မှတ်ဉာဏ်တွင် ရေရှည်တည်တံ့နေမည်ဖြစ်သည်။ ခရီးစဉ်နှင့်ပတ်သက်သော နောက်ဆက်တွဲလှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်ပေးရန် တွန်းအားဖြစ်စေမည်ဖြစ်ပါသည်။

ဒုတိယအချက်မှာ Fam Trip အဖွဲ့ဝင်များအတွက် လိုအပ်နိုင်သော ဓာတ်ပုံ၊ ဗီဒီယိုဖိုင်၊ စာရွက်စာတမ်း၊ အထောက်အထားများနှင့် ၎င်းတို့ခရီးစဉ်အတွင်းတောင်းခံခဲ့သော သတင်းအချက်အလက်စာရင်းဇယားများကို မပျက်မကွက်ပေးပို့ပေးရန်ဖြစ်ပါသည်။ သို့မှသာ ၎င်းတို့၏ခရီးစဉ် (Tour Package) ရေးဆွဲဖန်တီးခြင်း၊ သတင်းဆောင်းပါးစာအုပ်ရေးသားထုတ်ဝေခြင်း၊ သတင်းအချက်အလက်ဖြန့်ဖြူးမျှဝေခြင်းတို့တွင် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

တတိယ ဆက်လက်ဆောင်ရွက်သင့်သည့်အချက်မှာ Fam Trip အဖွဲ့ဝင်များ ရေးသားမျှဝေသော ခရီးစဉ်ဆိုင်ရာ အချက်အလက်များကို တစ်ဆင့်ပြန်လည်မျှဝေနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ၎င်းတို့၏ ဆိုရှယ်မီဒီယာ (သို့မဟုတ်)အခြားသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစသည်တို့တွင် ရေးသားဖော်ပြမှုများကို မိမိတို့ထံပေးပို့ပေးပါရန် တောင်းခံ၍ မိမိတို့၏ ဆိုရှယ်မီဒီယာလူမှုကွန်ရက်များတွင် တစ်ဆင့်ပြန်လည် ဖော်ပြခြင်းများကိုလည်း ဆောင်ရွက်ရပါမည်။ သို့မှသာ ၎င်းတို့ကို ယင်းကဲ့သို့ ရေးသားနိုင်ရန် တွန်းအားဖြစ်စေမည် ဖြစ်သကဲ့သို့ Marketing Network လည်း ပိုမိုကျယ်ပြန့်လာစေမည်ဖြစ်ပါသည်။

စတုတ္ထနှင့် အရေးကြီးဆုံးဟု သတ်မှတ်ယူဆသောအချက်မှာ Fam Trip တွင် ပါဝင်ခဲ့သော Stakeholder များနှင့်၎င်းတို့၏ ခရီးစဉ်အကြောင်း ရေးသားထုတ်ဝေမှု၊ ဖန်တီးလိုက်သော ခရီးသွားထုတ်ကုန်များအပေါ်တွင် ဈေးကွက်၏တုံ့ပြန်ချက် (Feedback) ကို ရယူခြင်းဖြစ်ပါသည်။ Fam Trip အကောင်အထည်ဖော်သူများအနေဖြင့် ပထမအချက်မှ တတိယအချက်အထိကို ဆောင်ရွက်လေ့ရှိကြသော်လည်း စတုတ္ထအချက်ကိုမူ တောင်းခံလေ့ (သို့မဟုတ်) ရရှိလေ့မရှိကြသည်ကို တွေ့ရှိရတတ်သည်။ အဘယ်ကြောင့်ဆိုသော် ပထမအချက်သုံးချက်သည် မိမိမှပံ့ပိုးဆောင်ရွက်ရခြင်းဖြစ်ပြီး စတုတ္ထအချက်မှာ Fam Trip တွင် ပါဝင်သူများအပိုင်းမှ ပြန်လည်ဆောင်ရွက်ပေးရသည့် အနေအထားကြောင့်ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

စာရေးသူအနေဖြင့်လည်း ရံဖန်ရံခါတွင် မိတ်ဆွေများ ကြိုးပမ်းထားသောအရာများအပေါ်တွင် (အဆင်မပြေသည့် အချက်အချို့တွေ့ရှိပါက) ထုတ်ဖော်ပြောကြားရန် အခက်အခဲရှိသည့် အနေအထားမျိုးကို ကြုံတွေ့ခဲ့ရဖူးသည်။ သို့သော် စေတနာရှေ့ထား၍ တာဝန်ရှိသည့်အတိုင်း ပြုပြင်ဆောင်ရွက်နိုင်စေရန် အပြုသဘောဆောင်သော ပြင်ဆင်ရန် အကြံပြုချက်များကို ပေးခဲ့ရသည်သာဖြစ်သည်။ Feedback များတောင်းခံရာ၌ ခရီးစဉ်အတွင်း မည်သည့်အရာက အထူးဆွဲဆောင်မှုရှိသည်၊ မည်သည်က တိုးတက်ကောင်းမွန်စေရန်ဆောင်ရွက်ရမည်၊ မည်သည့်အရာကို ဦးစားပေးရောင်းချသင့်သည်၊ ခရီးစဉ်ဒေသသည် မည်မျှယှဉ်ပြိုင်နိုင်စွမ်းရှိမည် စသည်တို့ကိုဖော်ထုတ်ရမည်ဖြစ်ပါသည်။

ထို့ကြောင့် Feedback များကို မပျက်မကွက် တောင်းခံရန်လိုအပ်ပြီး ခရီးစဉ်ဒေသ၏ အားနည်းချက်၊ အားသာချက်များကိုဖော်ထုတ်ကာ ပြင်ဆင်ဆောင်ရွက်ရန်ရှိသည်များကို ပြင်ဆင်ဆောင်ရွက်ရန်နှင့်ဆောင်ရွက်ထားရှိမှုကို ပြန်လည်အသိပေးသွားရန်လိုအပ်လှပါသည်။ Fam Trip ပြီးဆုံးသည့်အချိန်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၊ မီဒီယာတွေ့ဆုံပွဲတို့၌ ၎င်းတို့၏ အတွေ့အကြုံကို ရှင်းလင်းဖော်ပြလေ့ရှိသော်လည်း တစ်ဦးချင်း၏ ၎င်းတို့နယ်ပယ်အလိုက် တုံ့ပြန်ချက်ကိုမူ ရယူရမည်ဖြစ်ပါသည်။

ယခုအချက်များသည် Fam Trip ပြီးသည့်နောက် ဆက်လက်ဆောင်ရွက်ရမည့်အချက်များကို တင်ပြခဲ့ခြင်းဖြစ်ပါသည်။ Fam Trip တစ်ခုကို နှစ်ရှည်လများ ကြိုတင်စီစဉ်ခဲ့ရသကဲ့သို့ Fam Trip အပြီးနောက်ဆက်တွဲဆောင်ရွက်ချက်များကို ကာလတို၊ ကာလရှည် အစီအမံများဖြင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။ ကာလတိုအတွင်း ခရီးစဉ်အသစ်များ၊ အထူးခရီးစဉ်များ၊ ရာသီချိန်ပရိုမိုးရှင်းများကို ဆက်လက်လုပ်ဆောင်နေရမည်ဖြစ်ပါသည်။

ထို့အပြင် အစိုးရအချင်းချင်းသော်လည်းကောင်း၊ ပုဂ္ဂလိကအသင်းအဖွဲ့အချင်းချင်းသော်လည်းကောင်း နားလည်မှုစာချွန်လွှာများရေးထိုးခြင်း၊ ဟိုတယ်နှုန်းထားညှိနှိုင်းခြင်း (Hotel Rate Agreement)၊ Service Contract/ Business Contract များ ချုပ်ဆိုခြင်းတို့ကို လုပ်ဆောင်နိုင်ရန် အကောင်အထည်ဖော်သွားရမည်ဖြစ်ပါသည်။ ခရီးစဉ်ဒေသပုံရိပ်ကို ဆက်လက်မြှင့်တင်နိုင်ရန်အတွက် Webinar များ ပြုလုပ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများပြုလုပ်ခြင်း၊ Fam Trip အဖွဲ့ဝင်နိုင်ငံများ၌ ကျင်းပသော ခရီးသွားပြပွဲများတွင် သွားရောက်ပါဝင်ပြသခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ရေရှည်အနေဖြင့် ခရီးစဉ်ဒေသအခြေပြု ခရီးသွားလုပ်ငန်းစီမံကိန်းများချမှတ်ခြင်း၊ ခရီးသွားလုပ်ငန်းပင်မစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖြစ်စေရေးအတွက် နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှုကွန်ရက်များ တည်ထောင်ခြင်းတို့ကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ ပိုမိုစနစ်ကျနသော Fam Trip စီမံကိန်းများတွင် နောက်ဆက်တွဲတိုင်းတာမှုများကို ပြုလုပ်လေ့ရှိကြပါသည်။

Fam Trip များတွင် Key Performance Indicator (KPI) ကို အသုံးပြုသတ်မှတ်တိုင်းတာရာ၌ လူမှုကွန်ရက်များတွင် ကြည့်ရှုသူအရေအတွက် မည်မျှရရှိသည်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစသည်တို့တွင် ဆောင်းပါးမည်မျှဖြန့်ဝေရသည် စသည်ဖြင့် Media KPI ကို တိုင်းတာသည်။ Business KPI တွင် ခရီးစဉ်မည်မျှရောင်းချရသည်၊ ဟိုတယ်အခန်းမှာယူမှု (Hotel Booking) မည်မျှတိုးတက်သည်၊ လေကြောင်းခရီးစဉ် (Airline Booking) မည်မျှတိုးတက်သည်ကို ကြည့်ရှုတိုင်းတာကြသည်။ ခရီးစဉ်ဒေသ Destination KPI တွင် ခရီးသွားဧည့်သည်မည်မျှဝင်ရောက်သည်၊ ဧည့်သည်၏ သုံးစွဲမှုမည်မျှတိုးတက်သည်၊ ခရီးစဉ်ဒေသအပေါ် နှစ်သက်သဘောကျမှုမည်မျှမြင့်မားလာသည်တို့ကို တိုင်းတာကြည့်ရှုကြသည်။

အထက်ပါအချက်များကို လေ့လာသုံးသပ်ကြည့်ပါက Follow up Marketing သည် Fam Trip တစ်ခုတွင် မည်ရွေ့မည်မျှအရေးကြီးကြောင်းသိရှိနိုင်ပါသည်။ သို့သော် Fam Trip အကောင်အထည်ဖော်သူများက ဤအချက်ကို မေ့လျော့လျစ်လျူရှုထားတတ်ကြသည်။ Follow up Marketing မလုပ်ခြင်းကြောင့် Fam Trip ပြီးသည်နှင့်မြှင့်တင်လိုသော ခရီးစဉ်ဒေသအကြောင်းသည် တိတ်ဆိတ်သွားသည်။

Fam Trip အဖွဲ့ဝင်များနှင့် အဆက်အသွယ်ပြတ်တောက်သွားသည်။ အချို့က Fam Trip ကြီး စည်စည်ကားကားဖြစ်သွားပြီး အောင်မြင်သည်ဟု မှတ်ယူကြပါသည်။ သို့ရာတွင် Fam Trip event များအပေါ် အလွန်အကျွံမှီခိုသွားခြင်းကြောင့် Follow up Marketing မလုပ်ဖြစ်ဘဲ ဧည့်သည်မရဖြစ်သွားတတ်ပါသည်။ ခရီးသွားလုပ်ငန်းတွင် ယင်းကို ROI (Return of Investment) မရခြင်းဟု ခေါ်ပါသည်။ Fam Trip သည် Sight seeing tour တစ်ခုသာသာ ဖြစ်သွားခြင်းဖြစ်ပါသည်။

Fam Trip တစ်ခုလုပ်ဆောင်သည့်အခါတွင် သတိထားရမည့်အချက်များ များပြားလှပါသည်။ ခရီးစဉ်ဒေသ၏ လက်တွေ့အရှိတရားထက် ပိုမိုပြသမိခြင်းကြောင့် အမှန်တကယ် ဧည့်သည်လာရောက်သည့်အချိန်တွင် ခရီးစဉ်ဒေသ ပုံရိပ်အပေါ် ယုံကြည်မှုကျဆင်းပြီး ခရီးသွားလုပ်ငန်းရေရှည်တည်တံ့ရန် ခက်ခဲသွားမည်ဖြစ်ပါသည်။

Fam Trip လာရောက်စဉ်က တိုက်ရိုက်လေကြောင်းလိုင်းဖြင့်ခေါ်ယူပြီး မြေပြင်၌ တိုက်ရိုက်လေကြောင်းလိုင်း ပုံမှန်ပြေးဆွဲမှုမရှိခြင်း၊ ဗီဇာရရှိရန်ခက်ခဲခြင်း၊ ဟိုတယ်များအနေဖြင့် Fam Trip အတွက်သာ ဝန်ဆောင်မှုကောင်းပေးပြီး ဧည့်သည်ဝင်ရောက်သည့်အချိန်တွင် သန့်ရှင်းသပ်ရပ်မှုနှင့် ဝန်ဆောင်မှုအရည်အသွေးညံ့ဖျင်းခြင်း၊ ရယူသော ဝန်ဆောင်ခနှင့် ထိုက်တန်သောဝန်ဆောင်မှု မပေးနိုင်ခြင်းများသည် ROI (Return of Investment) ကို ဖျက်ဆီးမည့်အရာများဖြစ်နေတတ်ပါသည်။

မြန်မာနိုင်ငံသည် ဧည့်ဝတ်ပျူငှာသော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင်ထင်ရှားကျော်ကြားပြီးဖြစ်ပါသည်။ ရှုမငြီးနိုင်သော သဘာဝအလှတရားများနှင့် စစ်မှန်သော ယဉ်ကျေးမှုအမွေအနှစ်များ၊ ရေခံမြေခံကောင်းများ တည်ရှိရာနေရာဒေသလည်းဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် ပြီးပြည့်စုံသော Fam Trip ကောင်းများကို ဖန်တီးဖိတ်ခေါ်ပြီး ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် ရေးသားတင်ပြလိုက်ရပါသည်။ ။

> **အစိုးရအချင်းချင်းသော်လည်းကောင်း၊ ပုဂ္ဂလိကအသင်းအဖွဲ့အချင်းချင်းသော်လည်းကောင်း နားလည်မှုစာချွန်လွှာများရေးထိုးခြင်း၊ ဟိုတယ်နှုန်းထားညှိနှိုင်းခြင်း (Hotel Rate Agreement)၊ Service Contract/Business Contract များ ချုပ်ဆိုခြင်းတို့ကို လုပ်ဆောင်နိုင်ရန် အကောင်အထည်ဖော်သွားရမည်ဖြစ်ပါသည်။ ခရီးစဉ်ဒေသပုံရိပ်ကို ဆက်လက်မြှင့်တင်နိုင်ရန်အတွက် Webinar များပြုလုပ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်း၊ Fam Trip အဖွဲ့ဝင်နိုင်ငံများ၌ကျင်းပသော ခရီးသွားပြပွဲများတွင် သွားရောက်ပါဝင်ပြသခြင်းများကိုဆောင်ရွက်ရမည်ဖြစ်**

# ရန်ကုန်တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ Diamond Shine စိန်ရွှေရတနာဆိုင်ပိုင်ရှင်အား ပြန်ပေးဆွဲခံရမှုဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံများအား ၁၂ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၉**

ရန်ကုန် တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ Diamond Shine စိန်ရွှေရတနာဆိုင်ပိုင်ရှင်အား ဩဂုတ် ၆ ရက်တွင် ပြန်ပေးဆွဲခံရမှုဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်မှုကြောင့် ၁၂ နာရီအချိန်အကြာ ဩဂုတ် ၇ ရက်တွင် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်းသိရှိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ် ရွှေဘုံသာလမ်း အမှတ် (၆) ရပ်ကွက်နေ ဦးအောင်မြင့် (ခ) ဆူပရာမန်းနီး (ဘ) ဦးကရပဲယား၊ (ဟိန္ဒူ၊ ဗုဒ္ဓ) သည် ၎င်းပိုင်ဆိုင်သည့် Diamond Shine စိန်ရွှေရတနာဆိုင်မှ ဩဂုတ်လ ၆ ရက် ညနေ ၅ နာရီခွဲခန့်တွင် နေအိမ်သို့ ပြန်လာစဉ် အမှတ်(၆) ရပ်ကွက် ရွှေဘုံသာလမ်း အိမ်အမှတ် (၃၆) အရှေ့သို့ အရောက်၌ စိစစ်ဆဲအဖွဲ့တစ်ဖွဲ့မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း၊ ထို့နောက် ည ၈ နာရီအချိန်ခန့်တွင် အကြမ်းဖက်သမားများက ဦးအောင်မြင့် ကိုင်ဆောင်သောဖုန်းဖြင့် ၎င်း၏ မိသားစုများထံသို့ ဆက်သွယ်၍ ဦးအောင်မြင့်(ခ) ဆူပရာမန်းနီးအား အသက်ရှင်လျက် ပြန်လည်ရရှိလိုပါက ငွေကျပ်သိန်း ၄၅၀၀နှင့် ရွှေ ၆၀ ကျပ်သား ပေးရမည်ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုင်ကြားခြင်း မပြုရန်နှင့် တိုင်ကြားပါက ဦးအောင်မြင့်အား သတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက် ပြောဆိုကာ ငွေကြေးတောင်းခံခဲ့ကြောင်း သိရှိရသည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထက်ပါဖြစ်စဉ်မှ တရားခံများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၇ ရက် နံနက် ၄ နာရီခွဲခန့်တွင် ပြန်ပေးဆွဲမှုဖြစ်စဉ်တွင် ပါဝင်သူ တရားခံများဖြစ်ကြသည့် မူဒူးဂါး (ခ) ဝင်းကိုအောင်(ဘ) ဦးလှမြင့်(ခ)ဦးဘာစန်း(ဟိန္ဒူ၊ဗုဒ္ဓ) နှင့် ဂင်ဒီ (ခ) လင်းလင်း (ဘ) ဦးမောင်မောင် (ဟိန္ဒူ၊ ဗုဒ္ဓ) တို့ နှစ်ဦးအား တာမွေမြို့နယ် စက်စန်းဟိုတယ်အနီးတွင် ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ အဆိုပါနေ့ နံနက် ၅ နာရီခွဲခန့်တွင် ဆက်စပ်တရားခံခြောက်ဦးနှင့် ပြန်ပေးဆွဲရာတွင် အသုံးပြုခဲ့သည့် Taxi နှင့် ယာဉ်မောင်းတို့အား ဖမ်းဆီးရမိခဲ့ပြီး အဆိုပါနေရာတစ်ဝိုက်အား လိုအပ်သည့် ရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ ပြန်ပေးဆွဲခံရသူ ဦးအောင်မြင့် (ခ) ဆူပရာမန်းနီးအား ၎င်းအနီးရှိ အိမ်ပျက်အတွင်းမှ အသက်ရှင်လျက် ပြန်လည်ရှာဖွေတွေ့ရှိ ကယ်တင်နိုင်ခဲ့သည်။

အထက်ပါဖြစ်စဉ်မှ တရားခံများအား ဖြစ်စဉ်ဖြစ်ပွားပြီး အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်မှုနှင့် တာဝန်သိ ပြည်သူများ၏ သတင်းပေးပို့မှုများကြောင့် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ဖမ်းဆီးရမိခဲ့သည့် စုစုပေါင်း ကိုးဦးတို့အား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ဒုစရိုက်မှုများ တားဆီးဖော်ထုတ် ဖမ်းဆီးရမိရေးတို့အတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ပြန်ပေးဆွဲရာတွင် အသုံးပြုခဲ့သည့် Taxi ကို တွေ့ရစဉ်။



ဓားတစ်ချောင်း၊ လှံစွပ်တစ်ချောင်းနှင့် လက်ထိပ်တစ်ခုကို တွေ့ရစဉ်။

ပန်းဘဲတန်းမြို့နယ် (၆)ရပ်ကွက်တွင် ပြန်ပေးဆွဲမှုဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် တရားခံများ။



မူဒူးဂါး(ခ) ဝင်းကိုအောင်



ဂင်ဒီ (ခ) လင်းလင်း



မျိုးမင်းဦး (ခ) မျိုးကြီး



အောင်သူ (ခ) အောင်သူဦး



မောင်ငယ်



ကျော်သူရ



အောင်ထက်မိုး



ကျော်သက်



ကျော်ကိုကိုလွင်

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သို့လှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မကျက်တကျက် အစားအစာများနှင့် မီးလောင်ကျွမ်းထားသော အစားအစာများ၏နောက်ကွယ်က ကျန်းမာရေးအန္တရာယ်များ

ဒေါက်တာအောင်ညွန့်ပိုင်

**ခေတ်ကာလပြောင်းလဲလာသည်နှင့်အမျှ နေထိုင်စားသောက်မှုပုံစံများလည်း ပြောင်းလဲလာပြီး အသားစိမ်း၊ ငါးစိမ်းများနှင့် မကျက်တကျက် ချက်ပြုတ်ထားသော အစားအစာများကို လူကြိုက်များလာကြသည်။ များစွာသော လူတို့သည် အစားအစာတစ်ခု၏ အရသာ၊ အနံ့နှင့် အသွင်အပြင်ကိုသာ အလေးထားပြီး ၎င်း၏ နောက်ကွယ်တွင် ခိုအောင်းနေနိုင်သည့် အဏုဇီဝပိုးမွှားများနှင့် ရေရှည်ကျန်းမာရေးဘေးထွက်ဆိုးကျိုးများကို သတိမမူမိကြပေ။**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization – WHO) ၏ အချက်အလက်များအရ နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင် လူဦးရေ ၁၀ ဦးလျှင် တစ်ဦးနှုန်းသည် မသန့်ရှင်းသော သို့မဟုတ် မကျက်သော အစားအစာများကြောင့် အစာအဆိပ်သင့်ခြင်း (Foodborne Diseases) ကို ခံစားနေရပြီး လူဦးရေ လေးသိန်းကျော်သည် အစာအဆိပ်သင့်ခြင်းကြောင့်ပင် အသက်ဆုံးရှုံးနေရသည်။ ယနေ့ မြိန်ယှက်စွာ စားသုံးလိုက်သော မကျက်တကျက်အသားတစ်လုတ်ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါမှသည် အသက်အန္တရာယ်စိုးရိမ်ရသည့် ရောဂါကြီးများအထိ ဖြစ်စေနိုင်သည်ကို သတိချပ်ရန်လိုသည်။

**မကျက်တကျက်အသားနှင့် ပိုးမွှားကူးစက်မှု**

အသားများကို လုံလောက်သော အပူချိန်ဖြင့် ချက်ပြုတ်ခြင်းမပြုဘဲ မကျက်တကျက် စားသုံးခြင်းသည် တိရစ္ဆာန်များမှတစ်ဆင့် လူသို့ကူးစက်တတ်သော အောက်ပါပြင်းထန်သည့် ပိုးမွှားများနှင့် ကပ်ပါးကောင်များကို ဖိတ်ခေါ်နေခြင်းဖြစ်သည်။

**၁။ သံပြားကောင်(Tapeworm – Taenia spp.)**

**တွေ့ရှိရသော အသား။** ။ မကျက်တကျက် စားသုံးသော အမဲသား (Taenia saginata) နှင့် ဝက်သား (Taenia solium)။

**ကူးစက်ပုံနှင့် ရောဂါလက္ခဏာ။** ။ အသားထဲတွင် အိမ်ဖွဲ့ခိုအောင်းနေသော ကပ်ပါးကောင် သားလောင်း (Cysticerci)များကို မီးအပူဖြင့် သေအောင်မသတ်ဘဲ စားမိသောအခါ လူတို့၏ အူလမ်းကြောင်းအတွင်းသို့ရောက်ရှိပြီး မီတာပေါင်းများစွာ ရှည်လျားသော သံပြားကောင်ကြီးများအဖြစ် ကြီးထွားလာသည်။ ဗိုက်အောင့်ခြင်း၊ ပျို့အန်ခြင်းနှင့် အာဟာရချို့တဲ့ခြင်း စသည်တို့ကို ဖြစ်စေသည်။ ပို၍ဆိုးရွားသည်မှာ သံပြားကောင်ဥများကို မတော်တဆ ပြန်လည်စားမိပါက သားလောင်းများသည် သွေးကြောမှတစ်ဆင့် ဦးနှောက်အတွင်းအထိ ရောက်ရှိကာ အတက်ရောဂါနှင့် ဦးနှောက်ရောင်ခြင်း (Neurocysticer-cosis) အထိ ဖြစ်ပွားစေပြီး အသက်အန္တရာယ် ရှိနိုင်ပါသည်။

**၂။ ဝက်သန်ကောင် (Trichinella spiralis)**

**တွေ့ရှိရသောအသား။** ။ ဝက်သားနှင့် တောရိုင်း တိရစ္ဆာန်အသားများ။

**ကူးစက်ပုံနှင့် ရောဂါလက္ခဏာ။** ။ မကျက်သော ဝက်သားထဲမှ Trichinella သားလောင်းများသည် အစာအိမ်အက်စစ်ကြောင့် အိမ်မြေးပွင့်လာပြီး အူမကြီးအတွင်း သန်ကောင်မကြီးများ ဖြစ်လာသည်။ ၎င်းတို့မှတစ်ဆင့် ပွားများလာသော သားလောင်းအသစ်များသည် သွေးကြောထဲမှတစ်ဆင့် လူ့ခန္ဓာကိုယ်ရှိ ကြွက်သားများအတွင်းသို့ ထိုးဖောက်ဝင်ရောက်ကြသည်။ ရောဂါပြင်းထန်ပါက ဖျားခြင်း၊ မျက်ခွံများဖောရောင်ခြင်း၊ ပြင်းထန်စွာ ကြွက်သားနာကျင်ခြင်းနှင့် နှလုံးကြွက်သားရောင်ခြင်း (Myocarditis) တို့အထိ ဖြစ်ပွားတတ်သည်။

**၃။ ဆာမိုနဲလား (Salmonella spp.)**

**တွေ့ရှိရသော အသား။** ။ ကြက်သား၊ ဘဲသား၊ ကြက်ဥနှင့် နို့စိမ်းများ။

**ကူးစက်ပုံနှင့် ရောဂါလက္ခဏာ။** ။ အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (Centers for Disease Control and Prevention–CDC) ၏ ဖော်ပြချက်အရ Salmonella သည် ကမ္ဘာပေါ်တွင် အစာအဆိပ်သင့်ခြင်းကို အဖြစ်စေဆုံးသော ဗက်တီးရီးယားဖြစ်သည်။ အပူချိန် ၇၄° C (၁၆၅° F) အောက်ဖြင့် ချက်ပြုတ်ထားသော ကြက်သား/ကြက်ဥများကို စားမိပါက ၁၂ နာရီမှ ၇၂ နာရီအတွင်း ပြင်းထန်စွာ ဗိုက်အောင့်ခြင်း၊ ဖျားခြင်း၊ သွေးဝမ်းသွားခြင်း စသည်တို့ကို ခံစားရမည်ဖြစ်ပြီး ကိုယ်ခံအားနည်းသူများတွင် ပိုးကသွေးထဲသို့ပျံ့နှံ့ကာ အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။

**၄။ ကမ်ပိုင်လိုဘက်တာ (Campylobacter spp.)**

**တွေ့ရှိရသော အသား။** ။ မကျက်တကျက် ချက်ထားသော ကြက်၊ ငှက်အသားများနှင့် ရောဂါပိုးပါသော နို့စိမ်းများ။

**ကူးစက်ပုံနှင့် ရောဂါလက္ခဏာ။** ။ ကမ္ဘာပေါ်တွင် ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားစေသည့် အဓိက အကြောင်းရင်းထဲတွင် ပါဝင်သည်။ ရက်ပေါင်းများစွာကာလပတ်လုံး ဗိုက်ရစ်နာခြင်းနှင့် အရည်ဝမ်းများ၊ သွေးဝမ်းများသွားခြင်း စသည်တို့ကိုဖြစ်စေသည်။ အဆိုးရွားဆုံး နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် ကူးစက်ခံရပြီး သီတင်းပတ်အနည်းငယ်အကြာတွင် ခန္ဓာကိုယ်အကြောသေခြင်းကို ဖြစ်စေနိုင်သည့် Guillain–Barré Syndrome (GBS) ဟုခေါ်သော ရှားပါးအာရုံကြောရောဂါကို လှုံ့ဆော်ပေးနိုင်ကြောင်း သုတေသန စာတမ်းများက သက်သေပြထားသည်။

**၅။ အသည်းရောင်အသားဝါ အီး ဗိုင်းရပ်စ် (Hepatitis E Virus – HEV)**

**တွေ့ရှိရသောအသား။** ။ ဝက်သား (အထူးသဖြင့် ဝက်အသည်း) နှင့် တောဝက်သားများ။

**ကူးစက်ပုံနှင့် ရောဂါလက္ခဏာ။** ။ လူအများစုသည် အသားစားလျှင် ဗက်တီးရီးယားနှင့် သန်ကောင်ကိုသာ ကြောက်တတ်ကြပြီး ဗိုင်းရပ်စ်ပိုးကို သတိမမူမိတတ်ကြပါ။ မကျက်တကျက် ချက်ထားသော ဝက်အသည်း သို့မဟုတ် ဝက်သားတုံးများကို စားသုံးမိရာမှတစ်ဆင့် ရုတ်တရက် အသည်းရောင်ခြင်း (Acute Hepatitis) ကို ဖြစ်စေသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များတွင် Hepatitis E ပိုးဝင်ရောက်ပါက အသည်းရောင်အသားဝါရောဂါ ပြင်းထန်စွာခံစားရပြီး ကိုယ်ဝန်ပျက်ကျခြင်း သို့မဟုတ် မိခင်သေဆုံးမှုနှုန်း ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ မြင့်မားနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးထားသည်။

**ငါးအစိမ်း၊ ရေချိုငါးနှင့် Liver Fluke အန္တရာယ်**

ဂျပန်အစားအစာဖြစ်သော ဆူရှီ (Sushi) နှင့် ဆာရှိမိ (Sashimi) များ ခေတ်စားလာခြင်း၊ မြန်မာနိုင်ငံတွင်လည်း ရေချိုငါးများကို သုပ်၍လည်းကောင်း၊ အစိမ်းလိုက်လည်းကောင်း စားသုံးသည့်ဓလေ့များကြောင့် ငါးသန်ကောင်နှင့် ကပ်ပါးကောင် အန္တရာယ်သည် မြင့်မားလာပါသည်။

**အသည်းသံပြားကောင်(Liver Fluke – Opisthorchis viverrini နှင့် Clonorchis sinensis)**

ရေချိုငါးများကို အစိမ်းလိုက် သို့မဟုတ် ကစော်ဖောက်၍ (ငါးချဉ်)၊ သံပရာရည်ဖြင့်သုပ်၍ မကျက်တကျက် စားသုံးသောအခါ ငါးများ၏အသားထဲတွင် ကပ်ငြိနေသော Metacercariae ဟုခေါ်သည့် ကပ်ပါးကောင် သားလောင်းများသည် လူ့ခန္ဓာကိုယ်အတွင်း ရောက်ရှိသွားသည်။ ၎င်းတို့သည် အူသိမ်မှတစ်ဆင့် သည်းခြေပြွန်အတွင်းသို့ ဆန်တက်ကာ အသည်းနှင့် သည်းခြေလမ်းကြောင်းတွင် နှစ်ပေါင်းများစွာ ခိုအောင်းအခြေချကြသည်။

အာရှတိုက် (အထူးသဖြင့် အရှေ့တောင်အာရှနှင့် မဲခေါင်မြစ်ဝှမ်းဒေသ) ရှိ ရေချိုငါးအစိမ်း စားသုံးသူများသည် အန္တရာယ်အမြင့်ဆုံးဖြစ်သည်။ ပြင်းထန်သော နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် ဤအသည်းသံပြားကောင်များကြောင့် သည်းခြေပြွန်တွင် နာတာရှည်ရောင်ရမ်းမှုဖြစ်ပွားပြီး ဤပိုးကြောင့်သည်းခြေပြွန်ကင်ဆာ (Cholangio-carcinoma) တိုက်ရိုက် ဖြစ်ပွားစေနိုင်သည်။

> **မကျက်တကျက် အသားတစ်လုတ်၊ ငါးအစိမ်းတစ်ပွဲ၏ တစ်ခဏတာ လျှာဖျားအရသာအတွက်နှင့် မိမိ၏အဖိုးတန်လှသော အသည်း၊ ကျောက်ကပ်၊ ဦးနှောက်နှင့် အသက်အန္တရာယ်ကို အထိခိုက်မခံသင့်ပါ။ စနစ်တကျသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပြည့်ဝသော အပူချိန်ဖြင့် ချက်ပြုတ်ခြင်းဟူသော ရိုးရှင်းသည့်ကျန်းမာရေးအလေ့အထများသည် ကင်ဆာနှင့်ပြင်းထန်သော ကပ်ပါးကောင် ဘေးအန္တရာယ်များက ရာနှုန်းပြည့်ကာကွယ်ပေးနိုင်**

**မီးလောင်ကျွမ်းထားသော အသားနှင့် ကင်ဆာအန္တရာယ်**

မကျက်တကျက်စားခြင်းသည် ပိုးမွှားအန္တရာယ်ရှိသကဲ့သို့ အသားကို ကျက်အောင်ကင်ရာတွင်လည်း မီးကျွမ်းသွားပါက အခြားသော ဓာတုဗေဒကင်ဆာအန္တရာယ်တစ်ခု ရှိနေပြန်ပါသည်။

အမဲသား၊ ဝက်သား၊ ကြက်သားနှင့် ငါးများကို ဒယ်အိုးပြားပေါ်တွင်ဖြစ်စေ၊ မီးကင်၍ဖြစ်စေ မြင့်မားသောအပူချိန်ဖြင့် အချိန်ကြာမြင့်စွာ ချက်ပြုတ်သောအခါ အသားထဲတွင်ပါဝင်သော အမိုင်နိုအက်စစ်၊ သကြားဓာတ်နှင့် ကရီယာတင်း (Creatine)တို့ ဓာတ်ပြုပြီး Heterocyclic Amines (HCAs) ဒြပ်ပေါင်းများ ထွက်လာသည်။ ဤဓာတ်ပစ္စည်းများသည် ခန္ဓာကိုယ်အတွင်းရှိ DNA ဗီဇကို ပျက်စီးစေနိုင်စွမ်းရှိပါသည်။

အသားကို မီးဖိုပေါ်တွင် တိုက်ရိုက်ကင်သည့်အခါ အသားမှ အရည်ပျော်ကျလာသော အဆီများနှင့် အရည်များသည် မီးခဲပေါ်သို့ကျသွားပြီး မီးတောက်နှင့် မီးခိုးများကို ဖြစ်စေသည်။ ထိုမီးခိုးများတွင် Polycyclic Aromatic Hydrocarbons (PAHs) ဓာတ်ငွေ့များပါဝင်ပြီး ၎င်းတို့သည် အသား၏ မျက်နှာပြင်ပေါ်တွင် ပြန်လည်ကပ်ငြိသွားကြသည်။ ၎င်းကို စားသုံးမိပါက ကင်ဆာဖြစ်ပွားမှုကို လှုံ့ဆော်ပေးပါသည်။

**ပြုပြင်ထားသောအသားနှင့် အူမကြီးကင်ဆာ**

IARC ၏ ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာအရ ဝက်အူချောင်း၊ ဟမ် (Ham)၊ ဘေကွန် (Bacon)နှင့် အသားတုကဲ့သို့သော ပြုပြင်ထားသော အသားများကို Group 1 Carcinogen (လူကို ကင်ဆာတိုက်ရိုက်ဖြစ်စေသောအရာ) အဖြစ် သတ်မှတ်ထားပြီး အမဲသား၊ ဝက်သားကဲ့သို့ အသားနီ (Red Meat) များကိုမူ Group 2A (ကင်ဆာဖြစ်နိုင်ခြေရှိသောအရာ) အဖြစ် သတ်မှတ်ထားသည်။ နေ့စဉ်ပြုပြင်ထားသော အသား ၅၀ ဂရမ်စားသုံးခြင်းသည် အူမကြီးနှင့် အူမရိုးကင်ဆာ (Colorectal Cancer) ဖြစ်ပွားနိုင်ခြေကို ၁၈ ရာခိုင်နှုန်းအထိ တိုးမြင့်စေကြောင်း ခိုင်မာသော သက်သေအထောက်အထားများ ရှိပါသည်။

**ဟော့ပေါ့၊ BBQနှင့် လမ်းဘေးအစားအစာများ စားသည့်အခါ သတိထားရမည့်အချက်များ**

သူငယ်ချင်း၊ မိသားစုများနှင့်အတူ ပျော်ရွှင်စွာ စားသုံးလေ့ရှိသော အသားကင်၊ ဟော့ပေါ့နှင့် လမ်းဘေးစာများသည် သတိမထားပါက ရောဂါကူးစက်ရာ အဓိကနေရာများ ဖြစ်လာနိုင်ပါသည်။

ဟော့ပေါ့ သို့မဟုတ် အသားကင်စားသည့်အခါ အသားစိမ်းများကို ကိုင်တွယ်သည့် ညှပ်/တုတ်/ဇွန်းနှင့် ကျက်သွားသော အသားများကို ခွာယူစားသုံးသည့် ညှပ်/တုတ်/ဇွန်းများကို ရောနှောအသုံးပြုခြင်းသည် အကြီးမားဆုံးအမှားဖြစ်ပါသည်။ အသားစိမ်းတွင်ပါသော ဗက်တီးရီးယားများသည် ချက်ချင်းပင်ကျက်ပြီးသား အသားပေါ်သို့ ကူးစက်သွားတတ်ပါသည်။

ဟော့ပေါ့အိုးထဲသို့ အသားစိမ်းများ အပြုံလိုက်ထည့်ခြင်းကြောင့် အိုးအတွင်း အပူချိန်ရုတ်တရက် ကျဆင်းသွားတတ်သည်။ အသား၏ အရောင်ပြောင်းရုံမျှဖြင့် ကျက်ပြီဟုယူဆကာ ဆွဲထုတ်စားခြင်းသည် ပိုးမွှားများကို အရှင်လတ်လတ်မျိုချလိုက်ခြင်းနှင့် တူညီပါသည်။

**လက်တွေ့ကာကွယ်နိုင်သည့် နည်းလမ်း ၁၀ ချက်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ဘေးကင်းသော အစားအစာဖြစ်စေရန် သော့ချက်ငါးချက်နှင့် CDC လမ်းညွှန်ချက်များအရ အခြေခံထားသော လက်တွေ့လိုက်နာရမည့် နည်းလမ်း (၁၀) ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

အသား၏ အလယ်ဗဟိုအပူချိန်ကို တိုင်းတာရန် အစားအသောက်သုံး သာမိုမီတာ (Food Thermometer) ကို အသုံးပြုပါ။ ကြက်/ဘဲသား ဖြစ်ပါက ၇၄° C (၁၆၅° F)၊ ဝက်သားနှင့် အမဲသားတုံးများဖြစ်ပါက ၆၃° C (၁၄၅° F)၊ အသားမှုန့်/ အသားစဉ်းကောဖြစ်ပါက ၇၁° C (၁၆၀° F) အထိ အနည်းဆုံး ကျက်အောင်ချက်ပါ။

အသားစိမ်း၊ ငါးစိမ်းများ လှီးဖြတ်သည့် စဉ်းတီတုံး၊ ဓားများနှင့် ချက်ပြုတ်ပြီးသား အစားအစာသုံးပစ္စည်းများကို လုံးဝသီးခြားစီ ခွဲထားပါ။

အသားစိမ်းများကို ကိုင်တွယ်ပြီးတိုင်း၊ မစားသောက်မီတိုင်းတွင် လက်ကိုဆပ်ပြာဖြင့် အနည်းဆုံး စက္ကန့် ၂၀ ကြာအောင် ဆေးကြောပါ။

ဟော့ပေါ့၊ BBQ စားလျှင် တူ/ညှပ် နှစ်စုံသုံးပါ။ အသားစိမ်းထည့်ရန် တူ/ညှပ် တစ်စုံနှင့် ကျက်ပြီးသားကို နှိုက်စားရန် နောက်ထပ်တူ/ညှပ် တစ်စုံကို သီးသန့်အသုံးပြုပါ။


စာမျက်နှာ ၂၁ သို့ ❍

ကြေးမုံ စာအုပ်စင်



ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ခေါင်းမူးဝေဒနာအဖြေရှာနှင့် ကျန်းမာရေး အထောက်အကူပြုဆောင်းပါးများ





ဒေါက်တာ ဥမ္မာစော ရေးသားသည့် ခေါင်းမူးဝေဒနာအဖြေရှာနှင့် ကျန်းမာရေးအထောက်အကူပြုဆောင်းပါးများစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ခေါင်းမူးဝေဒနာအဖြေရှာ၊ ခေါင်းကိုက်တိုင်း စိတ်ပူစရာလိုပါသလား၊ သက်ကြီးသတိမေ့ရောဂါ (Dementia) အကြောင်း သိကောင်းစရာ၊ မိနစ်တိုင်းကို တန်ဖိုးထားလို့ လေဖြတ်ခြင်းကို အချိန်မီကာကွယ်ကုသစို့၊ တစ်ကျော့ပြန် ကိုဗစ်ရောဂါနှင့် ဆက်လက်လိုက်နာနေရမည့် ကာကွယ်ရေးနည်းလမ်းများ၊ အိပ်စက်ခြင်းနှင့် ကျန်းမာရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာ၊ မျောက်ကျောက်ရောဂါအကြောင်း သိကောင်းစရာ၊ ဉာဏ်ရည်တုနည်းပညာနှင့် ဦးနှောက်နှင့် အာရုံကြောဆေးသိပ္ပံပညာ၏ ဆက်နွှယ်အကျိုးပြုနေမှု၊ သတိထားစရာ HMPV အသက်ရှူလမ်းကြောင်းရောဂါ၊ ရာသီပြောင်းချိန်တွင် တွေ့ကြုံနိုင်သော ကျမ်းမာရေးပြဿနာများ၊ ပြင်းထန်သော အပူဒဏ်ကြောင့် သတိလစ်ခြင်း (သို့မဟုတ်) Heat Stroke၊ သက်ရှည်ကျန်းမာလှပဖို့ ကိုယ်လက်လှုပ်ရှားကစားကြစို့၊ လေဖြတ်ရောဂါစိန်ခေါ်ဖို့ နေ့စဉ်ဘဝကို တက်ကြွလှုပ်ရှားစွာ နေထိုင်ကြပါစို့၊ ဝိုင်းဝန်းစောင့်ရှောက်ရန်လိုအပ်သော သက်ကြီးရွယ်အို ကျန်းမာရေး၊ သက်ရှည်ကျန်းမာနေနိုင်ဖို့ အဆီလျှော့စားကြပါစို့၊ မျက်မှောက်ကမ္ဘာတွင် တွေ့ကြုံနေရသော ကျန်းမာရေးပြဿနာများ၊ ခေတ်မီသူနာပြုစုမှုတွင် ဉာဏ်ရည်တုနည်းပညာ၏ အခန်းကဏ္ဍ စသည်တို့ ပါဝင်သည်

စာအုပ်ကို ပန်းမျိုးတစ်ရာစာပေ၊ ၀၁-၈၂၀၂၃၇၂၊ ၀၉-၆၉၅၉၂၁၀၉၄၆၊ တိုက်(၉)၊ အခန်း(၂၀၃/ ၂၀၄) ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၇၀၀၀ ဖြင့် ဖြန့်ချိသည်။

## မဟာဗုဒ္ဓဝင်အနှစ်ချုပ်




ဝေမိုး(ကျွန်းလှ) ဓမ္မဂုဏ်ရည်ဆရာတော် (ရွှေပြည်သာ) ရေးသားသည့် မဟာဗုဒ္ဓဝင် အနှစ်ချုပ်စာအုပ် ဆဋ္ဌမအကြိမ် ထွက်ရှိလာသည်။
စာအုပ်တွင် အခန်း(၇)ခန်းပါရှိပြီး အခန်း(၁) ဗုဒ္ဓုပ္ပါဒဒုလ္လဘာ (ဘုရားပွင့်ရန်ခဲယဉ်းခြင်း)၊ အခန်း(၂) ပါရမီတော်များ၊ အခန်း(၃) နှစ်ကျိပ်လေးဆူဗုဒ္ဓဝင်၊ အခန်း (၄ ဗုဒ္ဓရတနာ (ဂေါတမဗုဒ္ဓဝင်)၊ အခန်း(၅) ဓမ္မရတနာ၊ အခန်း (၆) သံဃာရတနာ၊ အခန်း(၇) သာဝက ရတနာတို့ ပါရှိသည်။

မင်းကွန်းဆရာတော်ကြီး ရေးသားပြုစုတော်မူခဲ့သည့် မဟာဗုဒ္ဓဝင်ကျမ်းကြီးသည် (၆)တွဲ (၈)အုပ်ဖြစ်၍ များပြားကျယ်ဝန်းလှသဖြင့် သာမန်လူတို့ ကြည်ညိုဖတ်ရှုရန် မလွယ်ကူလှချေ၊ ထို့ကြောင့် မိမိသည် မင်းကွန်းဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင်ကျမ်းကြီးများမှ အဓိကအကြောင်းအရာများကို အကျဉ်းချုပ်သဘောဖြင့် ထုတ်နုတ်ရေးသားလျှင် ဗုဒ္ဓဘာသာဝင်တို့ အလွယ်တကူ ကြည်ညိုဖတ်ရှုနိုင်ကြလိမ့်မည်ဟု ကြံစည်မိခဲ့သည်။ ယင်းသို့ ကြံစည်မိသည့်အတိုင်း ဤဗုဒ္ဓဝင်အကျဉ်းချုပ်ကျမ်းစာကို စီစဉ်ရေးသားခဲ့သည်။ မဟာဗုဒ္ဓဝင်ကျမ်းပြု မင်းကွန်းဆရာတော်ကြီး၏ အာသီသအတိုင်း ဤကျမ်းစာကို ကြည်ညိုဖတ်ရှုသူတို့အား နှစ်သက်ဝမ်းမြောက်ခြင်းအကျိုး၊ သောကငြိမ်းအေးခြင်းအကျိုး၊ လူနတ်နိဗ္ဗာန် သုံးတန်သမ္ပဒတ္တိအကျိုးတို့ကို ပေးစွမ်းနိုင်လိမ့်မည်ဟု ယုံကြည်မိပါသတည်းဟု စာရေးသူ ဝေမိုး(ကျွန်းလှ) ဓမ္မဂုဏ်ရည် ဆရာတော်(ရွှေပြည်သာ)က ဆိုထားသည်။

စာအုပ်ကို သီရိရတနာစာပေ၊ ဖုန်း-၀၉-၇၇၇၉၃၈၈၀၈၊ ၀၉-၅၁၂၅၂၈၅၊ ဗဟန်း(၂)လမ်းနှင့် ကိုလတ်စာပေ၊ ဖုန်း-၀၉-၅၀၂၀၀၈၈၊ အမှတ်-၂၀၀၊ (၃၁)လမ်းအထက်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၆၀၀၀ ဖြင့် ဖြန့်ချိသည်။

## အလုပ်လက်မဲ့မှသည် စွန့်ဦးတီထွင်လုပ်ငန်းရှင်သို့ (လမ်းပျောက်နေသူများအတွက် လက်တွေ့အသုံးချလမ်းပြမြေပုံ)




ကိုသန့် (Wheel-turning) ရေးသားသည့် အလုပ်လက်မဲ့မှသည် စွန့်ဦးတီထွင်လုပ်ငန်းရှင်သို့ (လမ်းပျောက်နေသူများအတွက် လက်တွေ့အသုံးချ လမ်းပြမြေပုံ) စာအုပ် ထွက်ရှိလာသည်။

စာအုပ်ကို အပိုင်း(၄)ပိုင်း အခန်းပေါင်း (၁၈)ခန်းဖြင့် စနစ်တကျ တင်ပြထားသည်။ အပိုင်း(၁) ပြိုလဲမှုကို လက်ခံခြင်းနှင့် စိတ်ခွန်အားပြန်လည်တည်ဆောက်ခြင်း၊ အပိုင်း(၂) စီးပွားရေးအကြံဉာဏ်များရှာဖွေခြင်း၊ အပိုင်း(၃) လက်တွေ့စတင်ခြင်းနှင့် ဗျူဟာများ၊ အပိုင်း(၄) ရေရှည်ရပ်တည်မှုနှင့် တိုးတက်မှုတို့ပါရှိသည်။ ဘာမှမရှိသည့် အခြေအနေတစ်ခုမှ လုပ်ငန်းတစ်ခုကို လက်တွေ့မည်သို့ လုပ်ရမည်နည်း၊ ငွေကြေးမည်သို့ စီမံခန့်ခွဲမည်နည်း၊ အကြံဉာဏ်ကောင်းကောင်း မည်သို့ရှာမည်နည်း စသည်တို့ကို အဆင့်လိုက် (step-by-step) ရှင်းပြထားသည့် စာအုပ်တစ်အုပ်ဖြစ်သည်။ အဆိုပါစာအုပ်သည် အရည်အချင်းရှိပါလျက် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုကြောင့် စိတ်ဓာတ်ကျနေသည့် လူငယ်များ၊ ဝန်ထမ်းဘဝမှ အကြောင်းအမျိုးမျိုးကြောင့် အနားယူလိုက်ရပြီး ရှေ့ဆက်ရမည့်လမ်းကို ဝေဝါးနေသူများအတွက် ရည်ရွယ်ရေးသားထားသည်။

စာအုပ်ကို Wisdom House စာအုပ်တိုက် ၀၉-၂၅၄၁၄၈၅၆၈၊ ၀၉-၄၃၀၄၁၈၅၇၊ အခန်း(၀၀၂)၊ တိုက်(၅၆)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၈၀၀၀ သတ်မှတ်ထားသည်။

❍ စာမျက်နှာ ၂၀ မှ

သည်းခြေပြွန်ကင်ဆာအန္တရာယ်မှ ကာကွယ်ရန် ရေချိုငါးများကို ရာနှုန်းပြည့်ကျက်အောင် ချက်ပြုတ်ပြီးမှသာစားသုံးပါ။

အသားကင်စားသည့်အခါ မီးလောင်ကျွမ်းပြီး မည်းနက်နေသော အပိုင်းအစများကို ဓားဖြင့် လှီးဖြတ်ဖယ်ထုတ်ပြီးမှ စားပါ။

အသားကို မကင်မီ သံပရာရည်၊ ရှလကာရည် သို့မဟုတ် ကြက်သွန်ဖြူ၊ ချင်းတို့ဖြင့် နာရီဝက်ခန့် ကြိုတင်နှပ်ထားခြင်း (Marination) သည် HCAs ဓာတ်ပစ္စည်းများ ထွက်ရှိမှုကို ၉၀ ရာခိုင်နှုန်းကျော် အထိ လျှော့ချပေးနိုင်ကြောင်း သုတေသနများအရ သိရသည်။

အသားကို မီးမကင်မီ မိုက်ခရိုဝေ့ဖ်ဖြင့်ဖြစ်စေ၊ ပြုတ်၍ဖြစ်စေ အနည်းငယ်ကြိုတင်ကျက်အောင် လုပ်ထားခြင်းဖြင့် မီးပေါ်တွင် ကင်ရမည့်အချိန်ကို လျှော့ချနိုင်ပြီး PAHs နှင့် HCAs ဖြစ်ပေါ်မှုကို နည်းပါးစေသည်။

ချက်ပြုတ်ပြီးသား အစားအစာများကို ပြင်ပလေထုထဲတွင် နှစ်နာရီထက်ပိုမထားပါနှင့်။ ၄° C (၄၀° F) အောက်ရှိသော ရေခဲသေတ္တာထဲတွင် စနစ်တကျ ပိတ်ဆို့သိမ်းဆည်းပါ။

သန့်ရှင်းသော သောက်သုံးရေ၊ သန့်စင်သော နို့နှင့် လတ်ဆတ်သောကုန်ကြမ်းများကိုသာ ရွေးချယ်ဝယ်ယူ ချက်ပြုတ်ပါ။

ဆရာဝန်တစ်ဦးအနေဖြင့် တိုက်တွန်းလိုသည်မှာ "အရသာကိုမက်မောကာ ကျန်းမာရေးကို လောင်းကြေးမထပ်သင့်ဘူး"ဆိုသော အချက်ပင်ဖြစ်သည်။ မကျက်တကျက် အသားတစ်လုတ်၊ ငါးအစိမ်းတစ်ပွဲ၏ တစ်ခဏတာလျှာဖျား အရသာအတွက်နှင့် မိမိ၏အဖိုးတန်လှသော အသည်း၊ ကျောက်ကပ်၊ ဦးနှောက်နှင့် အသက်အန္တရာယ်ကို အထိခိုက်မခံသင့်ပါ။ စနစ်တကျသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပြည့်ဝသော အပူချိန်ဖြင့်ချက်ပြုတ်ခြင်းဟူသော ရိုးရှင်းသည့် ကျန်းမာရေးအလေ့အထများသည် ကင်ဆာနှင့် ပြင်းထန်သော ကပ်ပါးကောင်ဘေးအန္တရာယ်များက ရာနှုန်းပြည့် ကာကွယ်ပေးနိုင်ပါသည်။ ထို့ကြောင့် ယနေ့မှစ၍ ဘေးကင်းစိတ်ချရသော စားသောက်မှုပုံစံကို ရွေးချယ်ပြီး အသက်ရှည်ကျန်းမာစွာနေထိုင်နိုင်ကြစေရန်တိုက်တွန်းလိုက်ရပါတော့သည်။ ။

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် –

❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
❖ ရေစီးကြောင်းနှင့် နီးသောငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

## MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲတွင် Falcon အသင်း ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဩဂုတ် ၉

MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၂) တတိယနေ့ကို ယနေ့တွင် ဗဟန်းမြက်ခင်းတုကွင်း၌ ဆက်လက်ကျင်းပရာ Falcon အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။



Falcon အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

Falcon အသင်းသည် ဂိုးပြတ်နိုင်ပွဲဖြင့် နိုင်ပွဲပြန်ရခဲ့ပြီး ဧရာဝတီယူနိုက်တက်အသင်းမှာမူ ရှုံးပွဲကြုံတွေ့ခဲ့သည်။ ဧရာဝတီယူနိုက်တက်အသင်းသည် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ပထမပိုင်းမှာပင် သုံးဂိုးအထိ ပြန်ပေးခဲ့ရသည်။ ဧရာဝတီယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို ငါးမိနစ်တွင် ကြယ်စင်ကျော်က သွင်းယူပြီး သုံးမိနစ်အကြာတွင် falcon အသင်း ချေပဂိုးပြန်ရကာ ကောင်းခန့်က သွင်းယူသည်။ Falcon အသင်းအတွက် အနိုင်ဂိုးများကို ၁၂ မိနစ်တွင် ဒီဝေယံ၊ ၄၄ မိနစ်တွင် ဝင်းမင်းသန့်၊ ၈၄ မိနစ်တွင် ညီညီသန့်တို့က သွင်းယူသည်။

ပွဲစဉ် ၁၂ နောက်ဆုံးနေ့ကို ဩဂုတ် ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ဒဂုံစတား ယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်း၊ ဗဟန်းမြက်ခင်းတုကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Galaxy အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း - ညီမြတ်သော်တာ**

**ဓာတ်ပုံ - MNL**



ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြန်မာ ယူ-၁၉ အသင်းတို့ ခြေစမ်းကစားစဉ်။

## မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများ ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစား

ရန်ကုန် ဩဂုတ် ၉

၂၀၂၆-၂၀၂၇ ရာသီအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာနေရှင်နယ်လိဂ် (MNL) ကလပ်အသင်းများသည် ဩဂုတ် ၇ ရက်နှင့် ၈ ရက်တို့တွင် ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် လက်ရွေးစင်ကစားသမားများမှလွဲ၍ ပြည်တွင်း၊ ပြည်ပကစားသမားအစုံအလင်ဖြင့် ကစားခဲ့ပြီး အသစ်ခေါ်ယူထားသည့် တိုက်စစ်မှူး မူစတာဖာ၊ ကွင်းလယ်တိုက်စစ်ကစားသမား ဂိုင်းမစ်ချယ်တို့က ဂိုးများ သွင်းယူပေးခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းအတွက် ဂိုးကို ကောင်းခန့်ကျော်က သွင်းယူပေးခဲ့သည်။

ထို့ပြင် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ခြေစမ်းပွဲကစားကြရာ စစ်ကိုင်းယူနိုက်တက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ထို့ပြင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းမှာလည်း အား/ကာသိပ္ပံအသင်းနှင့် ခြေစမ်းပွဲကစားခဲ့ပြီး ရလဒ်ကိုမူ ထုတ်ပြန်ခဲ့ခြင်းမရှိပေ။

၂၀၂၆-၂၀၂၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို စက်တင်ဘာလဆန်းပိုင်းတွင် စတင်မည်ဖြစ်သောကြောင့် ကလပ်အသင်းများသည် ရာသီကြိုခြေစမ်းပွဲများကစားကာ ပြင်ဆင်နေခြင်းဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - YUFC**

## MFF ယူ - ၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် SGF Youth အသင်း ရှစ်ပွဲဆက်အနိုင်ရလဒ်ဖြင့် ဆက်လက်ဦးဆောင်

ရန်ကုန် ဩဂုတ် ၉

၂၀၂၆ MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၈) ကို ယနေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ SGF Youth အသင်း ရှစ်ပွဲဆက်အနိုင်ရလဒ်ဖြင့် ဆက်လက်ဦးဆောင်နေသည်။

ပွဲစဉ် (၈) တွင် TKA Star အသင်းက United City အသင်းကို လေးဂိုး-နှစ်ဂိုး၊ Avengers Junior အသင်းက Pacific Sun Far အသင်းကို ငါးဂိုး - လေးဂိုး၊ Jullniss အသင်းက မာရိန်းအသင်းကို ငါးဂိုး - လေးဂိုး၊ SGF Youth အသင်းက ဘူရှီဒိုအသင်းကို ၁၀ ဂိုး - နှစ်ဂိုး၊ Victoria အသင်းက FFU မင်းမဟော်အသင်းကို ခုနစ်ဂိုး - ဂိုးမရှိ၊ Mahar Burma အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၁ ဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။



Victoria အသင်းနှင့် FFU မင်းမဟော်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ပွဲစဉ် (၈) အပြီးတွင် SGF Youth အသင်းက ၂၄ မှတ်ဖြင့် ဦးဆောင်နေပြီး Victoria အသင်းက ၂၁ မှတ်၊ FFU မင်းမဟော်အသင်း၊ Mahar Burma အသင်းနှင့် Avengers Junior အသင်းတို့က ၁၅ မှတ်စီ၊ Pacific Sun Far အသင်းနှင့် Jullniss အသင်းက ၁၃ မှတ်စီနှင့် TKA Stars အသင်းက ၁၂ မှတ်၊ United City အသင်းက ကိုးမှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက သုံးမှတ်၊ မာရိန်းအသင်းနှင့် ဘူရှီဒိုအသင်းတို့က တစ်မှတ်စီရရှိထားသည်။

**သတင်း - ရှိုင်းထက်ဇော်**

**ဓာတ်ပုံ - MFF**

## အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ နှစ်ကျော့စလုံးကို ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ လက်ခံကစားမည်

ရန်ကုန် ဩဂုတ် ၉

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၆-၂၀၂၇ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားပြီး လာအိုကလပ်အသင်းက အိမ်ကွင်း လက်ခံကျင်းပခြင်း မရှိသဖြင့် နှစ်ကျော့စလုံးကို အိမ်ကွင်း လက်ခံကစားရမည်ဖြစ်သည်။



ရှမ်းယူနိုက်တက်အသင်း ရာသီသစ်အတွက် ရာသီကြိုခြေစမ်းပွဲကစားစဉ်။

ပြိုင်ပွဲကျင်းပမည့် ပုံစံအရ နောက်ဆုံးအဆင့်တွင် အသင်းစုစုပေါင်း ၁၄ သင်းဖြင့် ကျင်းပမည်ဖြစ်ရာ ၁၂ သင်းမှာ တိုက်ရိုက်ကစားခွင့်ရပြီး မြန်မာ၊ လာအို၊ ဖိလစ်ပိုင်နှင့် ဘရူနိုင်းကလပ်တို့မှာ ခြေစစ်ပွဲအဆင့်မှ ကစားရကာ နှစ်သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ခြေစစ်ပွဲ မဲခွဲထားမှုအရ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် လာအိုကလပ် Ezra အသင်း၊ ဖိလစ်ပိုင်ကလပ် မနီလာဒီဂါအသင်းနှင့် ဘရူနိုင်းကလပ် ကာဆူကာအသင်းတို့တွေ့ဆုံနေသည်။ ခြေစစ်ပွဲကို စက်တင်ဘာ ၁၁ ရက်နှင့် ၁၄ ရက်တို့တွင် နှစ်ကျော့ကျင်းပမည်ဖြစ်ပြီး လာအိုကလပ်အသင်းသည် အိမ်ကွင်း လက်ခံကစားခြင်း မရှိသဖြင့် နှစ်ကျော့စလုံးကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ နောက်ဆုံးအဆင့် အုပ်စုမဲခွဲထားမှုအရ အုပ်စု (A) တွင် ဘူရီရမ်ယူနိုက်တက် (ထိုင်း)၊ ရတ်ချာဘူရီ(ထိုင်း)၊ ကူချင်းစီးတီး (မလေးရှား)၊ တမ်ပနိစ်ရိုဗာ (စင်ကာပူ)၊ ဟိုချီမင်းစီးတီး (ဗီယက်နမ်)၊ ဘော်နီယို (အင်ဒိုနီးရှား)၊ ခြေစစ်ပွဲဖြစ်သည့် ဖိလစ်ပိုင်ကလပ် မနီလာဒီဂါအသင်းနှင့် ဘရူနိုင်းကလပ် ကာဆူကာအသင်းပွဲမှ အနိုင်ရသည့်အသင်း၊ အုပ်စု(B)တွင် Port (ထိုင်း)၊ ဂျိုဟိုးဒါရူးလ် (မလေးရှား)၊ Lion City Sailors (စင်ကာပူ)၊ ကောင်အန်ဟန္တိုင်း (ဗီယက်နမ်)၊ ပါဆစ်(အင်ဒိုနီးရှား)၊ Preah Khan Reach Svay Rieng (ကမ္ဘောဒီးယား)၊ ခြေစစ်ပွဲဖြစ်သည့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် လာအိုကလပ် Ezra အသင်းပွဲမှ အနိုင်ရသည့်အသင်းတို့ ပါဝင်နေသည်။

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ပြန်လည်ကျင်းပသည့် သုံးကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရထားပြီး ပြီးခဲ့သည့်နှစ်ကြိမ်တွင် နောက်ဆုံးအဆင့် အုပ်စုသို့ တက်ရောက်ခွင့်ရသော်လည်း အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် ပြင်ဆင်မှုများစွာ ပြုလုပ်နေပြီး ပြည်တွင်း၊ ပြည်ပ ကစားသမားသစ်များစွာ အင်အားဖြည့်တင်းထားသည်။

**သတင်း - ချစ်ကိုကို**

**ဓာတ်ပုံ - SUFC**



## သာယာဝတီမြို့နယ်၌ ရပ်ကွက် / ကျေးရွာပေါင်းစုံ အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

သာယာဝတီ ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ၂၀၂၆ ခုနှစ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ခရိုင်ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းက အမှာစကားပြောကြားသည်။ အနောက်သပြေကုန်းအသင်းနှင့် လှည်းလမ်းကူးအသင်းတို့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် သာယာဝတီမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အသင်း ၂၈ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)


# တစ်ကျော့ပြန် နျူကလီးယား နည်းပညာ

**နီဇော်သစ်**

အထွေထွေသုံးနည်းပညာဟု ဆိုနိုင်သည့် General–Purposed Technology များ၏ ပျံ့နှံ့လွှမ်းမိုးနိုင်စွမ်းကို ကန့်သတ်ထိန်းချုပ်၍မရနိုင်ဟု ဆိုလေ့ရှိကြသည်။ နည်းပညာသမိုင်းတစ်လျှောက်တွင်လည်း ထိုအတိုင်းမြင်တွေ့ခဲ့ရသည်။ အထွေထွေသုံးနည်းပညာတို့၏ ပျံ့နှံ့မှုနှင့် ပါဝါပြန်လည်ဖြန့်ဝေမှုတို့သည် လူသားတို့၏ လက်ရှိနေထိုင်မှု အဆင့်အတန်းဆီသို့ တွန်းတင်ပေးခဲ့သည်ဟုပင် ဆိုနိုင်သည်။ သို့သော် ခြွင်းချက်တော့ရှိပါသည်။ ယင်းမှာ နျူကလီးယားနည်းပညာ။ နျူကလီးယားနည်းပညာ၏ ပျံ့နှံ့လွှမ်းမိုးမှုကိုတော့ လူသားတို့ ကန့်သတ်ထိန်းချုပ်နိုင်ခဲ့ကြသည်။

ဟီရိုရှီးမားနှင့် နာဂါစကီမြို့နှစ်မြို့ပေါ်သို့ ကျရောက်ခဲ့သည့် အက်တမ်ဗုံး နှစ်လုံး၊ ချာနိုဘိုင်းမှသည် ဖူကူရှီးမားအထိ မတော်တဆဖြစ်ရပ်များ၊ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများ၏ ဘေးအန္တရာယ်များသည် ကမ္ဘာတစ်ဝန်းရှိ လူသားတိုင်းကို နျူကလီးယားအိပ်မက်ဆိုး မက်စေခဲ့သည်။ နျူကလီးယားလက်နက် ပိုင်ဆိုင်ထားပြီးသားနိုင်ငံကြီးများ၏ နျူကလီးယားလက်နက် မပြန့်ပွားရေး စာချုပ်များကိုအားပေးခဲ့ကြသည်၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီ၏ နျူကလီးယားစွမ်းအင် အသုံးပြုမှုအပေါ် ထိန်းချုပ်စောင့်ကြည့်မှုကို တညီတညွတ် လက်ခံခဲ့ကြသည်။ ထို့ကြောင့်ကြီးမားသောစွမ်းပကားရှိသည့် နည်းပညာတစ်ခုမှာ ပျံ့နှံ့လွှမ်းမိုးချိန်မရလိုက်ဘဲ ကန့်သတ်ထိန်းချုပ်ခံလိုက်ရသည်။ သို့သော် ပတ္တမြားမှန်လျှင် နွံမနစ်ပါ။ တစ်ချိန်က နျူကလီးယားနည်းပညာကို အပြင်းအထန် ကန့်ကွက်ခဲ့ကြသူများပင်လျှင် ယခုလည်ပြန်လှည့်ကြည့်လာကြရပြီဖြစ်သည်။

ပဋ္ဌလက်ဆန်ပြီး နေမှအပဖြစ်သော စွမ်းအင်ကို ထုတ်ပေးနိုင်သည့် နည်းပညာတစ်ခု ထိန်းချုပ်မှုများအောက်တွင် မလူးသာမလွန့်သာဖြစ်နေသည့်တိုင် တစ်ချိန်ချိန်တွင် မဖြစ်မနေပြန်သုံးရမည်ဟု ကျွန်တော် ယခင်ကတည်းက ယုံကြည်ထားခဲ့သည်။ ယခုအေအိုင်ခေတ်တွင် တကယ်ဖြစ်လာပြီ။ အေအိုင်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာသည့်လမ်းကြောင်း တစ်လျှောက်တွင် အလွန်များပြားသော အချက်အလက်များကို သုံးခဲ့ရသည်။ ထိုအချက်အလက်များကို မောင်းနှင်ဖို့ စွမ်းအင်လိုအပ်ချက်ကလည်း ကြီးမားသည်။ ထပ်ပြီး အေဂျီအိုင်အဆင့်သို့ တက်ဖို့ဆိုလျှင် ပိုမိုများပြားသည့် အချက်အလက်များနှင့် ပိုမိုများပြားသော စွမ်းအင်တို့ လိုအပ်လာပြီ။ သန့်စင်သော ပြန်ပြည့်မြဲစွမ်းအင်တို့သည် ၂၄ နာရီ ခုနစ်ရက် အဆက်မပြတ်လိုအပ်လာမည့် ထိုမျှသောစွမ်းအင်ပမာဏကို ကာမိနိုင်စရာအကြောင်းမရှိ။ လက်ရှိတွင် အေအိုင်လုပ်ငန်းကြီးများက ဖျူရှင်နည်းပညာဘက်ကို ယိမ်းလာသောကြောင့် ထိုသို့ဆိုရခြင်းဖြစ်သည်။ တကယ်တော့ စွမ်းအင်လိုအပ်သည်မှာ နယ်ပယ်တိုင်းပင်။ ထို့ကြောင့် နျူကလီးယားဘက်သို့ ခြေဦးပြန်လှည့်လာသည်။ သို့သော် ယခင်ကလို ဖစ်ရှင်နည်းပညာမဟုတ်၊ ဖျူရှင်နည်းပညာ။ ကွဲထွက်စွမ်းအင်မဟုတ်၊ ပေါင်းစည်းစွမ်းအင်။




ထိုနျူကလီးယား သဘောတရားတစ်ခုကို အလွယ်တကူနှိုင်းယှဉ်သဘောပေါက်နိုင်ရန် ဗုံးများကိုယှဉ်ပြခြင်းက ပိုထိရောက်မည်ဟု ထင်ပါသည်။ ဒုတိယကမ္ဘာစစ်ကို အဆုံးသတ်စေဖို့ သုံးခဲ့ကြသည့် အက်တမ်ဗုံး နှစ်လုံးသည် ဖစ်ရှင် သို့မဟုတ် ကွဲထွက်နျူကလီးယားသဘောတရားကို သုံးထားခြင်းဖြစ်သည်။ တမြန်နှစ်က နာမည်ကျော် ဒါရိုက်တာကြီး ခရစ္စတိုဖာ နိုလန်၏ အိုပင်ဟိုင်မာ ရုပ်ရှင်ဇာတ်ကားကြီးကို ကြည့်ဖြစ်လိုက်သူများဆိုလျှင် ပိုပြီးသဘောပေါက်လွယ်ပါလိမ့်မည်။ မန်ဟက်တန်စီမံကိန်းကာလအတွင်း ရောဘတ်အိုပင်ဟိုင်မာတို့ ကွဲထွက်နျူကလီးယားဖြစ်စဉ်ကိုသုံးပြီး အက်တမ်ဗုံးတစ်ခု ပထမဆုံးပေါ်ထွက်လာအောင် အားထုတ်နေချိန်တွင် သူနှင့်တွဲဖက် အက်ဒွပ်တယ်လာက အက်တမ်ဗုံးဆက်လုပ်မနေဘဲ ဟိုက်ဒရိုဂျင်ဗုံးလုပ်ဖို့ တွန်းအားပေးသည်ကို ထိုဇာတ်ကားထဲတွင် မြင်တွေ့ခဲ့ရပါလိမ့်မည်။ အိုပင်ဟိုင်မာက လက်မခံ၍ စီမံကိန်းထဲမှ နုတ်ထွက်သွားခဲ့သည်။ အိုပင်ဟိုင်မာက အက်တမ်ဗုံး၏ဖခင်ဖြစ်လာသလို နောက်ပိုင်းတွင် တယ်လာသည် ဟိုက်ဒရိုဂျင်ဗုံး၏ ဖခင်ဖြစ်လာသည်။ ဟိုက်ဒရိုဂျင်ဗုံးသည် ဖျူရှင် သို့မဟုတ် ပေါင်းစည်းနျူကလီးယားနည်းပညာကို သုံးထားခြင်းဖြစ်သည်။

အဆိုပါ ဗုံးလုပ်သည့် နည်းပညာကို စီးပွားဖြစ်အရပ်သုံးနည်းပညာဖြစ်အောင် ပြောင်းယူရာတွင် ထိန်းချုပ်မှုများလိုလာသည်။ ကွဲထွက် နျူကလီးယားဖြစ်စဉ်တွင် သန့်စင်ပြီးယူရေနီယံပမာဏတစ်ခု လိုအပ်သည်။ ပမာဏပြည့်ဝလျှင် အလိုအလျောက် ပြိုကွဲသည်။ ယူရေနီယံ အက်တမ် နှစ်ခြမ်းကွဲသွားပြီး နျူထရွန်သုံးလုံးထွက်လာကာ ထိုသုံးလုံးက နောက်ထပ် ယူရေနီယံအက်တမ်သုံးလုံးကို ထပ်ပြီး ပြိုကွဲစေသည်။ ထိုသို့ ဆပြန်တက်ပြီး ပြိုကွဲခြင်းသည် အက်တမ်ဗုံးပေါက်ကွဲမှုကို ဖြစ်စေသည်။ ဓာတ်ပေါင်းဖိုထဲတွင်တော့ ထိုသို့ ဆပြန်မတက်စေရန် မော်ဒရေတာဟုခေါ်သည့် ရေများနှင့် ထိန်းချုပ်သတ္တုချောင်းများ ထည့်ပေးထားသည်။ မော်ဒရေတာများက နျူထရွန်၏အရှိန်ကို နှေးစေသည်။ ထိန်းချုပ်သတ္တုချောင်းများက ထွက်လာသော နျူထရွန်အများစုကို စုပ်ယူလိုက်၍ ကွင်းဆက်တုံ့ပြန်မှုဟု ဆိုနိုင်သော Chain Reaction မှာ အားနည်းသွားသည်။ ဗုံးတစ်ခုလို မပေါက်ကွဲသည့်တိုင် အပူစွမ်းအင်အများအပြားထွက်လာသည်။ အလွန်အမင်းပူပြင်းမှုကိုကာကွယ်ရန် ရေဖြင့် အအေးခံပေးရ၏။ ထိုရေများဆူပွက်ပြီး တာဘိုင်ကြီးများကို မောင်းနှင်ခြင်းဖြင့် လျှပ်စစ်ထွက်လာသည်။ ယင်းမှာ ထုံးတမ်းစဉ်လာ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခုကို ခြေယမ်းလက်ယမ်းနည်းဖြင့် မြင်သာအောင် ရှင်းပြခြင်းဖြစ်ပါသည်။ လက်တွေ့တွင် ထို့ထက်မက ရှုပ်ထွေးသလို သုံးသည့်နည်းကွဲများလည်း အများအပြားရှိပါသည်။ အဓိကပြဿနာမှာ ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်း အများအပြားထွက်လာခြင်းဖြစ်သည်။ ယင်းတို့ကို ဘေးကင်းအောင် စွန့်ပစ်ဖို့က အလွန်အရေးကြီးသလို ခက်လည်းခက်လှသည်။

နျူကလီးယားပေါင်းစည်းသည့် နည်းမှာမူ ယူရေနီယံလို အက်တမ်ကြီးများကို ကွဲထွက်စေခြင်း၏ ဆန့်ကျင်ဘက် အသေးဆုံးအက်တမ်ဖြစ်သည့် ဟိုက်ဒရိုဂျင်အက်တမ်နှစ်လုံးကို ပေါင်းပြီး ဟီလီယံအက်တမ်တစ်လုံး ပေါ်ထွက်လာစေခြင်းဖြစ်သည်။ အလွယ်ပြောပါမည်။ ဟိုက်ဒရိုဂျင်အက်တမ် နှစ်လုံးပေါင်းပြီး ထွက်လာသည့် ဟီလီယံအက်တမ်သည် မူလအက်တမ်နှစ်လုံးပေါင်းအောက် ဒြပ်ထု လျော့သွားသည်။ ထိုလျော့သွားသော ဒြပ်ထုမှာ စွမ်းအင်အဖြစ် ထွက်လာသည်။ ကျွန်တော်တို့၏ အသက်သွေးကြောဖြစ်သည့်နေသည် ထိုနည်းဖြင့် စွမ်းအင်များကို ထုတ်လွှတ်ပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် ဖျူရှင်နည်းပညာကို သုံးခြင်းသည် ကမ္ဘာပေါ်တွင် နေလေးတစ်လုံး ဖန်တီးခြင်းလည်းဖြစ်သည်။ ထိုနည်းပညာကို ဟိုက်ဒရိုဂျင်ဗုံးလို ပေါက်ကွဲမသွားစေဘဲ ထိန်းချုပ်ပြီး လျှပ်စစ်စွမ်းအင်ထုတ်လုပ်ဖို့သည် ထိန်းချုပ် နျူကလီးယား ဖျူရှင်နည်းပညာ၏ ရည်မှန်းချက်ဖြစ်သည်။

ဟိုက်ဒရိုဂျင် နှစ်လုံးပေါင်းသည်ဟုဆိုသော်လည်း လက်တွေ့ဖျူရှင်ဓာတ်ပေါင်းဖိုများတွင် ဟိုက်ဒရိုဂျင် အိုင်ဆိုတုပ်နှစ်မျိုးဖြစ်သော ဒူတီရီယံနှင့် ထရစ်တီယံ နှစ်လုံးကို ပေါင်းစည်းစေသည်။ ဒူတီရီယံနှင့် ထရစ်တီယံတို့သည် ဟိုက်ဒရိုဂျင်ထက် နျူထရွန် တစ်လုံး၊ နှစ်လုံးစီ ပိုများသောကြောင့် ပေါင်းစည်းချိန်တွင် နျူထရွန်တစ်လုံးနှင့် စွမ်းအင်ထွက်လာသည်။ ပေါင်းရာတွင်လည်း သာမန်အခြေအနေတွင် ပေါင်း၍မရ။ နေ၏ ဗဟိုချက်လိုမျိုး အပူအလွန်မြင့်မားသည့် သာမိုနျူကလိယဟုခေါ်သော ပတ်ဝန်းကျင်တစ်ခုအတွင်းတွင်သာ ဖြစ်နိုင်သည်။ ထို့ကြောင့် ပေါင်းစည်း နျူကလီးယားဖြစ်စဉ်အတွက် သာမိုနျူကလိယ ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးဖို့လိုသည်။ ဗုံးလုပ်တုန်းက ပြဿနာမရှိ။ အက်တမ်ဗုံးကိုအရင်ခွဲပြီးဖြစ်လာသည့် သာမိုနျူကလိယပတ်ဝန်းကျင်တွင် ဟိုက်ဒရိုဂျင်ဗုံးကို ဖောက်လိုက်ခြင်းဖြစ်သည်။ ယူရေနီယံသည် ပမာဏပြည့်သည်နှင့် ပြိုကွဲသောကြောင့် ဗုံးထဲတွင် သုံးပိုင်းခွဲထားရသည်။ ဖောက်ခွဲသည့်အချိန်တွင်မှ တီအင်န်တီ ယမ်းကိုသုံးပြီး သုံးပိုင်းပေါင်းမိအောင်လုပ်သည်။ ထို့ကြောင့် တီအင်န်တီသည် အက်တမ်ဗုံး၏ စနက်တံ၊ အက်တမ်ဗုံးသည် ဟိုက်ဒရိုဂျင်ဗုံး၏ စနက်တံဟုပင် အဆိုရှိခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်အနည်းငယ်အတွင်း တရုတ်နိုင်ငံက သူတို့၏ နေအတုစီမံကိန်း သမိုင်းတစ်ဆစ်ချိုး တိုးတက်ပြောင်းလဲနိုင်ခဲ့ပြီဟု ထုတ်ဖော်ခဲ့ကြသည်။ နေအတုမှာ ရှေ့ကပြောခဲ့သည့် နည်းပညာဖြစ်သည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး စူပါလျှပ်ကူးသံလိုက်ကြီးကိုဖန်တီးပြီး ပလာစမာအမှုန်များကို ဆွဲလှည့်ကာ ဖျူရှင်ဖြစ်စေခြင်းဖြင့် ကမ္ဘာပေါ်တွင် နေအတုဖန်တီးလိုက်ခြင်းဖြစ်သည်။ ပထမအဆင့်တုန်းကလည်း နေအတုကို စက္ကန့် ၁၀၀၀ ကျော်ကြာသည်အထိ ထိန်းပြပြီး သမိုင်းမှတ်တမ်းတင်ခဲ့သည်။ ယခုအဆင့်မှာ ထိုစွမ်းအင်ကို သုံးပြီး လျှပ်စစ်စွမ်းအင်ထုတ်လုပ်ဖို့ လမ်းကြောင်းပေါ်သို့ စတက်လိုက်သည့် သမိုင်းအချိုးအကွေ့ဖြစ်သည်။

အမေရိကန် ပြည်ထောင်စုကမူ ထိုနည်းကို မသုံး။ လေဆာမီးရှို့နည်းဖြင့် ဖျူရှင်ဖြစ်ဖို့လိုအပ်သော အပူကိုထုတ်ဖို့ ကြိုးစားသည်။ ယခု "တစ်ကျော့ပြန် နျူကလီးယားနည်းပညာ" ခေါင်းစဉ်အောက်တွင် အဆိုပါ နည်းပညာပြိုင်ဆိုင်မှု၊ တိုးတက်မှု၊ ရည်မှန်းချက်များအကြောင်းကို တင်ပြဆွေးနွေးသွားဖို့ ရည်ရွယ်ထားပါသည်။

## သက်သတ်လွတ်စားခြင်းသည် မျိုးဗီဇလုပ်ဆောင်ချက်များကို တစ်လအတွင်း ပြောင်းလဲစေနိုင်

သက်သတ်လွတ်စစားပြီးနောက် သီတင်းလေးပတ်အတွင်းမှာပင် မျိုးဗီဇလုပ်ဆောင်ချက်များ ပြောင်းလဲသွားကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။ ဒီအင်န်အေ မပြောင်းလဲသော်လည်း မျိုးဗီဇများ(genes)၏ လုပ်ဆောင်ချက်များ ပြောင်းလဲသွားခြင်းဖြစ်သည်။

သိပ္ပံပညာရှင်များက သက်သတ်လွတ်စားချိန် တစ်လကြာသူများကို ပုံမှန်အသားစားသူများနှင့် နှိုင်းယှဉ်လေ့လာခဲ့ကြခြင်းဖြစ်သည်။ သက်သတ်လွတ်တစ်လကြာ စားထားသူများသည် အသားစားသူများထက် ရောင်ရမ်းမှု၊ ဇီဝဖြစ်စဉ် ပြောင်းလဲမှုတို့ ပိုနည်းသွားပြီး ဇီဝအိုမင်းမှုဖြစ်စဉ်ကိုလည်း နှေးစေနိုင်ကြောင်း တွေ့ရှိခဲ့သည်။

ကာလီဖိုးနီးယားတက္ကသိုလ် ဆန်ဒီယာဂို ဆေးကျောင်းမှ အာရုံကြော သိပ္ပံ တွဲဖက်ပါမောက္ခ ဒေါက်တာဂျုရမ်း မာတင်က "ကျွန်တော်တို့ရဲ့ မျိုးဗီဇဟာ ကျွန်တော်တို့ရဲ့ကံကြမ္မာမဟုတ်ပါဘူး။ အခု သိသာထင်ရှားတဲ့တွေ့ရှိမှုက စားသောက်ပုံတစ်မျိုးဟာ နောက်တစ်မျိုးထက် ပိုကောင်းတယ်လို့ မဆိုလိုပါဘူး။ သီတင်းလေးပတ်အတွင်းမှာပဲ တိုင်းတာလို့ရလောက်အောင် ပြောင်းလဲသွားတယ်လို့ပဲ ဆိုလိုပါတယ်။ ကျွန်တော်တို့ မကြာခဏပြောဖူးသလိုပဲ ကျွန်တော်တို့ရဲ့ ဇီဝဖြစ်စဉ်တွေဟာ တက်တက်ကြွကြွ ပြောင်းလဲနေတယ်၊ နေ့စဉ် ရွေးချယ်မှုတွေကို တုံ့ပြန်ပေးတယ်ဆိုတာကို ပိုမိုထင်ရှားစေခဲ့ပါတယ်"ဟု ရှင်းပြသည်။

ထိုလေ့လာမှုတွင် အရွယ်ရောက်ပြီး ကျန်းမာသူစေတနာ့ဝန်ထမ်း ၄၈ ယောက်ကို အစားအစာပုံစံ အမျိုးမျိုးချမှတ်၍ စားစေပြီး သွေးထဲတွင်ပါဝင်လာသည့်ဓာတ်တို့ကို စမ်းသပ်ကြည့်ခဲ့ခြင်းဖြစ်သည်။ ကယ်လိုရီတူသည့် အစားအသောက်နှစ်မျိုး၏ သက်ရောက်မှုများကို နှိုင်းယှဉ်ခဲ့ခြင်းကလည်း လေ့လာမှု၏အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ခဲ့သည်။



Ref: scitechdaily



✻ ထိုင်းဘုရင့်ဖလားမှ

သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲ အုပ်စုပွဲတွင် မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းကို သုံးပွဲ-ပွဲမရှိဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲစဉ်၏ ပထမပွဲငယ်တွင် ၁၅-၁၇ မှတ်၊ ဒုတိယပွဲငယ်တွင် ၆-၁၅ မှတ်၊ ဒုတိယပွဲစဉ်၏ ပထမပွဲငယ်တွင် ၆-၁၅ မှတ်၊ ဒုတိယပွဲငယ်တွင် ၅-၁၅ မှတ်၊ တတိယပွဲစဉ်၏ ပထမပွဲငယ်တွင် ၁၃-၁၅ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၁-၁၅ မှတ်ဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၁၀ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုး ယှဉ်ပြိုင်နေပြီး နောက်ဆုံးပြိုင်ပွဲအမျိုးအစားအဖြစ် သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

**သတင်း-ချစ်ကိုကို**


**ဓာတ်ပုံ-MSTAF**

**★ လေဖိအားနည်းရပ်ဝန်းမှ**

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။ မိုးကြီးမည့် သတိပေးချက်နှင့် ပတ်သက်သည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**မိုး/ဇလ**




**✢ မြန်မာအမျိုးသမီးလိဂ်မှ**

ယခုပွဲအတွက် AYA Pay player of the Match ဆုကို ရောဝတီကွင်းလယ်ကစားသမား နော်ထက်ထက်ဝေက ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက ဖွဲ့ကပင်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ မြဝတီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၁၈ မိနစ်တွင် မြနှင်းဝေက သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay player of the Match ဆုကို မြဝတီဂိုးသမား အိတာရာကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ် ၉ နောက်ဆုံးနေ့ကို ဩဂုတ် ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ Young Lionesses အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ပဒုမ္မာကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MWL**

**✧ အာဆီယံမှ**

ဆီမီးဖိုင်နယ်သို့ တစ်ကျော့ပြန် တက်ရောက်လာခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်သို့ နာမည်ကြီးထိုင်းအသင်းက ရှစ်ကြိမ်ဆက်တိုက်၊ ဗီယက်နမ်အသင်းက ခုနစ်ကြိမ်ဆက်တိုက် တက်ရောက်လာခြင်းဖြစ်သည်။

**ကျင်းပသွားမည်**

ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် ဩဂုတ် ၁၅ ရက်တွင် စင်ကာပူနိုင်ငံ ဂျလန်ဘာဆာကွင်း၌ စင်ကာပူအသင်းနှင့် ထိုင်းအသင်း၊ ဩဂုတ် ၁၆ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ကွာလာလမ်ပူကွင်း၌ မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဆီမီးဖိုင်နယ် ဒုတိယအကျော့ကို ဩဂုတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

**သတင်း-မောင်စံကြီး**

**ဓာတ်ပုံ-asean Football**

**✻ ကျောဖုံးမှ**

ယင်းနောက် ငါးချီပြိုင်ပွဲများဖြစ်သည့် ၅၆ ကီလိုတန်း MLWC ရွှေတံဆိပ်ဆုရှင်ဆလိုင်းထန်ခွီးရှိန် (ကျားမနိုင်)နှင့် Sky Net ရွှေအောင်လံ ဒုတိယဆု၊ SEA Games ကြေးတံဆိပ်ဆုရှင် ဟိန်းထွန်းအောင် (ခေးယူးဝါး)တို့ ပြိုင်ပွဲတွင် ထိပ်တိုက်အားချင်းပြိုင် သွေးချင်းဆိုင်ကြရာ ငါးချီပြည့်သော်လည်း အလဲမထိုးနိုင်သဖြင့် ပူးတွဲသရေကျခဲ့သည်။ ၆၀ ကီလိုတန်း MLWC ရွှေခါးပတ်ချန်ပီယံ အဲမွီ(အဲကညော) နှင့် Sky Net ရွှေအောင်လံဆုရှင် သန့်ဇင် (ပိုင်သွန်တော်ဝင်ရော)တို့ ပြိုင်ပွဲ၌ ပရိသတ်အကြိုက်ရေကုန်ရေခန်း အချီပြည့်ထိုးကြရာ အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့သည်။

၆၇ ကီလိုတန်း MLWC ရွှေတံဆိပ်ရှင် နိုင်ဝင်းထွန်း (Nine Lethwei) နှင့် ကရင်အောင်လံဆုရှင် ကမ္ဘာရှား (ဇာထက်မိတ္ထီလာ) တို့ပြိုင်ပွဲတွင် လေးချီမြောက်၌ နိုင်ဝင်းထွန်း၏ လက်သီးထိုးချက်ကြောင့် ကမ္ဘာရှားခေါင်းတွင် ဒဏ်ရာအနာတရရရှိပြီး ဆေးရှုံးဖြင့် နိုင်ဝင်းထွန်းက အနိုင်ရရှိကာ ချန်ပီယံရွှေခါးပတ်ကို ရရှိခဲ့သည်။

၇၅ ကီလိုတန်းတွင် ထွန်းမင်းအောင် (Top One) နှင့် MLWC ရွှေတံဆိပ်ဆုရှင် ရာမန် (ရိုးရာစွမ်းအား) တို့ အချီပြည့် အားချင်းပြိုင်ကြသော်လည်း အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့သည်။ **ကိုထက်**


**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

**ဖခင်အမည်မှန်**

ကျောက်ပန်းတောင်းမြို့၊ အမှတ်(၂)အ.ထ.က၊ Grade-10 (အခန်း-A) မှ မောင်ဝေယံဟိန်းလင်းနှင့် Grade-12 (အခန်း-A) မှ မသီရိဆွေ တို့၏ ဖခင်အမည်မှန်မှာ ဦးထွေး [၉/ကပတ(နိုင်)၁၆၂၂၈၁] ဖြစ်ပါကြောင်း။

**ဦးထွေး**

**ဝတ်ရည်ဦး**

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

09-43088052
09-260660405
09-421067330

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်၊ 21W/8157၊ အမျိုးအမည် Jialing-90၊ အမျိုးအစား M/C ၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးကိုကိုဟိန်း မှတ်ပုံတင်အမှတ် [၅/ မရန(နိုင်)၂၄၅၁၈၀]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်၊ 38W/23991၊ အမျိုးအမည် Honda Click -125၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးထွန်းထွန်းဝင်း မှတ်ပုံတင်အမှတ် [၈/မမန(နိုင်)၁၉၆၀၈၁]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

**"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ကြက်ဖြူကန်ရပ်ကွက်/ကျေးရွာ၊ အောင်ဇမ္ဗူအေးလမ်းနှင့် ငုဝါလမ်းထောင့်၊ ကွင်းအမှတ်(၅၂၀)၊ ကြက်ဖြူကန်အရှေ့ကွင်း၊ ဦးပိုင်အမှတ်(၂၆/D)အတွင်းရှိ ဧရိယာ(၅၀x၅၀)ပေရှိ မြေကွက်နှင့် ယင်းမြေရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဝတ်ရည်ဇော် (ဘ) ဦးဇော်ဝေ[၃/မဝတ(နိုင်)၀၄၂၇၁၀]ထံမှ ဒေါ်အေးသီရိကြည်[၁၂/သဃက(နိုင်)၀၃၈၄၇၄]က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသီရိကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဇင်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၄)**
**(၁/ရ-၅လမ်း)၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း-၀၉-၄၂၁၀၃၀၆၈၇**

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ခနဲရိကျေးရွာနေ ဦးအောင်သန်း(ကွယ်လွန်)-ဒေါ်မြဝင်း[၁၂/ထတပ(နိုင်)၀၄၂၄၁၇]ကိုင်ဆောင်သူမှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးအောင်သန်း(ကွယ်လွန်)-ဒေါ်မြဝင်းတို့၏ တတိယသမီးဖြစ်သူ မတင်တင်မော်[၁၂/ထတပ(နိုင်)၀၆၇၆၀၄]ကိုင်ဆောင်သူသည် မိခင်ဖြစ်သူအား အမြဲတစေစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ခြင်း၊ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများအား အကြိမ်ကြိမ်ပြုလုပ်၍ ၂၈-၇-၂၀၂၆ ရက်နေ့တွင် မိမိသဘောဆန္ဒအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် သမီးဖြစ်သူ မတင်တင်မော်(ခ)တင်တင်မူအား ယနေ့ အချိန်မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဒေါ်မြဝင်း**
**[၁၂/ထတပ(နိုင်)၀၄၂၄၁၇]**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်၊ ၁၈ယ/၅၄၉၆၉၊ အမျိုးအမည် Jialing-90၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်နေထွန်း၊ မှတ်ပုံတင်အမှတ် [၅/မရန(နိုင်)၂၁၃၀၅၁]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၀၀၉)၊ အကျယ်အဝန်း(၀.၀၅၅ဧက)ရှိနှစ်(၆၀)မြေငှား ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၀၀၉)ဟုခေါ်တွင်သော အိမ်ခြံမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဒေါ်ငြိမ်းသူခိုင်[၁၂/ဒဂန(နိုင်)၀၀၀၂၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ပြည့်စုံ[၇/သကန(နိုင်)၁၁၃၆၄၆]၊ ဒေါ်စံစံမောင်သန်း[၁၀/မလမ(နိုင်)၁၉၂၇၁၄] တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးအောင်ပြည့်စုံနှင့် ဒေါ်စံစံမောင်သန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B, D.B.L, D.I.L, D.M.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘုရင့်ဆီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09-450023651,09-793568375**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်-၂၆၈/ခ၊ ဧရိယာ(၀.၀၃၀)ဧက အကျယ်ရှိ ဦးအေးဝင်း[၁၂/လမန(နိုင်)၀၈၆၆၁၇]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၆၈/ခ)၊ ပြည်တော်သာပတ်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သော ရေ၊ မီးအစုံပါ နေအိမ်နှင့်အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့အား မူလအမည်ပေါက်ပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်စာတမ်းများဖြင့် လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထားအကျိုးခံစားလျက်ရှိပြီး မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်ဝင်းဝင်းမာ[၁၂/သဃက(နိုင်)၀၅၁၈၀၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
|---|---|
| **ဦးဝဏ္ဏဇော် (စဉ်-၉၇၈၀)၊ ဒေါ်အိအိစံ(စဉ်-၁၀၂၁၈)** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **ဒေါ်စန်းစန်းနု(စဉ်-၁၄၁၈၄)၊ ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)** | **ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)** |
| **ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)** | |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉-၄၃၁၃၃၉၉၀၊ ၀၉-၅၁၄၃၈၀၂**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

Forever Three Stars Travels & Tours Co.,Ltd မှ ဦးကျော်ဝင်း [၁၂/ဗဟန(နိုင်)၀၈၄၆၁၈] မန်နေဂျင်းဒါရိုက်တာရာထူးအား နုတ်ထွက်ပြီး ၎င်းရာထူးအား ဦးခင်မောင်[၁၂/လသယ(နိုင်)၁၀၉၀၄၅] မှ မန်နေဂျင်းဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါ၍ ၎င်းအား ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**Forever Three Stars Travels & Tours Co.,Ltd**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဘောဂ(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ်(၅၁၄)ဟုခေါ်တွင်သော အလျား(၆၀)ပေxအနံ(၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မှတ်ပုံတင်စာရင်းအမှတ်(၉၀၉)၊ မြေချနေ့စွဲ(၁၂-၁၂-၂၀၀၁)ဖြင့် ဒေါ်မြမြအောင်[၆/မအရ(နိုင်)၀၁၀၈၂၂]အမည်ပေါက်ပိုင်ဆိုင်သည့် ပါမစ်မြေအမျိုးအစား မြေကွက်ဖြစ်ပါသည်။ အဆိုပါ ပါမစ်မြေကွက်အား အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူ ဒေါ်ခင်မြင့်ကြည် [၁၂/မဂဒ(နိုင်)၀၀၄၆၇၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝဏ္ဏဆွေ [၉/စကတ(နိုင်)၀၀၀၇၁၁]နှင့် ဒေါ်ဖြူသက်မာ[၉/စကတ(နိုင်)၀၆၃၀၆၆]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို (၇-၈-၂၀၂၆) ရက်နေ့တွင် ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြသီတာဦး အထက်တန်းရှေ့နေ (စဉ်-၅၅၈၇၁)**
**အမှတ်(၂၄၄)၊ သုမိတ္တာ(၈)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၂၁၉၁၃၃၁**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ(၂၁)ရပ်ကွက်၊ အောင်သုခလမ်း၊ မြေကွက်အမှတ်(၄၅၁/က)၊ ဦးကြည်လေး(ခ)ဦးမောင်ကြည် အမည်ပေါက်၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ) ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်သီသီခိုင် [၉/ညဥန(နိုင်)၁၁၅၃၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှမင်းအောင် [၁၂/သကတ(နိုင်)၁၃၀၇၄၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးသူရဝင်း (B.A, B.Sc(Hons), DBL(Credit),**
**PGDL, LL.B, LLM (Commercial Law), (WIPO) (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၆၄)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊**
**၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၅၀-၃၇၃၇၀၊ ၀၉-၄၂၁၀၁၈၄၆၅၊ ၀၉-၇၇၇၇၇၉၄၀၉**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာ၊ ARA, Y-10,206, 1BR, (411)Sqft၊ ရှိကွန်ဒိုတိုက်ခန်းနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံသူဖြစ်သော ကွန်ဒိုတိုက်ခန်းစာရင်းတွင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ရတနာခင် [၁၄/ဂခမ(နိုင်)၂၂၉၇၇၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မင်းတိုး [၁၃/တကန(နိုင်)၁၄၃၆၅၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇ ရက်အတွင်း) ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးသူရဝင်း (B.A, B.Sc(Hons), DBL(Credit),**
**PGDL, LLB, LLM (Commercial Law), (WIPO) (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၆၄)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊**
**၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၅၀-၃၇၃၇၀၊ ၀၉-၄၂၁၀၁၈၄၆၅၊ ၀၉-၇၇၇၇၇၉၄၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဌေးကြွယ်ရပ်ကွက်၊ ပုညဝမုနလမ်း၊ အမှတ်(၁၆)ခေါ်တွင်သည့် (၂)ခန်းတွဲ(၇)ထပ်တိုက်အဆောက်အဦ၏ (ဆဋ္ဌမထပ်)(ခြေရင်းဘက်ခြမ်း)၊ တိုက်ရှေ့မှကြည့်ပါက ညာဘက်အခြမ်း ဧရိယာ(၁၅ ပေx၆၀ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် တိုက်ခန်းတွင် စွဲကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအောင်မင်းဦး မှတ်ပုံတင်အမှတ်[၁၂/ဗဟန(နိုင်)၀၆၁၄၇၂] ကိုင်ဆောင်သူမှ (၂၉-၈-၂၀၁၉)ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံသဖြင့် မိမိမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းချငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်အပိုဒ်ပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးခံစားခွင့်၊ ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်မည့်သူကိုယ်တိုင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇေယျ [၁၂/ဗတထ(နိုင်)၀၀၇၂၃၃]**
**ဖုန်း-၀၉-၇၇၆၃၉၁၇၂၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ငထွေရှူးလမ်း၊ မြေကွက်အမှတ်(၁၈/ခ ) ဟုခေါ်တွင်သော ဒေါ်စန်းစန်းအေး (J/RGN-၀၅၅၀၇၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား (၂၀x၆၀)ပေ အကျယ်အဝန်းရှိ အိမ်မြေကို အရောင်းအဝယ်စာချုပ်အဆက်အစပ်စာချုပ်များဖြင့် လက်ရှိထား ပိုင်ဆိုင် အကျိုးခံစားလျက်ရှိသော ဦးသက်နိုင်ဦး [၁၂/ဒဂရ(နိုင်)၀၀၂၀၃၈]မှ မိမိတရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေသကြိန်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၄၄)**
**ဖုန်း-၀၉-၄၂၇၄၁၁၁၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာစီမံကိန်းအတွင်းရှိ City Loft, Building CL7 အခန်းအမှတ် (414)၊ စတုရန်းပေ 484 Sqft၊ 4 floor အခန်းအား အရောင်းအဝယ်ပြုလုပ်ရန်အတွက်အမည်ပေါက်သူ ဦးတင်အောင် [၁၄/ပတန(နိုင်)၀၁၅၅၃၂] ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ထိုတိုက်ခန်းအား အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဦးမျိုးမောင်မောင်အေး**
**[၁၂/ပဇတ(နိုင်)၀၃၂၆၈၆]**
**09-421096932**

## အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ ပိတောက်ရိပ်သာ၊ ပိတောက်လမ်း၊ မြေကွက်အမှတ် (၁၁၇)၊ အကျယ်အဝန်း(၀.၂၆၈)ဧကရှိ ဇေကမ္ဘာကုမ္ပဏီလီမိတက်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်စိုးဝင်း[၁၂/လသန(နိုင်)၀၀၃၆၃၉] ကိုင်ဆောင်သူထံမှ ဦးအောင်နိုင်မြင့်[၉/မနမ(နိုင်)၁၂၂၈၅၅] က (၁၂-၁၂-၂၀၂၅)ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန် တစ်စုံတစ်ရာရှိခဲ့ပါက ယနေ့မှစ၍ (၇)ရက်အတွင်း ဇေကမ္ဘာကုမ္ပဏီလီမိတက်သို့ဖြစ်စေ၊ ကျွန်ုပ်တို့ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့်(LL.B, D.B.L, D.I.L) ဒေါ်မျိုးမျိုးအေး(LL.B, D.I.L, Dip.D.S)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၃၃) အထက်တန်းရှေ့နေ(စဉ်- ၄၃၉၇၈)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်-(၉)၊ ရတနာသိင်္ဂီပတ်လမ်း၊ မြေကွက်အမှတ် (၅၆၅/ခ)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးမောင်မောင်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၂၀ x ၆၀) ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အဆောက်အဦအပါအဝင် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးမောင်မောင် [၁၂/လမန(နိုင်)၀၃၂၉၈၅] မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဌွန်းထူးအောင် [၉/ငဇန(နိုင်)၀၈၀၁၆၀]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဌွန်းထူးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့်(LL.B, D.B.L, D.I.L) ဒေါ်မျိုးမျိုးအေး(LL.B, D.I.L, Dip.D.S)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃) အထက်တန်းရှေ့နေ (စဉ်-၄၃၉၇၈)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ကျန်စစ်သားရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ မြေကွက်အမှတ်(၂၀၉၁/၂၀၉၂) မြေအကျယ်အဝန်း (၅၀x၅၀)ပေ၊ (၀. ၀၅၇)ဧက၊ (၂၅၀၀)စတုရန်းပေရှိသော ဒေါ်ခင်မာဝင်း [၅/မရန(နိုင်)၀၄၈၉၅၉]အမည်ဖြင့် အမှတ်အသားတည်ရှိသည့် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ခင်မာဝင်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်အိနီသော်** | **ဒေါ်ချမ်းမြေ့မွန် (LL.B)** |
| **[၁၂/ဗတထ(နိုင်)၀၃၈၅၄၃]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၁၀)** |

**အမှတ်(၁၅၈၇)၊ ကုမုဒြာလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**PH:09-254295734**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်း ဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ ညောင်ချောင်း ကျေးရွာနေ အ.ထ.က(ရေလဲ)ကျောင်း၊ Grade (8) မှမစုမြတ်ထွေး၏ ဖခင်အမည်မှန်မှာ ဦးတင်နိုင်ဝင်း [၁၄/ဓနဖ(နိုင်)၁၀၁၅၈၄] ဖြစ်ပါကြောင်း။

**ဦးတင်နိုင်ဝင်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(၈ဇ-၁၅)၊ ဦးပိုင်အမှတ်(၇၃) ခဲစင်း၊ ၅၀x၅၁ ကြား၊ ၁၀၈x၁၀၉ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်လွင်ထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၃၅၃၈/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရန်ရှောက်ဝူ၏ (GP ရရှိသူ ဒေါ်ကြူကြူလှိုင်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၅၂၉/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းမွေခမ်း(ခ)အေမွေ [၁၃/နခန(နိုင်)၀၅၆၂၂၁]က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၆၁၁/၂၀၂၆-၂၀၂၇) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခဓ-၂၁)၊ ဦးပိုင်အမှတ်(၂၇)၊ ၆၇x၆၈ ကြား၊ ၁၃၁x၁၃၂ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးဆက် ထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၃၄၁၂/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးစိုင်းအောင်(ခ)မြင့်ရှင်း [၉/ခအဇ(ဧည့်)၀၀၀၁၀၇] က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၁၅၈၂/၂၀၂၆-၂၀၂၇) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်- (၉၈၇)၊ အထူးဇုန် (၂)၊ C-17 (M0 – M1) လမ်း ၊ မြေကွက်အမှတ် – ၁၃၈၊ ၁၃၉ ဟုခေါ်တွင်သော အကျယ်အဝန်း (၁၀)ဧက (၂)ယူနစ်ရှိ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာအုပ်တွင် ဦးကျော်တင် အမည်ပေါက်လျက်ရှိသောမြေနှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးကျင်စိန်(ခ)ကြည်စိန် [၁၂/လသန(နိုင်)၀၀၃၄၁၀၉]နှင့် ဒေါ်ယုယုခိုင်[၇/ကတခ(နိုင်)၀၇၅၀၆၂] ကိုင်ဆောင်သူများမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့်(LL.B, D.B.L, D.I.L) ဒေါ်မျိုးမျိုးအေး(LL.B, D.I.L, Dip.D.S)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃) အထက်တန်းရှေ့နေ (စဉ်- ၄၃၉၇၈)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ ညောင်တုန်းလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ အမှတ်(၃၇)၊ (၈)ထပ်တိုက်အဆောက်အဦရှိ မြေညီထပ်၊ အခန်းအမှတ်(B)၊ (လမ်းမဘက်မှ မျက်နှာမူလျှင်-ယာဘက်ခြမ်း)၊ (အလျား၁၇ပေx အနံ၆၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတို့ကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသော (၁) ဒေါ်မြင့်မြင့်သန်း [၁၂/စခန(နိုင်)၀၂၄၇၂၆]၊ (၂) ဦးအောင်မိုး [၁၂/စခန(နိုင်)၀၅၅၉၈၁]၊ (၃) ဦးစိုးပိုင် [၁၂/စခန(နိုင်)၀၂၅၃၁၇]နှင့် (၄) ဒေါ်ဇင်မာလွင် [၁၀/မလမ(နိုင်)၁၄၇၉၂၃]တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမောင်မောင်သူရ (မြောင်းမြ) LL.B, A.G.T.I (EP), D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**
**အမှတ်-၁၄၇၊ ဒုတိယထပ်၊ လမ်း-၅၀(အထက်)၊**
**၁၀-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၉၅၁၈၄၀၄၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၇/မြို့မအနောက်ရပ်)၊ ဇဝနဒီပရပ်ကွက်ရှိ ဒေါ်တင်အုန်း မှတ်ပုံတင်အမှတ်[၉/ပမန(နိုင်)၀၂၁၈၂၄]၊ အဖအမည် ဦးမုန်းအမည်ပေါက် ပါမစ်မြေကွက်အမှတ်(ပ-၃၀၅၈၈)အမည်ပေါက်(ကွယ်လွန်) ၏ တရားဝင်အမွေခံသမီးများဖြစ်သူ ဒေါ်ဇင်မာမျိုး မှတ်ပုံတင်အမှတ် [၉/ပမန(နိုင်)၁၃၃၇၇၀]၊ ဒေါ်ပပမျိုး[၉/ပမန(နိုင်)၁၃၃၆၀၅]၊ ဒေါ်နိုင်နိုင်မျိုး[၉/ပမန(နိုင်)၁၈၄၁၉၀] အဖအမည် ဦးမျိုးမြင့်ဦးမှ တရားဝင်အမွေခံဖြစ်ကြောင်း၊ တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒေါ်တင်အုန်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၁၇၁)၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဇင်ယော်(၁)လမ်း၊ အမှတ်(၁၇၁)၊ (၀.၀၆၃) ဧက၊ (၄၅ ပေx ၆၁ ပေ) အကျယ်အဝန်းရှိ ဒေါ်ခင်စန်းဝင်း [၁၂/ဗတထ(နိုင်)၀၁၂၀၂၄] + ဦးစိန်ဝင်း [၁၂/ဗတထ(နိုင်)၀၁၂၀၂၅] + ဒေါ်လေးခိုင် [၁၂/ဗတထ(နိုင်)၀၁၂၀၂၆] တို့(၃)ဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော မြေကွက်အမှတ်(၁၇၄)နှင့် ကပ်လျက်အခြမ်း (မြေကွက်အားမျက်နှာမူလျှင်-ဘယ်ဘက်ခြမ်း) (၂၀ ပေx ၆၁ ပေ) အကျယ်အဝန်းရှိ မြေကွက်(ဂရန်မူရင်းခြမ်း) အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်**

အထက်လိပ်စာပါမြေကွက်ကို အမည်ပေါက်သူများထံမှ တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားလက်ရှိပိုင်ဆိုင်လျှက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သင်းသင်းစိုး[၁၂/သဃက(နိုင်)၁၅၅၅၁၂]ထံမှ ဦးအောင်ကျော်မိုး [၉/မရတ(နိုင်)၀၁၁၉၄၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ သံတမန်ရပ်ကွက်၊ ခရေပင်လမ်း၊ အမှတ်(၂၉)ရှိ Magical Word Condo၊ Tower-C၊ Level-5၊ Room-507၊ အကျယ်အဝန်း (၃၉၁.၈၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း၏ အရပ်ရပ်ပိုင်ဆိုင်အကျိုးခံစား ခွင့်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုလာသူ ဦးညဏ်ရှိန်မြင့်[၇/ပတန(နိုင်)၁၀၂၃၉၆]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်နေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်ကိစ္စကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းရည်ဌေး (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၉၄/၂၀၁၃)**
**အမှတ်-၅၃၁/ဘီ၊ မာလာမြိုင်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၃၉၅၅၁၊ ၀၉-၇၉၁၀၁၈၁၁၀**

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး

## ဒေါက်တာ သင်းသင်းဌေး

(ထားဝယ်-ကံပေါက်)

## အသက်(၅၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ရွာနေ (ဦးထူးညွန့်-ဒေါ်သန်းမြင့်)တို့၏သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ရုံလမ်း၊ စည်ပင်အားကစားဝင်း၊ မအူကုန်းအိမ်ရာ၊ တိုက်အမှတ်(A4)၊ အခန်း(၂၀၂)နေ ဒေါ်သင်းသင်းဦး၊ ဦးကျော်ဇေယျ-ဒေါ်သင်းသင်းနု၊ ဦးအောင်ဝင်း-ဒေါ်သင်းသင်းညွန့်တို့၏ ညီမ၊ ဦးသက်ဦး၊ မသင်းသင်းယု(ခ) မဝိသိဋ္ဌညာဏီတို့၏အစ်မ၊ တူ/တူမ ငါးယောက်တို့၏ အဒေါ်သည် ၈-၈-၂၀၂၆ (စနေနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၂၆ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၂၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ဃ/၁၃)ရပ်ကွက်၊ မြောင်းမြလမ်း၊ အမှတ်(၂၄၉/က)ဟုခေါ်တွင်သော မြေကွက်ပေ(၂၀x၆၀)အနက်မှ ခြေရင်းခြမ်းမြေကွက် ပေ(၁၀x၆၀)နှင့် ယင်းမြေပေါ်ရှိ အိမ်အဆောက်အဦ၊ ရေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပါမစ်အမည်ပေါက် ဦးသောင်း (ဘ)ဦးသာကျော် (AC-၀၀၅၇၃၃)ထံက အဆင့်ဆင့်ဝယ်ယူကာ ယခုလက်ရှိတွင် လက်ရောက်ရရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိသည်ဟုဆိုသော ဦးရဲမင်းစိုး[၁၄/ငပတ(နိုင်)၁၅၉၆၂၂]ထံက ကျွန်ုပ်မိတ်ဆွေ ဦးထွန်းမင်း[၁၂/ရပသ(နိုင်)၁၂၃၁၄၂]မှ ဝယ်ယူရန်အတွက် (၇-၈-၂၀၂၆)ရက်နေ့တွင် အိမ်ခြံမြေတန်ဖိုးအနက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေခဲ့ပြီးနောက် အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်စာချုပ်အား (၇-၉-၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ ပြုလုပ်ချုပ်ဆိုကြမည်ဖြစ်ပါသည်။ ထိုသို့ ဝယ်ယူသူ ကျွန်ုပ်မိတ်ဆွေနှင့် ရောင်းချသူ ဦးရဲမင်းစိုးတို့ အရောင်းအဝယ်ပြုလုပ်ကြသည့် အထက်လိပ်စာပါ အိမ်ခြံမြေနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်ရန်ရှိပါက ထိုအိမ်ခြံမြေ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းများမရှိပါက ကျန်ငွေများကို ဆက်လက်ပေးချေ၍ အိမ်ခြံမြေအပြီးသတ်အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်ဇော်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၉၉)**
**အမှတ်-၆၁၁(က)၊ ရတနာသီရိလမ်း၊ ၈ျ/၃၃/၁၀-ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၂၉၈၇၉**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ စံပယ်(၁)လမ်း၊ မြေကွက်အမှတ်(၉၀၈)ဟုခေါ်တွင်သော (၄၀ပေx၆၀ပေ)အကျယ်အဝန်းရှိ ဒေါ်နွယ်နွယ်ခင်(C/RGN ၀၀၈၄၀၄)[၁၂/အစန(နိုင်)၀၁၆၉၃၃]အမည်ပေါက် ပါမစ်မြေကွက်၏ တရားဝင် ခွဲစိတ်ခြင်း မပြုရသေးသော မြေကွက်အမှတ်(၉၀၉)နှင့် ကပ်လျက်ဘက်အခြမ်း(၂၀ပေx၆၀ပေ) အကျယ်အဝန်းရှိ ပါမစ်(မူရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးမာ[၈/ခမန(နိုင်)၁၅၅၆၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လဲ့ကေခိုင်[၁၂/ရကန(နိုင်)၀၇၃၉၀၃]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအချို့ကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှဌေး(LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၉)**

| | |
|---|---|
| **ဒေါ်လဲ့လဲ့ဌေး(LL.B)** | **ဒေါ်လပြည့်ဝတီမိုး(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၆၇၉၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၉၅၇)** |

**အမှတ်(၉၅၄/က)၊ သရေခေတ္တရာလမ်း၊ (၁၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၂၄၀၆၇၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၅)လမ်း၊ အမှတ်(၁၈၅/က) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက် အဆောက်အဦ၏ တတိယထပ်(၄)လွှာ၊ အကျယ်အဝန်း(၁၈x၅၄)ပေရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ကေရီဝင်းဆွေ[၁၂/ဥကတ(နိုင်)၁၆၄၃၂၅]မှ လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ခင်မာ[၄/ပလဝ(နိုင်)၀၀၀၅၇၇၀]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးမော် (စဉ်-၇၆၀၇)** | **ဒေါ်သူသူမင်း (စဉ်-၁၂၉၆၅)** |
| **(LL.B, D.B.L, WIPO)(Switzerland)** | **(LL.B, D.B.L, WIPO)(Switzerland)** |
| **ဒေါ်ခင်မို့မို့ထွန်း (စဉ်-၁၅၉၉၄)** | **ဒေါ်မာလာသန်းမြင့် (စဉ်-၁၈၂၅၅)** |
| **(LL.B,WIPO) (Switzerland)** | **(LL.B, WIPO) (Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**ဒေါ်ချယ်ရီဇော် (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၄၃၉၃)**
**အမှတ်(၄၉)၊ အခန်း(၅+၆) လမ်း၊ ဒုတိယထပ်၊ လမ်း(၄၀)**
**(ကမ်းနားဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၀၇၀၁၈၀၊ ၀၉-၇၉၂၁၁၉၀၃၈**

## ဦးထွန်းအောင်

### အင်ဂျင်နီယာ(ငြိမ်း)

## အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ အမှတ်(၁၃)၊ ကွက်သစ်လမ်းနေ(ဦးသိန်းမောင်-ဒေါ်လှထူး)တို့၏သား၊ ဒေါ်ခင်စန်း၏ ခင်ပွန်း၊ ဦးအောင်လင်း-ဒေါ်ဥမ္မာအောင်၊ (ဦးပြည်စိုး)-ဒေါ်ညိုညိုအောင်၊ ဦးဖြိုးဝေအောင်-ဒေါ်ဇွန်မြင့်ဝင်းတို့၏ ဖခင်၊ မြေး ခုနစ်ယောက်တို့၏ အဘိုးသည် ၉-၈-၂၀၂၆ရက် နံနက် ၁၀ နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၂၆ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည် ဆွမ်းကျွေးမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/A)၊ သစ္စာ(၁)လမ်း၊ မြေကွက်အမှတ်(၁၈)၊ ပါမစ် အမည်ပေါက် ဦးညွန့်လွင်(CF-090774)၊ အလျားxအနံ (၄၀x၆၀)ပေ မြေကွက်အတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသည့် အလျားxအနံ(၂၀x၆၀)ပေရှိ ခေါင်းရင်းဘက်ခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအား စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ရှိသူဖြစ်သော ဒေါ်နန်းအွမ်ဖောင်းဟွမ်[၁၃/ပမန(နိုင်)၀၂၂၁၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွယ်နွယ်ဦး[၁၂/လမန(နိုင်)၀၅၉၉၆၇]က အပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွယ်နွယ်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန်းစန်းတင့် (LL.B, D.B.L, D.I.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၂၈)**
**တိုက်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၈၉၁၆၃၅၅၉၂၊ ၀၉-၄၂၀၄၈၈၀၂၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်-(၆-ခ)၊ ဦးပိုင်အမှတ်(၁၃၈)၊ ၆၉လမ်းမျက်နှာပြု၊ ၃၈x၃၉ လမ်းကြားရှိမြေကွက်အား ဂရန်အမှုတွဲအမှတ်(၁၈၆၂/၁၉၉၁-၉၂) အရ ဒေါ်တင်အောင် မှတ်ပုံတင်အမှတ် [၉/မရမ(နိုင်)၀၇၄၉၀၅]KMG-၀၂၀၄၃၈ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဒေါ်တင်အောင် မှတ်ပုံတင်အမှတ် [၉/မရမ(နိုင်)၀၇၄၉၀၅]KMG-၀၂၀၄၃၈ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၄၆/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၆/ခ)၊ ဟားခါးလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးမူဟာမက်အာမိန်(ဘီတီဂျီ-၂၁၀၄၅၈)၊ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဒေါ်နွယ်နီဦး[၉/မကန(နိုင်)၁၅၇၁၅၈]၊ ဦးကျိန်ရှင်းဝေ[၉/မကန(နိုင်)၁၆၉၆၅၀]တို့မှ (တရားလို)ပြုလုပ်၍ အမည်ပေါက် ဦးမူဟာမက်အာမိန်အား (တရားပြိုင်)ထားကာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်(၂၂/၂၀၂၄)ဖြင့် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီချမှတ်သည့်(၁၁-၁၀-၂၀၂၄)ရက်စွဲပါစီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်(၂၄/၂၀၂၄)(၁၃-၁၁-၂၀၂၄)ရက်စွဲပါအမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရှုံး(ကိုယ်စား)အရောင်းမြေပုံကူးလျှောက်ထားရန် ဒေါ်မြင့်မြင့်ကြည်[၁၂/ ဒပန(နိုင်)၀၂၈၃၄၂]အား ဘီလစ်ခန့်အပ်ထားကြောင်း(၂၀-၁၁-၂၀၂၄)ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၂)ထပ်တိုက် အဆောက်အဦ(၁)လုံးရှိပြီး လူနေထိုင်ခြင်းမရှိပါ။ ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်း ဘီလစ် ဒေါ်မြင့်မြင့်ကြည်မှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဘီလစ်ဒေါ်မြင့်မြင့် ကြည်မှ အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်း(အနောက်)ရပ်ကွက်၊ ရှမ်းစုလမ်းသွယ်၌ တည်ရှိသော အကျယ်အဝန်းပေ(၁၅x၆၀)ရှိ မြို့မြေအမျိုးအစား အိမ်ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ဝယ်ထားရှိကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူများဖြစ်ကြသော ဒေါ်ဌေးဌေးဝင်း[၁၂/ဒပန(နိုင်)၀၅၅၈၈၈]နှင့် ဒေါ်မိုးမိုးအေး[၉/မတရ(နိုင်)၁၃၁၄၆၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မီမီအောင်[၁၂/သကတ(နိုင်)၁၅၀၅၃၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေ၍ အရောင်းအဝယ် စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤအိမ်ခြံမြေ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ကြောင်း တိကျခိုင်လုံသော သက်သေအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းအိမ်ခြံမြေအား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မီမီအောင် ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေးနွေးအိ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၅၂၅)**
**ဖုန်း-၀၉-၂၆၀၄၀၂၀၀၃**

## ဦးကျော်သူ

## အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၃)လမ်း၊ အမှတ်(၄၀၂/က)၊ (၄)လွှာနေ (ဦးအောင်ကို-ဒေါ်မြင့်)တို့၏သား၊ ဒေါ်စပယ်၏ခင်ပွန်း၊ မဝင်းသိင်္ဂီဌေး(ခ)WEN, MEI-QI ၏ ချစ်လှစွာသောဖခင်၊ ဦးအောင်မင်း-ဒေါ်စောယုနွယ်၊ ဦးမျိုးအောင်တို့၏ အစ်ကိုကြီးသည် ၈-၈-၂၀၂၆ (စနေနေ့) ညနေ ၅:၄၅နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၂-၈-၂၀၂၆(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေးဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၂၆ (သောကြာနေ့) နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ ဆက်ကပ်လှူဒါန်းပြီး အမျှအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါ နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ထားစု(ခ)မစု

## အသက်(၅၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်နေ ဦးကျော်အေး-(ဒေါ်သန်းကြင်)တို့၏ ချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာ စံပြကျေးရွာနေ ဦးမြရွှေ-ဒေါ်ခင်ဝင်းတို့၏သမီး၊ (ဦးဟန်ဝင်းဇော်)၏ ညီမ၊ ကိုစံမြတ်ကျော်-မခင်ချောစုတို့၏အစ်မ၊ ဦးမျိုးရွှေ၏ဇနီး၊ မောင်ဖြိုးပြည့်စုံ၊ မောင်ဂျွန်ပြည့်စုံ၊ မစုပြည့်စုံတို့၏ မိခင်၊ တူ/တူမ ခြောက်ယောက်တို့၏ အဒေါ် ဒေါ်ခင်ထားစု(ခ)မစု အသက်(၅၀)နှစ်သည် ၈-၈-၂၀၂၆ (စနေနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၂-၈-၂၀၂၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဝမ်းနည်းစွာဖြင့် မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီ တွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၂၆ (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၈၅)၊ မြကန်သာလမ်း၊ မြေကွက်အမှတ်(၁၆၅၀)၊ ဒေါ်ခင်သန်း (AD-019400)အမည်ပေါက်ပါမစ်မြေ(၄၀x၆၀)ပေထဲမှ (၂၀x၆၀)ပေ အကျယ်အဝန်းရှိမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ထားသော ဒေါ်ခင်မာမြင့်[၁၄/ဖပန(နိုင်)၀၇၅၀၈၄]မှ စာချုပ်စာတမ်းများဖြင့် အရှုပ်အရှင်းကင်းသည့် မိမိပိုင်ပစ္စည်းဖြစ်၍ ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏ မိတ်ဆွေ-ဒေါ်မီမီလွင်[၁၂/သလန(နိုင်)၀၉၂၆၈၁]မှ (၈-၈-၂၀၂၆)ရက်စွဲပါစာချုပ်ဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ(ပါမစ်)မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အားပြီးဆုံးသည်ထိတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြင့်ခိုင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၆၂၂)**
**အမှတ်(၃၆၅)၊သမာဓိ(၂)လမ်း၊ (၃၉/ဘီ)ရပ်ကွက်၊မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ PH: 09-422464007, 09-795598060**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျ(ပတ္တမြား)အိမ်ရာ၊ တိုက်အမှတ်(၁၁)၊ အခန်းအမှတ်(၀၀၁)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးသိန်းအောင် BQ-၀၂၀၄၇၆ ၏ အမွေဆက်ခံပိုင်ခွင့်ရှိသူသား၊ သမီးများထံမှ တစ်ဆင့်ပြန်လည် ဝယ်ယူထားသူ ဒေါ်အေးမြတ်မွန်[၉/နထက(နိုင်)၁၄၄၅၉၈]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၄၂)၊ ၆၇x၆၈ ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးအေးကြူထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၀၃၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရီချင်(ခ)ခင်နှင်းဝေ[၁၃/ဟပတ(နိုင်)၀၀၇၈၆၉]၏ (SP ရရှိသူ ဦးကျော်ထွန်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၆၁၅/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆-A)၊ မြေကွက်အမှတ်(၈)၊ မြေကွက်တည်နေရာအမှတ်-၈၊ အနော်ရထာလမ်း၊ ၁၆-Aရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါက်တာကိုကိုဦး [၁၂/ကတတ(နိုင်)၀၁၈၃၄၇] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဒေါက်တာကိုကိုဦး (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်သိင်္ဂီကျော် [၉/မရတ(နိုင်)၀၀၈၅၃၆]မှ ၎င်းမှလွဲ၍ အခြားသော ဇနီးမယား မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရစ်ခဲ့ခြင်းမရှိပါကြောင်း၊ ၎င်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/တိုးချဲ့)၊ လူနေရပ်ကွက်အမှတ်(၇)၊ ဗိုလ်ရန်ပြေလမ်း၊ မြေကွက်အမှတ်(၄၈၅)၊ ဒေါ်သင်းသင်းကြူ အမည်ပေါက် နှစ်(၆၀)ဂရန် ထွက်ရှိထားသော အကျယ်ပေ(၄၀x၆၀)၊ (၂၄၀၀)စတုရန်းပေရှိ မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (မြေကွက်အမှတ်-၄၈၄နှင့် ကပ်လျက်ဖြစ်သော) အကျယ်ပေ(၂၀x၆၀)၊ (၁၂၀၀)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ/မီးစုံပါ လူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင် ၎င်းမှသာလက်ဝယ်ထားရှိ ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ ဒေါ်သင်းသင်းကြူ[၁၄/ညတန(နိုင်)၁၆၇၁၃၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်စိန်[၄/မတပ(နိုင်)၀၂၅၀၆၇]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၄)**
**အမှတ်(၃၀၇)၊ ဘုရင့်နောင်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၃၆၄၄၅၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ ဇေယျာ(၉)လမ်း၊ မြေကွက်အမှတ်(၃၈၃-ခ) ဟုခေါ်တွင်သော မြေငှားစာချုပ် နှစ်(၆၀)ဂရန်အမည်ပေါက် ဦးအေးနှင့်ဦးကြည်ဝင်း အမည်ပေါက်ထွက်ရှိထားသော အကျယ်အဝန်း (အလျားပေ၂၀ x အနံပေ၆၀)ရှိသည့် မြေကွက်အနက်မှ တရားဝင် မခွဲစိတ်ရသေးသည့် အကျယ်အဝန်း(အလျား ၁၀ပေ x အနံ ၆၀ပေ)ရှိ မြေကွက်(တစ်နည်းအားဖြင့် မြေကွက်အမှတ်-၃၈၃/ကနှင့်ကပ်လျက်ရှိသည့်အခြမ်း)၊ ယင်းမြေကွက်ပေါ်ရှိ သစ်သားအုတ်ညှပ်နှစ်ထပ်အိမ်၊ ရေ၊ မီးအပါအဝင် ယင်းအိမ်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတွင် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုလာသူ ဦးနေအောင်အောင်[၉/မခန(နိုင်)၁၆၁၇၂၉]သည် ရောင်းချရန် အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်နှင့်မြေတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်အေးငြိမ်းထွန်း[၅/မရန(နိုင်)၂၄၃၈၉၃]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သဥ္ဇာဝင်း(LL.B, D.B.L)** | **နော်သီရိသွင်(LL.B, MAR)** | **ဒေါ်ခင်မြတ်နိုင်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၆၃၅၆)** | **အထက်တန်းရှေ့နေ(စဉ်-၄၃၉၄၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၉၆၇)** |

**အမှတ်-စီ/၅၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၆၅၉၂၄၄၊ ၀၉-၉၅၉၀၀၄၉၈၈၊ ၀၉-၄၅၁၂၂၆၃၇၁**

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မြန်မာအမျိုးသမီးလိဂ်တွင် ရောဝတီနှင့် မြဝတီအသင်း နိုင်ပွဲရယူ

ရန်ကုန် ဩဂုတ် ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်က ကြီးမှူး၍ Max Energy ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၂၆ – ၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) ဒုတိယနေ့ကို ဩဂုတ် ၉ ရက်က ဆက်လက်ကျင်းပသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ ဒုတိယနေရာရရန် သေချာခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းမှာမူ ယခုရှုံးပွဲကြောင့် တတိယနေရာမှ ဖယ်ပေးခဲ့ရပြီး ပထမအကျော့အပြီးတွင် အဆင့် ၄ နေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ နှစ်သင်းစလုံး လူစုံအသုံးပြုခဲ့ပြီး မိနစ် ၃၀ တွင် မေထက်လူ၊ ၃၃ မိနစ်တွင် နန်းခိုင်ဇင်မြင့်တို့က ဂိုးများသွင်းယူကာ ပထမပိုင်းအပြီးတွင် ရောဝတီအသင်းက နှစ်ဂိုးပြတ်ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရန်ကြိုးပမ်းခဲ့ပြီး ၄၉ မိနစ်တွင် ရှမ်းယူနိုက်တက်မှ ခိုင်သဇင် ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် ရောဝတီအသင်း တတိယဂိုး ရခဲ့ခြင်းဖြစ်သည်။ စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✢



ရောဝတီတိုက်စစ်မှူး မေထက်လူ ရှမ်းယူနိုက်တက်ဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။

## မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီး၌ နိုင်ဝင်းထွန်း ချန်ပီယံရွှေခါးပတ်ရရှိ

ရန်ကုန် ဩဂုတ် ၉

မြန်မာစီးပွားရေးကော်ပိုရေးရှင်းက အဓိကပံ့ပိုးကူညီပြီး MAI၊ မင်္ဂလာလေကြောင်းလိုင်း၊ A bank၊ Max Cement တို့၏ ပါဝင်ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Arts Group (MMAG) တို့ပူးပေါင်း၍ (၁၁)ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီး(MLWC–11)ကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမြန်မာ့ရိုးရာ လက်ဝှေ့ခန်းမ၌ကျင်းပရာ နိုင်ဝင်းထွန်းက ချန်ပီယံရွှေခါးပတ် ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲ၏ ၅၃ ကီလိုတန်း လေးချီပွဲစဉ်တွင် ဒေါင်းမိုက်သွေး (Nine Lethwei) ၏ လက်သီးထိုးချက်ကြောင့် စောရူဘီ(YMA) ပထမအချီ ၂ မိနစ် ၃၈ စက္ကန့်တွင် အနားတောင်းခဲ့ရသည်။ ထို့နောက် ဒုတိယအချီမှ စတုတ္ထအချီအထိ သူတင်ကိုယ်တင် ဆက်လက်ယှဉ်ပြိုင် ထိုးသတ်ကြသော်လည်း အလူးအလဲဖြင့် ပူးတွဲသရေဖြစ်ခဲ့သည်။

၆၅ ကီလိုတန်း လေးချီပွဲစဉ်ဖြစ်သည့် ကရင်အောင်လံဆုရှင် အောင်ကိုလတ် (Ray) နှင့် စောထိန်လင်း (555 Sports)တို့ ယှဉ်ပြိုင်ရာ တစ်ဦးနှင့်တစ်ဦး အမှားမခံကြဘဲ အချီပြည့်ထိုးသတ်ကြသော်လည်း အလူးအလဲဖြင့်ပူးတွဲသရေသာဖြစ်ခဲ့သည်။

စာမျက်နှာ ၂၅ ကော်လံ ၄ သို့ ✳



ထွန်းမင်းအောင်နှင့် ရာမန်တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

## လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၉

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၁၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ☆

## အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များ ဩဂုတ် ၁၅၊ ၁၆ ရက် ကျင်းပမည်




ရန်ကုန် ဩဂုတ် ၉

၂၀၂၆ အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ဩဂုတ် ၁၅၊ ၁၆ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် ဆီမီးဖိုင်နယ်သို့ အုပ်စု(A)မှ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် စင်ကာပူအသင်း၊ အုပ်စု(B)မှ ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ် တက်ရောက်လာသည့် လေးသင်းအနက် မလေးရှားအသင်းမှလွဲ၍ ကျန်သုံးသင်းမှာ အုပ်စုပွဲများတွင် ရှုံးပွဲမရှိဘဲ တက်ရောက်လာခြင်းဖြစ်သည်။ ထို့ပြင် ထိုင်းအသင်းသည် အုပ်စုပွဲအားလုံး အနိုင်ရကာ တက်ရောက်လာခြင်းဖြစ်ပြီး မလေးရှားအသင်းမှာမူ စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ✧

## ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲ အုပ်စုပွဲတွင် မြန်မာအသင်း ရှုံးပွဲကြုံတွေ့

ရန်ကုန် ဩဂုတ် ၉

(၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲကို ဩဂုတ် ၉ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာပိုက်ကျော်ခြင်းအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✳

### ယနေ့ ဖတ်စရာ

**သီပေါမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နမ့်ပေါ့ချောင်း ကျောက်စီမြေထိန်းနံရံ ပြိုကျပျက်စီးသဖြင့် ရေတိုက်စားမှုဖြစ်ပေါ်သည့် ကျေးရွာများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်**

စာမျက်နှာ » ၁၇

**ရန်ကုန်တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ Diamond Shine စိန်ရွှေရတနာဆိုင်ပိုင်ရှင်အား ပြန်ပေးဆွဲခံရမှုဖြစ်စဉ်နှင့် ပတ်သက်၍ တရားခံများအား ၁၂ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၉